# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ သောကြာနေ့ အတွဲ (၅၇)၊ အမှတ်(၁၈၂)


## ငြိမ်းအေးသောစိတ်ရှိ

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သောဣန္ဒြေ၊ ငြိမ်းအေးသောစိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့်ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**

# အက်ဖ် - ၇ လေယာဉ် မတော်တဆ ထိခိုက်ပျက်စီးမှုကြောင့် ကျဆုံးသွားခဲ့ရသည့်အတွက် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း အားပေးစကားပေးပို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**

စာအမှတ်၊ (၂)/၁/ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်

သို့

ဒေါ်ဝင်းသန္တာ
ဗိုလ်ကြီးဟိန်းသူအောင်၏ ဇနီး

အကြောင်းအရာ။ **မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း အားပေးစကားပေးပို့ခြင်း**

၁။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်နေ့ နံနက်ပိုင်းတွင် မကွေးလေတပ်စခန်းဌာနချုပ်မှ တိုက်လေယာဉ်မှူး ဗိုလ်ကြီး ဟိန်းသူအောင်သည် အက်ဖ် - ၇ လေယာဉ်ဖြင့် လေ့ကျင့်ပျံသန်းနေစဉ် မမျှော်လင့်သော လေယာဉ်မတော်တဆ ထိခိုက်ပျက်စီးမှုကြောင့် ကျဆုံးသွားခဲ့ရကြောင်း ကြားသိရပါသည်။

၂။ ဤကဲ့သို့ မမျှော်လင့်ဘဲ ကျဆုံးခဲ့ရသည့်အတွက် ကျန်ရစ်သူ သမီး မဝင်းသန္တာ တို့ မိသားစုနှင့် ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါကြောင်း မေတ္တာဖြင့် အားပေးစကားပြောကြားလိုက်ပါသည်။

အောင်ဆန်းစုကြည်
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**

စာအမှတ်၊ (၃)/၁/ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်

သို့

ဒေါ်စန္ဒီဖုန်းမြတ်
ဗိုလ်ကြီးဖြိုးမောင်မောင်၏ဇနီး

အကြောင်းအရာ။ **မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း အားပေးစကားပေးပို့ခြင်း**

၁။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်နေ့ နံနက်ပိုင်းတွင် မကွေးလေတပ်စခန်းဌာနချုပ်မှ တိုက်လေယာဉ်မှူး ဗိုလ်ကြီး ဖြိုးမောင်မောင်သည် အက်ဖ်-၇ လေယာဉ်ဖြင့် လေ့ကျင့်ပျံသန်းနေစဉ် မမျှော်လင့်သော လေယာဉ်မတော်တဆ ထိခိုက်ပျက်စီးမှုကြောင့် ကျဆုံးသွားခဲ့ရကြောင်း ကြားသိရပါသည်။

၂။ ဤကဲ့သို့ မမျှော်လင့်ဘဲ ကျဆုံးခဲ့ရသည့်အတွက် ကျန်ရစ်သူ သမီးမစန္ဒီဖုန်းမြတ် တို့ မိသားစုနှင့်ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါကြောင်း မေတ္တာဖြင့် အားပေးစကားပြောကြားလိုက်ပါသည်။

အောင်ဆန်းစုကြည်
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် UEHRD နှစ်ပတ်လည် အခမ်းအနား တက်ရောက်

## UEHRD နဲ့ ပတ်သက်လို့ ရလိုက်တဲ့အဖြေတွေဟာ နောင်မှာ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်ပါတယ်




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်းနှစ်ပတ်လည်အခမ်းအနားတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

နေပြည်တော် အောက်တိုဘာ ၁၈

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) နှစ်ပတ်လည် အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပရာ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ မှာကြားစကားပြောကြားသည်။**

နှစ်ပတ်လည်အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ UEHRD ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် အလှူငွေများလှူဒါန်းခဲ့ကြသည့် အလှူရှင်များ၊ လုပ်ငန်းများ ဆောင်ရွက်နေကြသည့် Task Force များမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

နှစ်ပတ်လည် အခမ်းအနားတွင် UEHRD ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီနေ့ဆိုရင် ရခိုင်ပြည်နယ်

*စာမျက်နှာ ၃ ကော်လံ ၁* ❑


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ယူအီးအိတ်ချ်အာဒီ၏ တစ်နှစ်ခရီး

**UEHRD** သက်တမ်းတစ်နှစ် ပြည့်မြောက်ခဲ့ပြီ။ **UE** သည် **Union Enterprise** ဖြစ်သည်။ ပြည်ထောင်စုစီမံကိန်းဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးတို့အတွက် ပြည်ထောင်စုတစ်ဝန်းလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြသည့် စီမံကိန်းဖြစ်သည်။ ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းတစ်နေရာအတွက် အရေးကြီးချိန်တွင် သွေးစည်းညီညွတ်ကြခြင်းလည်းဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ ကမ္ဘာ့နိုင်ငံအတော်များများက ပြစ်တင်ဝေဖန်စွပ်စွဲမှုများထွက်ပေါ်လာသည့်အပေါ် စကားနှင့် တုံ့ပြန်ချေပခြင်းထက် လက်တွေ့လုပ်ဆောင်ချက်များ၊ တိုးတက်မှုရလဒ်များနှင့် ကမ္ဘာကိုပြသသွားနိုင်ရန် ကြိုးပမ်းအားထုတ်ခြင်းဖြစ်သည့် ပြည်ထောင်စုစီမံကိန်းဖြစ်သည်။

“ကျွန်မတို့နိုင်ငံအခြေအနေကို ကျွန်မတို့ ပြည်သူပြည်သားများလောက် ဘယ်သူကမှ မသိနိုင်သလို ကျွန်မတို့နိုင်ငံ အေးချမ်းသာယာဖွံ့ဖြိုးရေးကို ကျွန်မတို့ ပြည်သူပြည်သားများလောက် ဘယ်သူကမှ မလိုလားနိုင်ပါဘူး။ ဒါကြောင့် ဒီပြဿနာတွေကို ကျွန်မတို့တွေရဲ့ စုပေါင်းအင်အားတွေကို အဓိကထားပြီး ဖြေရှင်းရမှာဖြစ်ပါတယ်”ဟူ၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ပြည်သူသို့တင်ပြချက်၌ ပြောကြားခဲ့ရာ ရခိုင်ပြည်နယ်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြမည့် ပြည်ထောင်စုစီမံကိန်းကြီး၏ အနှစ်သာရကို ထင်ဟပ်ပြောကြားခဲ့ခြင်းဖြစ်သည်ကို တစ်နှစ်တာကာလ ပြည့်မြောက်ခဲ့ချိန်တွင် ပြန်လည်ဖော်ပြလိုပါသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသော အခြေအနေများနှင့် စပ်လျဉ်း၍ ဦးစားပေးအလိုက် လုပ်ငန်းကြီးများကို အကောင်အထည်ဖော်ရာတွင် - (၁)လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက် ပေးအပ်ရေးနှင့် ဒုက္ခသည်များ ပြန်လည်လက်ခံရေး၊ (၂) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊ (၃) ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးဟူ၍ သတ်မှတ်ဆောင်ရွက်ခဲ့သည်။ ငွေအား၊ လူအား၊ အကြံဉာဏ်အားတို့ကို ရယူဆောင်ရွက်ခဲ့ရာတွင် ငွေကြေးအားဖြင့် ကျပ်ထောင်ဂဏန်းမှသည် ဘီလီယံများစွာအထိ စေတနာသဒ္ဓါထက်သန်စွာ လှူဒါန်းပါဝင်ခဲ့ကြသလို လုပ်အားပေးကြရာတွင် အနယ်နယ်အရပ်ရပ်မှ လူငယ်များစွာတို့လည်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ပြန်လည်နေရာချထားရေးစခန်းများ တည်ထောင်ခြင်း၊ လမ်းများဖောက်လုပ်ခြင်း၊ နေအိမ်များ ပြန်လည်တည်ဆောက်ခြင်း၊ သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်း၊ အလုပ်အကိုင်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်း စသည့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**UEHRD** ၏ တစ်နှစ်တာခရီးနှင့် စပ်လျဉ်း၍ “အခု ကျွန်မတို့ တစ်နှစ်လုပ်ကြည့်ခဲ့ပြီးပြီ၊ လုပ်ကြည့်တဲ့အခါမှာ ကျွန်မတို့ အောင်မြင်သင့်တဲ့ဟာတွေလည်း အောင်မြင်တယ်၊ ကျွန်မတို့ မျှော်လင့်သလောက် မြန်မြန်ဆန်ဆန် မဖြစ်မြောက်တာတွေလည်း ရှိပါတယ်။ အဲဒါတွေကိုလည်း ကျွန်မတို့ အရှိအတိုင်းပဲ ရင်ဆိုင်ရမယ်။ ဘာဖြစ်လို့ ကျွန်မတို့တွေ မျှော်လင့်ခဲ့သလို မြန်မြန်ဆန်ဆန် မဖြစ်မြောက်သလဲ၊ ဘယ်မှာအားနည်းချက်ရှိနေသလဲဆိုတာကို ကြည့်ပြီးတော့ ဒီအားနည်းချက်ကို မြင်နိုင်မယ်လို့လည်း ကျွန်မမျှော်လင့်ပါတယ်”ဟူ၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောခဲ့သည်။

ရခိုင်ပြည်နယ်အတွက် ဆောင်ရွက်ဖွယ်တို့မှာ များစွာရှိနေသည်။ အချိန်ကာလများစွာလည်း နောက်ထပ်ဖြတ်သန်းရမည်။ အခက်အခဲအတားအဆီးများ၊ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ကျော်လွှားကြရဦးမည်။ ပြီးခဲ့သည့် တစ်နှစ်တာကာလအတွင်း စိတ်အားတက်ဖွယ်ရာ အောင်မြင်မှုများအပြင် သတိမူဖွယ်၊ သင်ခန်းစာယူဖွယ်များ စသည့် အတွေ့အကြုံများ ရရှိခဲ့ခြင်းသည်ပင် အကျိုးအမြတ်အဖြစ် ယူဆနိုင်သည်။ ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းတစ်ခုအတွက် ကျန်အစိတ်အပိုင်းများက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်း၊ တစ်နည်းအားဖြင့် အရေးကြီး၍ သွေးစည်းခဲ့ကြခြင်းသည်ပင်လျှင် အဖိုးမဖြတ်နိုင်သော ပြည်ထောင်စုစိတ်ဓာတ်အမွေအနှစ်ကို ဖော်ဆောင်နိုင်ခဲ့ခြင်းဟူ၍ မှတ်တမ်းတင်ရမည်ဖြစ်သည်။ ဟူ၍ မှတ်တမ်းတင်နိုင်သည်ဖြစ်ပါကြောင်း။ ။

## မြင်းခြံမြို့ အစိုးရနည်းပညာအထက်တန်းကျောင်း၌ မူးယစ်ဆေးဝါးအန္တရာယ် ဟောပြော

**မြင်းခြံ အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၁) သံမဏိစက်ရုံဝင်းအတွင်းရှိ အစိုးရနည်းပညာအထက်တန်းကျောင်း၌ မှူးခင်း အသိပညာပေးခြင်းကို ယမန်နေ့က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြင်းခြံနယ်မြေရဲစခန်းမှူး ရဲအုပ် ကျော်ဦးက သက်ငယ်မုဒိမ်းမှုဖြစ်ပွားရခြင်း၏ အခြေခံအကြောင်းရင်းများ၊ လူကုန်ကူးခြင်းခံရခြင်း၏ အခြေခံအကြောင်းအရာများနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပွားနိုင်သည့် ဆက်စပ်အကျိုးဆက်များကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ဘိုဘို (မလှိုင်)**




# သီတဂူအဘိဓဇစေတီတော် တည်ဆောက်နေမှု ၃၀ ရာခိုင်နှုန်းပြီးစီး

**စစ်ကိုင်း အောက်တိုဘာ ၁၈**

စစ်ကိုင်းတောင်ရိုး သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီအတွင်း ဉာဏ်တော် ၃၇ ပေအမြင့်ရှိ သီတဂူအဘိဓဇစေတီတော် တည်ထားမှု ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြန်မာမှု ဗိသုကာပညာရှင် တမ္ပဝတီ ဦးဝင်းမောင်က ပြောသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ဆက်ကပ်လှူဒါန်းသော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရက ရရှိခဲ့သည့် အထိမ်းအမှတ်အနေဖြင့် သီတဂူအဘိဓဇစေတီတော် တည်ထားကိုးကွယ်မည်ဖြစ်ကြောင်း သိရသည်။

“အဘိဓဇစေတီတော်ကို ပြီးခဲ့တဲ့တစ်လလောက်က တည်ဆောက်နေပါတယ်။ လက်ရှိ ၃၀ ရာခိုင်နှုန်းလောက် ပြီးစီးနေပါပြီ။ နောက်လာမယ့် တပေါင်းလပြည့်နေ့ သီတဂူဆရာတော်ကြီး မွေးနေ့မင်္ဂလာမရောက်ခင်မှာ အပြီးတည်ဆောက်သွားမှာပါ” ဟု မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီ ဦးဝင်းမောင်က ပြောသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ဆက်ကပ်လှူဒါန်းခဲ့သည့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ရရှိတော်မူပြီးသော ဆရာတော်ကြီး ၁၁ ပါး၏ အဘိဓဇပူဇာအခမ်းအနားကိုလည်း ယခုနှစ် မတ် ၁၃ ရက်က စစ်ကိုင်းတောင်ရိုး သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီရှိ သီတဂူသံဝေဇနိယ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

ထို့အပြင် သီတဂူဆရာတော်ကြီး၏ ဘဝတစ်လျှောက် သာသနာပြုခဲ့သောပုံရိပ်များကို အများပြည်သူ ဖူးမြော်နိုင်ရန်အတွက် သီတဂူအဘိဓဇမော်ကွန်းတိုက် တည်ဆောက်လျက်ရှိရာ လက်ရှိတွင် ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

**ကိုမင်း (အင်းတော်)**

# မဟာမုနိဘုရားကြီး ရင်ပြင်တော်အား စကျင်ကျောက်ပြားများ အသစ်ခင်းမည်

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးမြို့မဟာမုနိဘုရားကြီး ကိန်းဝပ်စံပယ်တော်မူရာ မဟာသုဝဏ္ဏပါသာဒ ပြာသာဒ်တော်ကြီး ထောင့်လေးထောင့်ရှိ ရင်ပြင်တော်လေးရပ်တွင် စကျင်ကျောက်ပြားများဖြင့် အသစ်ပြန်လည်ခင်းရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မဟာမုနိဘုရားကြီးပတ်လည်တွင် သမိုင်းပန်းချီပြခန်း၊ မြန်မာ့ယဉ်ကျေးမှု လက်မှုအနုပညာပစ္စည်းများ ပြခန်း၊ ချိတ်ဆွဲရတနာပြခန်း၊ ခေတ်အဆက်ဆက်ဆင်းတုတော်များပြခန်း၊ စွယ်တော်နှင့် ပြည်ပမှ အလှူပစ္စည်းများပြခန်း၊ ဓမ္မစကြာပြတိုက်၊ ပိဋကတ်တော်များပြတိုက်၊ ခြေတော်ရာပြတိုက်၊ အောင်ကျော်ဒေဝါ၊ အောင်ကျော်ဇေယျာ နတ်မင်းကြီးများနှင့် ကြေးမောင်းကြီးပြခန်း၊ ကြေးရုပ်ကြီးများပြခန်း၊ ကြေးမောင်းကြီးပြခန်းနှင့် ဂြိုဟ်ပြေ နံပြေဘုရားများပြသထားရာ ဝင်ရောက်ကြည့်ရှုလေ့လာသူများပြားသော ပြခန်းများဖြစ်သည်။



ပြာသာဒ်တော်ကြီးနှင့် ပြတိုက်များသို့ ကူးသန်းရာတွင် ယခုလက်ရှိခင်းထားသောစကျင်ကျောက်ပြားများ၊ လွိုင်ကော်ကျောက်ပြားများနှင့် ကြွေပြားများမှာ နေပူချိန်တွင် အပူကိုစုပ်ယူနိုင်မှုနည်းပါး၍ ခြေဗလာဖြင့်သွားရသော ဘုရားဖူးများ အပူဒဏ်ကိုပြင်းထန်စွာခံစားရ၍ အပူဒဏ်သက်သာစေရန် ယခုကဲ့သို့ စကျင်ကျောက်ပြားများဖြင့် ခင်းခြင်းဖြစ်ကြောင်း သိရသည်။

အသစ်ပြန်လည်ခင်းမည့် စကျင်ကျောက်ပြားများမှာ အရည်အသွေးမြင့်စကျင်ကျောက်များဖြစ်ပြီး တစ်ပေပတ်လည်နှင့် အထူတစ်လက်မရှိမည်ဖြစ်သည်။ ခင်းကျင်းရာတွင် သပ်ရပ်သေချာမှုရှိစေရန် အဆင့်မြင့်နည်းပညာသုံး စက်ကြီးများဖြင့် ဖြတ်တောက်ရန်သီးခြားအော်ဒါပေး၍မှာယူထားကြောင်း သိရသည်။ ရင်ပြင်တစ်ခုလုံးအတွင်း ကျောက်ပြား ၄၆၀၀၀ ခန့် အသုံးပြုရမည်ဖြစ်ပြီး ပစ္စည်းဖိုးလက်ခနှင့် အထွေထွေပြုပြင်ခြင်းများအတွက် ငွေကျပ်သိန်းပေါင်း ၄၀၀၀ ခန့်ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

ကျောက်ပြားများခင်းရာတွင် မိုးရွာသွန်းချိန်များတွင် ရင်ပြင်တော်ပေါ်၌ ရေများ တင်ကျန်ရစ်ခြင်း မရှိစေရန် Topography နည်းပညာအသုံးပြုခင်းသွားမည်ဖြစ်ပြီး ရေစွန့်ထုတ်ခြင်းအတွက်လည်း ပညာရှင်များနှင့် တိုင်းတာတွက်ချက်မှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။ ပြာသာဒ်တော်ကြီး၏ အနောက်မြောက်ထောင့်မိုးကောင်းဓမ္မာရုံရှေ့ရှိ ရင်ပြင်တော်ကို ယခုနှစ်သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီးပူဇော်နိုင်ရန် အကြမ်းထည် အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပမြဲဖြစ်သည့် မသိုးသင်္ကန်းရက်ပွဲအမီ အပြီးတည်ဆောက်သွားမည် ဖြစ်သည်။ ကျန်ရင်ပြင်များကိုလည်း အမြန်ဆုံးပြီးစီးရန် လုပ်ငန်းအစီအစဉ်များ ချမှတ်ထားကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

## ကျေးရွာသစ်ငွေတိုက် ထူထောင်ခြင်း သင်တန်းဖွင့်

**ကလော အောက်တိုဘာ ၁၈**

ကလောမြို့နယ် သီခေါင်းကျေးရွာအုပ်စု လက်ပံပင်ကျေးရွာတွင် ဆယ်မာအူးလ်အွန်ဒုန် (ကျေးရွာသစ်ငွေတိုက်) ထူထောင်ခြင်း သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပရာ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဦးကြိုင်က အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဦးထွန်းပေါက ဆယ်မာအူးလ်အွန်ဒုန် ထူထောင်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်ဦးစီးမှူးရုံးမှ SMU တာဝန်ခံများ၊ တောင်ကြီးမြို့နယ်နှင့် ကလောမြို့နယ် ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ကျေးရွာ ၁၀ ရွာမှ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## ရင်ခွင်မဲ့ဘဝ ပြုစုပျိုးထောင်ရေးကော်မတီ ဖွဲ့စည်း

**မိုင်းကိုင် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ်အတွင်း လူငယ်လူရွယ်များ၊ အမျိုးသမီးများဘဝမြှင့်တင်ရေး၊ အမျိုးသမီးအကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး၊ ရင်ခွင်မဲ့ဘဝ ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြို့နယ်အဆင့် ရင်ခွင်မဲ့ဘဝ ပြုစုပျိုးထောင်ရေးကော်မတီ ဖွဲ့စည်းခြင်းအခမ်းအနားကို အောက်တိုဘာ ၁၇ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(လူထုအခြေပြုဗဟိုဌာန)၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းလှိုင်လှိုင်ဦးက ကော်မတီဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြီး ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စုများမှ လူမှုရေးလုပ်ငန်းစိတ်ပါဝင်စားသူများ ပူးပေါင်းပါဝင်ကာ ရင်ခွင့်မဲ့ဘဝ ပြုစုပျိုးထောင်ရေးကော်မတီနှင့် အထောက်အကူပြုကော်မတီဝင်များကို ဖွဲ့စည်းခဲ့ကြကြောင်း သိရသည်။

**နန်းလှိုင်လှိုင်ဦး ( မိုင်းကိုင်)**






နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း နှစ်ပတ်လည်အခမ်းအနားတွင် မှဒီတာစကား ပြောကြားစဉ်။

သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

တည်ငြိမ်အေးချမ်းရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်ထောင်စုတစ်ဝန်းလုံးက ပါဝင်ဆောင်ရွက်ဖို့ ဆုံးဖြတ်လိုက်တဲ့နေ့ တစ်နှစ်ပြည့်ပြီဖြစ်ပါတယ်။ အင်္ဂလိပ်လိုကျတော့ UEHRD ပါ။ ပထမစတာကတော့ ပြည်ထောင်စုဆိုတာနဲ့ စတာပါ။ အဲဒါက အဓိကပါ။ ပြည်ထောင်စုကနေပြီးတော့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ လိုအပ်တဲ့ကိစ္စတွေမှာ ဝိုင်းဝန်းပြီးတော့ ပံ့ပိုးတယ်၊ အရေးကြီးပြီဆိုရင် သွေးစည်းတယ်ဆိုတာကို ပြတဲ့သဘောနဲ့ ကျွန်မတို့ ဒီ UEHRD ကို ထူထောင်ခဲ့တာ ဖြစ်ပါတယ်။

**သဲတစ်ပွင့် အုပ်တစ်ချပ်လုပ်ပေး**

UEHRD ရဲ့အလုပ်ကလည်း အင်မတန်မှ အရေးကြီးပါတယ်။ ရခိုင်ပြည်နယ်တစ်ခုတည်းအတွက်တင်မကပါဘူး။ ကျွန်မတို့ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် အရေးကြီးပါတယ်။ ကျွန်မတို့အားလုံးလည်း အင်မတန်မှ ပင်ပင်ပန်းပန်းနဲ့ လုပ်ရမယ့်ကိစ္စပါ။ UEHRD ကို စတင်ပြီးလုပ်ခဲ့တာ ၁ နှစ်ပြည့်သွားပါပြီ။ တစ်နှစ်ပြည့်သွားတဲ့အခါမှာ ကျွန်မတို့လုပ်နိုင်တဲ့အကြောင်းအရင်းတစ်ခုက ကျွန်မတို့ပြည်သူပြည်သားတွေ ဝိုင်းဝန်းပြီးတော့ ပံ့ပိုးလို့ပါ။ သာမန်ပြည်သူတွေကအစ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေကတော့ ရက်ရက်ရောရောနဲ့ ပေးကြပါတယ်။ ပေးလည်းပေးနိုင်လို့ပေးကြပါတယ်။ ကျွန်မတို့လည်း ကျေးဇူးတင်ပါတယ်။ သာမန်ပြည်သူတွေကလည်း တတ်နိုင်သလောက် ထောင်ဂဏန်းလေး ပေးတာကိုလည်း ကျွန်မတို့ရခဲ့ပါတယ်။ အင်မတန်မှ တန်ဖိုးထားပါတယ်။ တကယ်အဓိကကတော့ စေတနာပါ။ တစ်ယောက်ချင်းတစ်ယောက်ချင်းဟာ ကိုယ့်နိုင်ငံတိုးတက်ရေးအတွက် ကိုယ့်နိုင်ငံရဲ့လိုအပ်ချက်တွေကို ကျတဲ့နေရာကနေ သဲတစ်ပွင့် အုပ်တစ်ချပ်လုပ်ပေးမယ်ဆိုတဲ့ စိတ်ဓာတ်ကို ဒါကိုပြတယ်လို့ ကျွန်မတို့က ယူဆပါတယ်။ အဲဒီတော့ UEHRD ရဲ့စွမ်းဆောင်မှုတွေနဲ့ ပတ်သက်လို့ အသေးစိတ် မပြောတော့ပါဘူး။

ဦးကျော်တင့်ဆွေတို့လို၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့လို ပုဂ္ဂိုလ်များက ပိုပြီးတော့ အသေးစိတ် ပိုပြီးတော့သိပါလိမ့်မယ်။

ကျွန်မပြောချင်တာကတော့ ကျွန်မတို့လုပ်ဖို့ရာတွေ အများကြီးကျန်ပါသေးတယ်။ ပြီးတော့ UEHRD မှာ ဝိုင်းဝန်းပြီးတော့ ရန်ပုံငွေနဲ့ပံ့ပိုးတာက ဒါကပထမအဆင့်။ တကယ်တော့ ဒီငွေနဲ့ လုပ်ရမယ့်လုပ်ငန်းတွေကို ထိရောက်အောင်အကောင်အထည်ဖော်တာက ပိုပြီးတော့ အရေးကြီးပါတယ်။ အဲဒီဘက်မှာလည်း အားလုံးတတ်နိုင်တဲ့ဘက်ကနေပြီးတော့ ကူညီစေချင်ပါတယ်။

**အောင်မြင်မှုရမယ်လို့ ယုံကြည်**

ဆက်ပြီးတော့လုပ်ရမယ့်ကိစ္စတွေကလည်း အများကြီးပါပဲ။ဒီလုပ်ငန်းဟာ လပိုင်းနဲ့ပြီးမယ့် လုပ်ငန်းမဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်မတို့ဟာ အားလုံးအတူတူ လက်တွဲပြီး လုပ်နေတာဖြစ်လို့ စိတ်ဓာတ်ကျစရာမလိုပါဘူး။ စိန်ခေါ်မှုတွေကတော့ အများကြီးရှိမှာပဲ။ ကျွန်မတို့နိုင်ငံရဲ့စီးပွားရေး၊ ဖွံ့ဖြိုးရေးစိန်ခေါ်မှုအမျိုးမျိုးရှိမှာပဲ။ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားဖို့ဆိုတာဟာ အစကောင်းမှ အနှောင်းသေချာဆိုသလို UEHRD ရဲ့အစက အင်မတန်မှ ကောင်းခဲ့ပါတယ်။ ဒီလိုလုပ်ဖို့ လိုအပ်နေပြီ၊ အားလုံးက ဝိုင်းပြီးတော့ ပံ့ပိုးပါ၊ ပံ့ပိုးပေးပါလို့ပြောလိုက်တာနဲ့ နေ့ချင်းညချင်းကို ပံ့ပိုးမှုတွေ ကျွန်မတို့ထင်ထင်ရှားရှား မြင်ခဲ့ရပါတယ်။ ဒီလိုကောင်းတဲ့ အစကနေပြီးတော့ ဖြစ်ပေါ်လာတဲ့ လုပ်ငန်းကြီးဟာ ခရီးတစ်လျှောက်မှာ အထစ်အငေါ့တွေနဲ့ ကြုံတွေ့ရမယ်၊ အခက်အခဲတွေနဲ့ ကြုံတွေ့ရမယ်၊ ဒါကတော့ ဓမ္မတာပါပဲ။ ဒါပေမယ့်လည်း ကျွန်မတို့ နောက်ဆုံးကျတော့ အောင်မြင်မှုရမယ်လို့ ယုံကြည်ပါတယ်။

ဒါကြောင့် ကျွန်မတို့ကိုကူညီပေးခဲ့တဲ့ လုပ်ငန်းရှင်ကြီးများကို ပြည်သူများကနေ ယုံယုံကြည်ကြည်နဲ့ တတ်နိုင်သမျှဝန်းရံပေးကြပါ၊ ဝန်းရံတယ်ဆိုတာ စိတ်ဓာတ်ရေးရာ ဝန်းရံတာတောင်မှ မမြဲပါဘူး။ ဒါပေမယ့် စိတ်ကနေတစ်ဆင့် မနောကံကနေ ဝစီကံ၊ ဝစီကံကနေ ကာယကံအထိ တစ်ဆင့်ချင်းတစ်ဆင့်ချင်းတစ်ဆင့်ချင်း ပိုပိုပြီးပံ့ပိုးပေးမယ်ဆိုရင် ကျွန်မတို့အတွက် တစ်တပ်တစ်အားပါပဲ။ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်စနိုင်ငံတစ်ခုလို့ပဲ ဒီလိုပဲပြောရပါလိမ့်မယ်။ ဖွံ့ဖြိုးတိုးတက်စ နိုင်ငံတစ်ခုအနေနဲ့ ဒီလိုစိန်ခေါ်မှုကြီးကို ရင်ဆိုင်ရတယ်ဆိုတာ နည်းတဲ့အလုပ်မဟုတ်ပါဘူး။ ဒါပေမယ့်လည်း စုပေါင်းစည်းလုံးညီညွတ်မှုအင်အားနဲ့တော့ ရင်ဆိုင်နိုင်မယ်၊ ကျော်လွှားနိုင်မယ်ဆိုတာလည်း အထူးပြောစရာမလိုပါဘူးလို့ ထင်ပါတယ်။

**သဟဇာတဖြစ်ဖို့အတွက် အင်မတန်မှ အရေးကြီး**

ကျွန်မတို့ UEHRD လုပ်နေတဲ့လုပ်ငန်းတွေက အမျိုးမျိုးရှိပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်း အဲဒီလိုလုပ်ငန်းတွေကတော့ ရုပ်ပိုင်းဆိုင်ရာပါ။ ဒါပေမယ့် လူမှုရေးဘက်ကနေပြီးတော့ ကျွန်မတို့ ရခိုင်ပြည်နယ်မှာ ငြိမ်းချမ်းဖို့အတွက်၊ အေးချမ်းဖို့အတွက် အုပ်စုတစ်ခုနဲ့တစ်ခု သဟဇာတဖြစ်ဖို့အတွက် လူမှုရေးလုပ်ငန်းတွေကလည်း အင်မတန်မှ အရေးကြီးပါတယ်။ ဒီလူမှုရေးလုပ်ငန်းတွေအောင်မြင်ဖို့ ပံ့ပိုးတဲ့နေရာမှာ ကျန်းမာရေး၊ ပညာရေး အဲဒီဘက်ကလည်း အရေးကြီးပါတယ်။ အဘက်ဘက်က အရေးကြီးတဲ့အခါကျတော့ တစ်နည်းမဟုတ် တစ်နည်းနဲ့ စေတနာရှိတဲ့လူတွေဟာ ပံ့ပိုးနိုင်မှာပဲ၊ ကူညီနိုင်မှာပဲ။ ကူညီနိုင်တဲ့နည်းတွေဟာ အမျိုးမျိုးရှိပါတယ်။ဒါကြောင့်မို့လို့ ဝိုင်းဝန်းပြီးတော့ ကူညီကြပါ။ ကျွန်မတို့ ကိုယ့်ရဲ့ပြဿနာတွေကို ကိုယ်ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပြီးတော့ ဖြေရှင်းတာဟာ အရေးကြီးဆုံးပဲလို့ထင်ပါတယ်။ ပြဿနာကို ဖြေရှင်းပုံ ဖြေရှင်းနည်း မှန်ဖို့ရာ ဖြေရှင်းပုံဖြေရှင်းနည်းက တစ်ခါတလေလွဲရင် ပြင်လို့ရပါတယ်။

**တစ်နေ့ထက်တစ်နေ့ တိုးတက်လာနိုင်**

ကျွန်မတို့ အခု ရခိုင်ပြည်နယ်မှာ ရင်ဆိုင်နေရတဲ့စိန်ခေါ်မှုတွေကို ကျော်လွှားဖို့ ကျွန်မတို့ပြည်သူတွေအားလုံးကနေပြီးတော့ ငါတို့ရအောင်ကျော်လွှားမယ်ဆိုတဲ့ သန္နိဋ္ဌာန်ချဖို့ရာမှာ ပထမဆုံးအဆင့်ပါပဲ။ ဒါဆန္ဒပါ။ ကျွန်မလည်း ထပ်တလဲလဲ ပြောရပါတယ်။ အောင်မြင်ရေးတရား လေးပါး။ ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်၊ ပညာ ဒီလေးခုနဲ့ ပြည့်စုံရင် ကျွန်မတို့အနေနဲ့ မအောင်မြင်စရာ အကြောင်းမရှိပါဘူး။ ကျွန်မတို့အားလုံး ဆန္ဒရှိလို့ ဒီအခန်းထဲရောက်နေပြီလို့ ဒီလိုပဲ ယူဆပါတယ်။ နောက်ပြီးတော့လည်း ဒီခန်းမထဲမှာ ရောက်နေတဲ့ ပုဂ္ဂိုလ်ကြီးများဟာ အရင်နှစ်ကစပြီးတော့ UEHRD ကို စပြီးလုပ်ငန်းတွေ ဆောင်ရွက်ကတည်းက ပါဝင်လာတဲ့ ပုဂ္ဂိုလ်တွေအများစုက ဝီရိယလည်းရှိတယ်ဆိုတာကို ကျွန်မတို့ ဒီလိုပဲခန့်မှန်းလို့ရပါတယ်။ စိတ်ဓာတ်ကလည်း အပြည့်အဝနဲ့ ဆက်ပြီးတော့ကူညီမယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။ ပညာအမြော်အမြင်ကလည်း လုပ်ရင်းလုပ်ရင်းနဲ့ ပိုမိုပြီးရလာမယ်။ UEHRD နဲ့ပတ်သက်တဲ့ လုပ်ငန်းတွေမှာ ဘယ်လိုအခက်အခဲရှိနိုင်တယ်။ ဘယ်လို ဒီအခက်အခဲတွေကို ပြေလည်အောင် ဖြေရှင်းနိုင်မလဲဆိုတာလည်း လုပ်ရင်းလုပ်ရင်းနဲ့ တစ်နေ့နဲ့တစ်နေ့ ပိုပြီးတော့သိလာတာ ဖြစ်ပါတယ်။ ပညာဆိုတာလည်း အမြဲပဲတစ်ပုံစံတည်းရှိတာ မဟုတ်ပါဘူး။ တစ်နေ့ထက်တစ်နေ့ တိုးတက်လာနိုင်ပါတယ်။ ရင့်ကျက်လာနိုင်ပါတယ်။

**ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီး အဖြေတွေရှာ**

ကျွန်မတို့အားလုံး တစ်နှစ်ပြည့်တဲ့နေ့မှာ ပြန်ပြီးတော့ အရင်နှစ်အတွင်းက ဘာတွေ ကျွန်မတို့ လုပ်ခဲ့ရသလဲ၊ လုပ်ခဲ့တဲ့အထဲမှ ဘယ်တွေမှာ ဟာကွက်တွေရှိခဲ့သလဲ၊ နောက်ပြီး ဒီဟာကွက်တွေကို ကျွန်မတို့ဖြည့်ရမယ်။ ကျွန်မတို့ အားနည်းချက်တွေရှိတယ်ဆိုရင် ဒီအားနည်းချက်တွေကို ဘယ်လိုကျော်လွှားရမလဲ။ ကျွန်မတို့အားသာချက်တွေရှိတယ်ဆိုရင် ဒီအားသာချက်တွေကို သင်ခန်းစာယူပြီးတော့ အင်အားတက်အောင် ကျွန်မတို့ဘယ်လိုလုပ်ရမလဲဆိုတာကို အားလုံးက ဒီကိုရောက်နေတဲ့အချိန်မှာ တစ်ဦးနဲ့တစ်ဦး ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီးတော့ အဖြေတွေရှာနိုင်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်။ ဒီလိုအဖြေရှာတယ်ဆိုတာဟာ အခုကျွန်မတို့ UEHRD နဲ့ ပတ်သက်လို့ ရလိုက်တဲ့အဖြေတွေဟာ နောင်မှာ ကျွန်မတို့နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်မတန်မှ အထောက်အကူပြုလိမ့်မယ်လို့ ကျွန်မတကယ်ကိုပဲ ယုံကြည်ပါတယ်။ ဒါဟာ ကျွန်မတို့အတွက် သင်ခန်းစာတွေတင်မကဘူး၊ လေ့ကျင့်ပေးလိုက်တဲ့သဘောမျိုးလည်းဖြစ်ပါတယ်။ အလုပ်တစ်ခုက လုပ်ကြည့်မှ ဘယ်လိုလုပ်ရမလဲဆိုတာကို နားလည်လာတာ။ တကယ်လုပ်ကြည့်မှ တကယ်အောင်မြင်နိုင်လား၊ မအောင်မြင်နိုင်လားဆိုတာကို ကျွန်မတို့ သိမှာဖြစ်ပါတယ်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း နှစ်ပတ်လည်အခမ်းအနားတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

သတင်းစဉ်

အခုကျွန်မတို့ တစ်နှစ်လုပ်ကြည့်ခဲ့ပြီးပြီ။ လုပ်ကြည့်တဲ့အခါမှာ ကျွန်မတို့ အောင်မြင်သင့်တဲ့ဟာတွေလည်း အောင်မြင်တယ်၊ ကျွန်မတို့ မျှော်လင့်သလောက် မြန်မြန်ဆန်ဆန်မဖြစ်မြောက်တာတွေလည်းရှိပါတယ်။ အဲဒါတွေကိုလည်း ကျွန်မတို့အရှိအတိုင်းပဲ ရင်ဆိုင်ရမယ်။ ဘာဖြစ်လို့ကျွန်မတို့တွေ မျှော်လင့်ခဲ့သလို မြန်မြန်ဆန်ဆန်မဖြစ်မြောက်သလဲ။ ဘယ်မှာအားနည်းချက်ရှိနေသလဲဆိုတာကို ကြည့်ပြီးတော့ ဒီအားနည်းချက်ကို ပြင်နိုင်မယ်လို့လည်း ကျွန်မမျှော်လင့်ပါတယ်။

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း နှစ်ပတ်လည်အခမ်းအနားတွင် **Task Force** အဖွဲ့ခေါင်းဆောင်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဒေါက်တာအောင်ထွန်းသက်၊ ဒေါက်တာဝင်းမြတ်အေး၊ အားလုံးအရှေ့မှာထိုင်နေတဲ့ အစိုးရအဖွဲ့ဝင်တွေက တော်တော်ကို ရခိုင်ပြည်နယ်ရဲ့စိန်ခေါ်မှုတွေနဲ့ပတ်သက်လို့ သိနေတဲ့ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ တချို့ဆိုရင် ဒေါက်တာဝင်းမြတ်အေးဆိုရင် ရခိုင်ကို ဘယ်နှခါရောက်မှန်းတောင် ကျွန်မတောင်မှ သိပ်မရေတွက်နိုင်တော့ဘူး။ အခေါက်ခေါက်အခါခါ သွားပြီးတော့ တတ်နိုင်တဲ့ဘက်က လုပ်ပေးတဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိပါတယ်။ အများကြီးဆိုတာ ဝန်ကြီးတွေကို သတိပြုပေမယ့်လည်း ဝန်ကြီးမဟုတ်လို့ သတိမပြုတဲ့ ဝန်ထမ်းငယ်တွေလည်း အများကြီးရှိပါတယ်။ အဲဒီဝန်ထမ်းတွေနဲ့ တခြားပြည်သူပြည်သားတွေကို ဒီနေရာကနေ ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။

**မလွဲမသွေလိုချင်တဲ့ပန်းတိုင်ကို ရောက်လိမ့်မယ်**

ဝန်ထမ်းကောင်းများရှိတဲ့ နိုင်ငံဟာ အင်မတန်မှ ကံကောင်းတဲ့နိုင်ငံ ဖြစ်ပါတယ်။ ဝန်ကြီးတစ်ယောက်က ဝန်ကြီးရဲ့အလုပ်ကို ကျေကျေပွန်ပွန်ထမ်းဆောင်ဖို့ဆိုတာ ဝန်ထမ်းကောင်းတွေလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ အခုဒီမှာ ကြုံတုန်းမှာ NRPC က ဝန်ထမ်းတွေကိုလည်း ကျေးဇူးတင်ပါတယ်။ NRPC ဆိုတာလည်း အင်မတန်မှနုနယ်တဲ့ အစိုးရဌာနတစ်ခုပါ။ နုနယ်တဲ့ အစိုးရဌာနဆိုပေမယ့် ပီပီပြင်ပြင်ထိထိရောက်ရောက် တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နိုင်တယ်ဆိုတာ ဦးကျော်တင့်ဆွေကတော့ အမြဲပြောနေတာပဲ။ မှန်ပါလိမ့်မယ်လို့ ထင်ပါတယ်။ အားလုံးကနေပြီးတော့ ဂုဏ်ယူနိုင်ပါတယ်။ ကျွန်မတို့အတွက်လည်း အားတက်စရာဖြစ်ပါတယ်။ ဒီစိတ်ဓာတ်တွေနဲ့ ဆက်ပြီးတော့သွားရင် မလွဲမသွေ လိုချင်တဲ့ပန်းတိုင်ကို ရောက်လိမ့်မယ်လို့ ကျွန်မပြောနိုင်ပါတယ်။

**နိုင်ငံအတွက်အထောက်အကူဖြစ်**

တိုင်းနှင့်ပြည်နယ်က ဝန်ကြီးချုပ်တွေရောက်နေတဲ့အချိန်မှာလည်း တိုင်းနှင့်ပြည်နယ်တွေက ကူညီပံ့ပိုးမှုတွေကိုလည်း အများကြီးကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ ဒီ UEHRD နဲ့ပတ်သက်လို့ သဘောအကျဆုံးကိစ္စတစ်ခုကတော့ လူငယ်တွေ ပါဝင်တဲ့ကိစ္စပါ။ ကျွန်မတို့ဘက်က လူငယ်တွေပါဝင်တယ်။ ပါဝင်ပြီးတော့ လူမှုရေးအရ စိန်ခေါ်မှုတွေကို ကျော်လွှားဖို့ကို လူငယ်တွေက ဦးဆောင်ပြီးတော့ လုပ်ပေးတာဟာ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်ကြီးပါတယ်။ ဒီမှာ အခု သံတမန်တွေလည်း ရောက်နေတဲ့အချိန်မှာ ကျွန်မအနေနဲ့ ICRC ကို ကျေးဇူးတင်တယ်ဆိုတာလည်း ပြောချင်ပါတယ်။ ICRC ရဲ့ဆောင်ရွက်ချက်တွေဟာလည်း ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှ အထောက်အကူဖြစ်ပါတယ်။ ကျွန်မတို့ ရခိုင်ပြည်နယ်မှာ ကြိုးစားမှုတွေဟာ ICRC မပါဝင်ခဲ့ရင် ဒီလောက်ထိရောက်မှာမဟုတ်ပါဘူး။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း လက်တွဲပြီးတော့ ဆောင်ရွက်ပေးသမျှကို တန်ဖိုးထားပါတယ်။ ကျွန်မတို့ရဲ့လူငယ်တွေကလည်း အားလုံးဝန်းရံပြီးတော့ လုပ်ပေးတာကိုတော့ ကျွန်မတို့ရဲ့နိုင်ငံအတွက် နောင်ခေတ်အဆက်ဆက် အားကိုးရမယ့်အင်အားစုလို့ မြင်တဲ့အတွက်လည်း အထူးကျေးဇူးတင်ပါတယ်ဟု မိန့်ခွန်း... 

ထို့နောက် UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်က UEHRD ၏ တစ်နှစ်တာလုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းဆောင်ရွက်ချက်များကို Video Clip ဖြင့်ရှင်းလင်းပြသသည်။

**❒ ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေး၊ ဖွံ့ဖြိုးရေးစိန်ခေါ်မှုအမျိုးမျိုးရှိမှာပဲ။ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားဖို့ဆိုတာဟာ အစကောင်းမှ အနှောင်းသေချာဆိုသလို UEHRD ရဲ့အစက အင်မတန်မှ ကောင်းခဲ့ပါတယ်။ ဒီလိုလုပ်ဖို့ လိုအပ်နေပြီ၊ အားလုံးက ဝိုင်းပြီးတော့ပံ့ပိုးပါ၊ ပံ့ပိုးပေးပါလို့ပြောလိုက်တာနဲ့ နေ့ချင်းညချင်းကို ပံ့ပိုးမှုတွေ ကျွန်မတို့ထင်ထင်ရှားရှား မြင်ခဲ့ရပါတယ်။**

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့်လည်းကောင်း၊ သံအမတ်ကြီးများ၊ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ UEHRD အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည့် အလှူရှင်များနှင့် လည်းကောင်း၊ Task Force အဖွဲ့ ခေါင်းဆောင်များနှင့်လည်းကောင်း သီးခြားစီ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေး စီမံကိန်း(UEHRD) အနေဖြင့် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းအဖွဲ့၊ စီးပွားရေးဇုန်များ ဖွံ့ဖြိုးရေးအဖွဲ့၊ သတင်းနှင့်ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ အလုပ်အကိုင်ဖန်တီးရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ စီစဉ်ဖွင့်လှစ်ရေးလုပ်ငန်းအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအဖွဲ့၊ အသေးစားငွေကြေးထောက်ပံ့မှု လုပ်ငန်းအဖွဲ့၊ ဘဏ္ဍာငွေစုဆောင်းရေးအဖွဲ့၊ ခရီးသွားကဏ္ဍမြှင့်တင်ရေး လုပ်ငန်းအဖွဲ့နှင့် နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းအဖွဲ့တို့ဖြင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်နေရာချထားရေးစခန်းများ တည်ဆောက်ခြင်း၊ လမ်းများဖောက်လုပ်ခြင်း၊ နေအိမ်များပြန်လည်တည်ဆောက်ခြင်းနှင့် ဒေသခံပြည်သူများအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း၊ အလုပ်အကိုင်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်းတို့အပြင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၏ Chief Executive နှင့် တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၈**

(၂၃)ကြိမ်မြောက် မကာအိုအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပြပွဲသို့ တက်ရောက်ရန် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၌ ခေတ္တရောက်ရှိနေသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၏ Chief Executive ဖြစ်သူ Mrs. Carrie Lam Cheng Yuet-ngor နှင့် အောက်တိုဘာ ၁၆ ရက်တွင် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၌ တွေ့ဆုံခဲ့သည်။

**ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များဆွေးနွေး**

အဆိုပါ တွေ့ဆုံမှုတွင် မြန်မာနိုင်ငံနှင့် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းများမြှင့်တင်ရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု၊ အခြေခံအဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲမှု၊ အသက်မွေးပညာဆိုင်ရာ ကဏ္ဍများနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ဒုတိယအတွင်းဝန်/ဒုတိယကောင်စစ်ဝန်နှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ဒုတိယအတွင်းဝန်/ ဒုတိယကောင်စစ်ဝန် Ms. Sarah Grebowski နှင့် ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-5) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား ရင်းနှီးချစ်ကြည်ရေး ပိုမိုခိုင်မာစေရန် လွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေး၊ အမေရိကန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိလာရေးအတွက် မီဒီယာများ၏ အခန်းကဏ္ဍ၊ အမေရိကန်နိုင်ငံသို့ ပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေးအတွက် နှစ်နိုင်ငံ လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်ရေးနှင့် အမေရိကန်နိုင်ငံမှ အာဆီယံနိုင်ငံများအပေါ် ထားရှိသော မျက်မှောက်မူဝါဒရေးရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

## မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံသံအမတ်ကြီး H.E. Ms. Riikka Laatu အား ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ဖင်လန်-မြန်မာ နှစ်နိုင်ငံလွှတ်တော် အချင်းချင်းချစ်ကြည်ရင်းနှီးမှု ဆောင်ရွက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သစ်တောရေးရာကဏ္ဍများ၊ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် နည်းပညာနှင့် အခြားအထောက်အပံ့များ ကူညီဆောင်ရွက်ပေးရေး၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဖင်လန်နိုင်ငံသံအမတ်ကြီး H. E. Ms. Riikka Laatu အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ



**ရန်ကုန် အောက်တိုဘာ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်/တရားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Air Chief Marshal Prajin Juntong နှင့် တွေ့ဆုံကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ တရားဥပဒေစိုးမိုးရေး၊ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး၊ သတင်းဖလှယ်ရေး၊ အပြန်အလှန် လေ့လာရေးခရီးစေလွှတ်ရေး၊ နယ်စပ်ဆက်ဆံရေးရုံးများအကြား လျင်မြန်စွာ ဆက်သွယ်ဆက်ဆံနိုင်ရေး ကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ (ဓါတ်ပုံ)

**ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆွေးနွေး**

ဝန်ကြီးအဆင့် တွေ့ဆုံဆွေးနွေးမှုအပြီးတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်နှင့် ထိုင်းနိုင်ငံ၊ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (NCB)၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Niyom Termsrisuk ဦးဆောင်သည့် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များက NCB ရုံးတွင် သီးခြားတွေ့ဆုံကာ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး၊ မြန်မာ-ထိုင်း နယ်စပ်ဒေသ မူးယစ်ဆေးဝါးတိုက်ဖျက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ Minister Counsellor Mr. Thanwa Phudphong နှင့်အတူ ယနေ့ ညနေပိုင်းတွင် ထိုင်းနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပညာရေးဝန်ကြီးဌာနသို့ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်(အခြေခံပညာမူလတန်း) ဆရာကိုင်စာအုပ်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ကျောင်းသား ကျောင်းသူများ၏ "ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေးအစီအစဉ် (အခြေခံပညာမူလတန်း)" ဆရာကိုင်စာအုပ်အား ပုံနှိပ်ပြီး ယခုပညာသင်နှစ်အမီ အချိန်မီဖြန့်ဝေ သင်ကြားပေးနိုင်ရန်အတွက် စာအုပ်ရေ ၄၀၀၀၀ အား ကော်မရှင်မှ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်ကို အခြားတိုင်းပြည်ကဲ့သို့ နည်းလမ်း (၃)သွယ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နည်းလမ်း (၃) သွယ်ရှိ ပထမနည်းလမ်းမှာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းဖြစ်ပြီး ဒုတိယနည်းလမ်းသည် တားဆီးကာကွယ်ရေးအပိုင်းဖြစ်ကြောင်း၊ တတိယအပိုင်းမှာ အသိပညာပေးခြင်းနည်းလမ်းဖြစ်ပါကြောင်း၊ နည်းလမ်း(၃)သွယ်လုံးကို တစ်ပြိုင်တည်းဆောင်ရွက်ခြင်းဖြစ်ပြီး အသိပညာပေးခြင်းလုပ်ငန်းသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်ထဲတွင် အရေးအကြီးဆုံးလုပ်ငန်း၊ အထိရောက်ဆုံးလုပ်ငန်း၊ အလျင်မြန်ဆုံးလုပ်ငန်း၊ နစ်နာမှုအနည်းဆုံးလုပ်ငန်းနှင့် လူများကို ကိုယ်ကျင့်တရားနှင့် ပြည့်စုံရန်ပြုပြင်ပေးသည့် လုပ်ငန်းဖြစ်ပါကြောင်း၊




ထိုလုပ်ငန်းစဉ်သည် တာရှည်၊ နှစ်ပေါင်းများစွာ ခိုင်ခံ့မည်ဖြစ်ပါကြောင်း။

"ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်" ဆရာကိုင်စာအုပ်သည် အဓိကအားဖြင့် မူလတန်းကလေးသူငယ်များအတွက်ဖြစ်၍ အရေးကြီးသည့် အချက်(၂) ချက်အား ဖော်ပြထားခြင်းဖြစ်ကြောင်း၊ အမှန်တရားကို လက်ခံရန်၊ အမှန်တရားကို မြတ်နိုးရန်နှင့် ဝန်ခံတတ်ရန်၊ တာဝန်ယူတတ်ရန်ဖြစ်ပါကြောင်း၊ အခြေခံအဆင့်မှစ၍ ရှေ့အဆင့်ဆင့်အထိ ယခုထက်ပိုပြီး မြင့်မားသည့် အသိပညာပေးရေးလုပ်ငန်းစဉ်များ ပြုစုတင်ပြသွားရန်ရှိပါကြောင်း၊ အဆိုပါစာအုပ်ဖြစ်မြောက်ရေးအတွက် အားလုံးပါဝင်ခဲ့ကြသည့် ပညာရေးဝန်ကြီးဌာန အပါအဝင် အခြားအဖွဲ့အစည်းများ၊ အထူးသဖြင့် UNODC ၊ အဖွဲ့အစည်းအသီးသီးမှ ပါဝင်ခဲ့ကြသည့် ပုဂ္ဂိုလ်အားလုံး ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အတွက် "အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး ယန္တရားတစ်ရပ်" အနေဖြင့် ပထမဆုံးထုတ်ပြန်သည့် စာအုပ်တစ်အုပ်ဖြစ်သည့်အတွက် အကျိုးသက်ရောက်မှုနှင့် သမိုင်းဝင်မှုမှာ သိသာထင်ရှားသည့် စာအုပ်တစ်အုပ်ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ "ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်စာအုပ်" အား ပြုစုနိုင်ရေးနှင့် အသိပညာပေးအစီအစဉ်အတွက် မူလတန်းပညာရေးမှစတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လိုပါကြောင်း အဆိုပြုလာပါသဖြင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဝမ်းမြောက်ဝမ်းသာစွာ ပူးပေါင်းကူညီဆောင်ရွက်လိုပါကြောင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လုပ်ဆောင်ရမည့်ကိစ္စလည်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများ တစ်ကိုယ်ရေသန့်ရှင်းရေးအပိုင်းတွင်လည်း ကိုယ်ကိုယ်တိုင် တားဆီးကာကွယ်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်ထားပါကြောင်း၊ ပညာရေးလုပ်ငန်းတွင် ဆရာ ဆရာမများသည် ကျောင်းသူ ကျောင်းသားများ အသိပညာဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်ကျင့်သိက္ခာမြင့်မားရေးကို လက်တွေ့ကျကျ ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ ကော်မရှင်မှ လွှဲပြောင်းပေးအပ်သည့် ဆရာကိုင်စာအုပ် ၄၀၀၀၀ အား ပညာရေးနှီးနှောဖလှယ်ပွဲတွင် ဖြန့်ဝေသွားမည်ဖြစ်ကြောင်း၊ "ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေးအစီအစဉ်" ကို အားလုံးက ဝိုင်းဝန်းပြီး ပူးပေါင်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စု ဝန်ကြီးများ၊ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းကွင်းဆင်း၍ နေ့ချင်းပြီးဆောင်ရွက်ပေး

**လယ်ဝေး အောက်တိုဘာ ၁၈**

နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လယ်ဝေးမြို့နယ်အတွင်း ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များသက်တမ်းတိုးခြင်းကို အောက်တိုဘာ ၁၅ ရက်က အ.လ.က (အင်ဘု)၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း လာရောက်ကြည့်ရှုအားပေးသည်။

လယ်ဝေးမြို့ သဲကောကြီးကျေးရွာမှ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးရန် လာရောက်သူ မသီရိက "ဒီလိုကွင်းဆင်းပြီး တစ်ရက်တည်းနဲ့ အပြီးဆောင်ရွက်ပေးလို့ ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ဒေသခံတွေအတွက် အချိန်ကုန်သက်သာပြီး အလွန်အဆင်ပြေပါတယ်"ဟု ပြောသည်။ နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးအေးကိုကိုနှင့်အဖွဲ့သည် အောက်တိုဘာ ၁၅ ရက်က ယာဉ်လိုင်စင် ၁၈၅ စီး၊ ယာဉ်မောင်းလိုင်စင် ၇၆ ဦးတို့ သက်တမ်းတိုးခြင်းကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

## မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

### ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီး H. E. Ms. Riikka Laatu အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ မြန်မာ-ဖင်လန် နှစ်နိုင်ငံပညာရေး၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီး H. E. Ms. Riikka Laatu အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အား နယူးဇီလန်နိုင်ငံ Dr.Trevor Geddes အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၈**

မသန်စွမ်းကလေးငယ်များ အသုံးပြုနိုင်ရေးအတွက် Move-ahead Software နှင့် ပတ်သက်၍ နယူးဇီလန်နိုင်ငံ Dr.Trevor Geddes အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး မေခလာခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အား လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မသန်စွမ်းကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက ဆောင်ရွက်နေမှုများ၊ မသန်စွမ်းကလေးသူငယ်များ အမြင့်မားဆုံးဖွံ့ဖြိုးမှုရရှိရေး၊ လူတိုင်းအကျုံးဝင် ပညာသင်ကြားခွင့်ရရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ မသန်စွမ်းကလေးသူငယ်များသည် အခြားကလေးသူငယ်များကဲ့သို့ အမြင့်မားဆုံးဖွံ့ဖြိုးမှုရရှိရေးအတွက် အရေးကြီးသောဆောလျင်စွာ ဆန်းစစ်သက်မှတ်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ပေးသည့်အစီအစဉ်များ ဆောင်ရွက်ရန် ကြိုးပမ်းနေမှုများကို ရှင်းလင်းပြောကြားသည်။

အထူးလိုအပ်ချက်ရှိသည့် ကလေးသူငယ်များအတွက် ဘာသာစကားသင်ယူခြင်းတွင် ၎င်းတို့၏ မိဘများနှင့် ကလေးပြုစုရေးဌာနက ဆရာ ဆရာမများအား Computer Software များဖြင့် မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာအသုံးပြု၍ ကလေးသူငယ်များအား လေ့ကျင့်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်းစာအုပ်မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်း(Myanmar Investment Promotion Plan-MIPP) စာအုပ်မိတ်ဆက်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ Sedona Hotel ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် ဦးအေးလွင်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA-မြန်မာရုံး) အကြီးတန်းကိုယ်စားလှယ် Mr. Masayuki Karasawa တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ JICA Project on Enhancement of Investment Promotion and Export Development မှ အဖွဲ့ခေါင်းဆောင် Mr. Kazuo Mishima က "From FDIPP to MIPP-Necessity of Myanmar's investment climate reform" နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်းစာအုပ်တွင် အခန်း(၁)၌ နောက်ခံ အချက်အလက်၊ အခန်း (၂)၌ MIPP ၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ၊ အခန်း (၃)၌ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေများကို အကဲဖြတ်ခြင်း၊ အခန်း(၄)၌ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အခင်းအကျင်းများ၊ အခန်း (၅)၌ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် မဟာဗျူဟာများ၊ အခန်း (၆)၌ MIPP အဖွဲ့အစည်း အကောင်အထည်ဖော်ခြင်း တို့ကိုကဏ္ဍအလိုက် အသေးစိတ်ဖော်ပြထားကြောင်း သိရသည်။

**သတင်းစဉ်**




# ကလောမြို့နယ်အတွင်းရှိ ရှမ်းရိုးမဆင်စခန်း ပြန်လည်ဖွင့်လှစ်

**ကလော အောက်တိုဘာ ၁၈**

မြန်မာ့သစ်လုပ်ငန်း၏ ခရီးသွားအခြေခံလုပ်ငန်း (ECBT) ဆင်စခန်းများအနက် ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် နန်းပန်တက်ကျေးရွာအနီးရှိ ရှမ်းရိုးမ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းကို ဖွင့်လှစ်ခဲ့ပြီဖြစ်ရာ ခရီးသွားပြည်သူများအနေဖြင့် လာရောက်အပန်းဖြေနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှမ်းရိုးမဆင်စခန်းသည် မိတ္ထီလာ-တောင်ကြီး ကားလမ်း မိုင်တိုင်အမှတ် ၅၃/၄ မှ ကလောမြို့နယ် နန်းပန်တက်ကျေးရွာအနီးတွင်တည်ရှိပြီး အရှေ့ဘက်သို့ ၄ ဖာလုံခန့်တွင် အဝင်လမ်းကို ခရီးသွားပြည်သူများ သွားလာမှုလွယ်ကူစေရေးအတွက် ရှမ်းပြည်နယ်အစိုးရအစီအစဉ်ဖြင့် ပြင်ဆင်ဖောက်လုပ်ရန် စီစဉ်လျက်ရှိပြီး ၎င်းလမ်းပိုင်း ပြင်ဆင်ဖောက်လုပ်ပြီးစီးပါက ဆင်စခန်းသို့ လာရောက်လည်ပတ်မှုများ ပိုမိုလွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆင်စခန်းကို စက်တင်ဘာ ၂၄ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိအခြေအနေတွင် ဆင်စခန်းမှ အထက်ဘက် နှစ်မိုင်ခန့်အကွာ Upper Shan Yoma နေရာရှိ ရေတံခွန်များသို့ သွားရောက်လည်ပတ်နိုင်ကြောင်း၊ ရှမ်းရိုးမဆင်ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းကို လာရောက်လည်ပတ်အပန်းဖြေသည့် မိဘပြည်သူများအနေဖြင့် ဝင်ကြေး တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၊ အပန်းဖြေဆင်စီးခ မိနစ် ၂၀ ခန့်ကို ငွေကျပ် ၃၀၀၀၊ ဆင်များကို အစာများကျွေးခြင်း၊ ဆင်ရေချိုးပေးခြင်းကိုကြည့်ခြင်း၊ ရေတံခွန်လည်ပတ်နိုင်ခြင်း၊ မိသားစုများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်းတို့ ပြုလုပ်နိုင်ကြောင်း ကလောမြို့ ရှမ်းရိုးမဆင်ထိန်းသိမ်းရေးစခန်း လက်ထောက်မန်နေဂျာ(တာဝန်ခံ) ဦးဝေလှိုင်ထံမှ သိရသည်။

**ကျော်ဝင်း(မြန်/ဆက်)**

## မြန်မာကျပ်ငွေ တန်ဖိုးကျဆင်းမှု

- မြန်မာကျပ်ငွေတန်ဖိုးကျဆင်းခဲ့ခြင်းကို လေ့လာကြည့်လျှင် ပြင်ပသက်ရောက်မှုက စတင်ခဲ့သော်လည်း ပြည်တွင်းအခြေအနေတွင် စီးပွားရေးအခြေအနေမညီမျှမှုပြဿနာများနှင့် စီးပွားရေးနှင့်ပတ်သက်သည့် အခြေခံအားနည်းချက် **(Weak Economic Fundamentals)** များ ရှိနေသည်ဟု ဆိုနိုင်ပါသည်။ ကုန်သွယ်မှုကို ပြန်ကြည့်လျှင် ပြီးခဲ့သည့် နှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ကုန်သွယ်မှုလိုငွေသည် အမေရိကန်ဒေါ်လာ (၃.၈) ဘီလီယံရှိခဲ့ပြီး ထိုတန်ဖိုးသည် လျော့နည်းသွားသည့် ပမာဏဖြစ်ပါသည်။
- ထိုကာလမတိုင်မီ(၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်)က ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ (၅.၂) ဘီလီယံနှင့် (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်)က ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ(၅.၄) ဘီလီယံခန့်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုတန်ဖိုးများကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငွေတန်ဖိုးအပေါ် ဖိအားများစွာ သက်ရောက်ကြောင်း တွေ့မြင်နိုင်ပါသည်။
- ဒုတိယအချက်မှာ မြန်မာနိုင်ငံ၏ရာသီအလိုက် နိုင်ငံခြားငွေလိုအပ်ချက် ပြောင်းလဲမှုရှိကြောင်း တွေ့မြင်နိုင်ပါသည်။ အထူးသဖြင့် ဇူလိုင်လမှ ဒီဇင်ဘာလအထိ နိုင်ငံခြားငွေလိုအပ်ချက်မြင့်မားသည့် အချိန်ကာလဖြစ်သည်ကို တွေ့နိုင်ပါသည်။
- ကုန်သွယ်မှုလိုငွေ လျှော့ချနိုင်ရန်နှင့် ပြည်တွင်းစီးပွားရေးဖွဲ့စည်းတည်ဆောက်မှု မှန်ကန်ခိုင်မာပြီး သက်ရောက်မှုအမျိုးမျိုးကို ခံနိုင်ရည်ရှိစေရန်အတွက် နိုင်ငံတော်အစိုးရအနေနှင့် ပုဂ္ဂလိကကဏ္ဍက သက်ဆိုင်သူများနှင့်ထိတွေ့ပြီး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

# Project Bank ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ





**နေပြည်တော် အောက်တိုဘာ ၁၈**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် Project Bank ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဟန်ချက်ညီညီဖြင့် ပူးပေါင်းစုစည်း**

ဆွေးနွေးပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို လျှောက်လှမ်းရာတွင် စိန်ခေါ်မှုတံတိုင်းများဝန်းရံနေပြီး ဝန်ကြီးဌာနအသီးသီးကနည်းလမ်းအဖုံဖုံဖြင့် ကြိုးစားဆောင်ရွက်နေကြသည်ကို မြင်တွေ့နေရပါကြောင်း၊ သို့သော် ဦးတည်ရာ ဖွံ့ဖြိုးမှုပန်းတိုင်တစ်ခုတည်းသို့ သွားရာတွင် ကြိုးစားမှုအားလုံးကို ဟန်ချက်ညီညီဖြင့် ပူးပေါင်းစုစည်းကာ တက်လှမ်းမှသာလျှင် စိန်ခေါ်မှုတံတိုင်းများကို ကျော်လွှားပြီး ပန်းတိုင်ကို လျင်မြန်စွာရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံ ဟန်ချက်ညီညီ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို မဟာဗျူဟာကျကျ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ Myanmar Sustainable Development Plan-MSDP သည် စီမံကိန်းများကို မဟာဗျူဟာကျကျ ရွေးချယ်အကောင်အထည်ဖော်နိုင်ရန်အတွက် ရေးဆွဲထားခြင်းဖြစ်ပါကြောင်း။

**ဘဏ္ဍာရေးအရင်းအမြစ်တိုးတက်လာမည်**

ယခုအချိန်တွင် ဖွံ့ဖြိုးရေးစီမံကိန်းများကို မဟာဗျူဟာကျကျ ရေးဆွဲ၍ လိုအပ်သောဘဏ္ဍာငွေများကို ရှာဖွေစုဆောင်းမှသာလျှင် မိမိတို့၏ဘဏ္ဍာရေးအရင်းအမြစ်များ ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် Myanmar Sustainable Development Plan-MSDPနှင့် Project Bank ကိုရေးဆွဲအကောင်အထည်ဖော်ရခြင်း ဖြစ်ပါကြောင်း။

ပြည်သူများအတွက် အထိရောက်ဆုံးနှင့် အကျိုးအရှိဆုံးဖြစ်မည့် စီမံကိန်းများကို ရွေးချယ်၍ Project Bank ထဲသို့ ထည့်သွင်းအကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံ၏ဖွံ့ဖြိုးရေးကို မဟာဗျူဟာကျကျ ဆောင်ရွက်သွားရန် ရည်ရွယ်ပါကြောင်း၊ Project Bank ထဲသို့ ရောက်ရှိလာသည့် စီမံကိန်းများကို စိစစ်ရွေးချယ်၍ အစိုးရဘဏ္ဍာငွေအပြင် ဖွံ့ဖြိုးမှုအကူအညီနှင့် ပုဂ္ဂလိကကဏ္ဍစသည့် အခြားဘဏ္ဍာငွေအရင်းအမြစ်များမှ ရှာဖွေသုံးစွဲ၍ MSDP ကို အကောင်းဆုံး ကြိုးစားအကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

Project Bank ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်ရန်အတွက် အားလုံးတက်ညီလက်ညီ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တူညီခိုင်မာသည့်နားလည်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကြိုးစားသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈- ၂၀၃၀)နှင့် Project Bank ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီးပွားရေး ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဦးမင်းရဲပိုင်ဟိန်းက Project Bank ပြုစုခြင်းလုပ်ငန်းစဉ်နှင့် ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက Project Bank ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

**တိကျသော လုပ်ငန်းစဉ်**

အဆိုပါ Project Bank ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan- MSDP) တွင် ပါရှိသော မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန် အတွက်နိုင်ငံတော်မှ ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို Project Bank တွင် ထည့်သွင်း၍ ပွင့်လင်းမြင်သာစွာ တိကျသော လုပ်ငန်းစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောရိုင်းတိရစ္ဆာန် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာ လန်ဒန်ညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်အဖွဲ့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၈**

တောရိုင်းတိရစ္ဆာန်များ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဆိုင်ရာ ညီလာခံကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ အောက်တိုဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကျင်းပခဲ့ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်အဖွဲ့ တက်ရောက်ခဲ့သည်။

ညီလာခံဖွင့်ပွဲအခမ်းအနား၌ ဗြိတိန်နိုင်ငံဝန်ကြီးချုပ် မစ္စတယ်ရီဆာမေက ဗီဒီယိုမိန့်ခွန်းပေးပို့၍ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျယ်ရမီဟန့်၊ ကင်းဘရစ်ချ်မြို့စားကြီး တော်ဝင်မင်းသား ဝီလျံတို့နှင့် တက်ရောက်လာသည့် နိုင်ငံ့ခေါင်းဆောင်များအနက်မှ ဘော့ဆွာနာနိုင်ငံ သမ္မတမစ္စတာမော့ဂွက်စီ မက်ဆီဆီတို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြသည်။

ညီလာခံကျင်းပနေသည့် နှစ်ရက်တာအတွင်း တောရိုင်းတိရစ္ဆာန်မှုခင်းများ အဆုံးသတ်ရေးခေါင်းစဉ်အောက်တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားမဝင်ကူးသန်းရောင်းဝယ်နေမှုများ အဆုံးသတ်ရေး၊ ဈေးကွက်များ ပိတ်သိမ်းရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် တားဆီးပိတ်ပင်ရေး၊ အင်တာနက်အသုံးပြုရောင်းဝယ်ဖောက်ကားမှုများအား ပိတ်ပင်တားဆီးရေး၊ တရားမဝင်သစ်ခိုးထုတ်မှုများ တားဆီးအရေးယူရေး၊ အသိပညာပေးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးစသည့်ကဏ္ဍအလိုက်ခေါင်းစဉ်များနှင့် ကျွမ်းကျင်သူများပါဝင်သည့် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။

**ပါဝင်ဆွေးနွေး**

အဆိုပါညီလာခံတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် မေ ၂၂ ရက်တွင် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေကို အသစ်ပြဋ္ဌာန်းပြီး ဖြစ်ကြောင်း၊ သားငှက် တိရစ္ဆာန်များနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်မှုများအတွက် ပြစ်ဒဏ်များကို တိုးမြှင့်ထားပြီး ဥပဒေအရ ပိုမိုထိရောက်စွာ ကာကွယ်နိုင်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးတွင် ပြည်သူများ ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ပါရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း ဆင်စွယ်နှင့်တောရိုင်းတိရစ္ဆာန် တရားမဝင်ကူးသန်းရောင်းဝယ်ခြင်းနှင့် ဈေးကွက်များကို တားဆီးပိတ်ပင်ခြင်းနှင့် ဥပဒေအရ ထိရောက်စွာတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အစိုးရဌာနများ၊ အဖွဲ့အစည်းများ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နေပါကြောင်း၊ ဖမ်းဆီးရမိဆင်စွယ်အပါအဝင် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများအား မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို အောက်တိုဘာ ၄ ရက်တွင် ကျင်းပခဲ့ပါကြောင်း၊ ပြည်သူများ ပိုမိုသိရှိပူးပေါင်းပါဝင်လာစေရေး အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိကြောင်း၊ ဒေသအတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တက်ကြွစွာ ပါဝင်လုပ်ဆောင်လျက်ရှိကြောင်း ပါဝင်ဆွေးနွေးပြောကြားခဲ့သည်။

**ပူးပေါင်းဆောင်ရွက်**



အလားတူ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်စွာမင်းနှင့်အတူ အောက်တိုဘာ ၁၀ ရက်တွင် ဗြိတိန်နိုင်ငံအစိုးရ၊ နိုင်ငံခြားရေးနှင့် ဓနသဟာယရုံးသို့သွားရောက်၍ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အထူးသံတမန်အဖွဲ့မှ အထူးကိုယ်စားလှယ် Mr. Nick Bridge နှင့်တွေ့ဆုံပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များ၊ သစ်တောကဏ္ဍဆိုင်ရာများ၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေးဆိုင်ရာ ပဲရစ်သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ သံအမတ်ကြီး ဦးကျော်စွာမင်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် အောက်စဖို့ဒ်ရှိ သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေး သုတေသနအဖွဲ့ (Wildlife Conservation Research Unit-Wild CRU)သို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁၄ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လန်ဒန်ဇီဝဗေဒဆိုင်ရာ သိပ္ပံအဖွဲ့အစည်း (Zoological Society of London -ZSL) သို့ သွားရောက်ခဲ့ပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လန်ဒန်တိရစ္ဆာန်ဥယျာဉ်အတွင်း မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် သားငှက်တိရစ္ဆာန်များအား ထိန်းသိမ်းမွေးမြူ စောင့်ရှောက်ခြင်း၊ မျိုးပွားပြီး နေရင်းဒေသများသို့ပြန်လည်စေလွှတ်ပေးခြင်း အစီအစဉ်အဖြစ် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ပြီး မြန်မာ့မျိုးရင်းတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်မှုအန္တရာယ်ကျရောက်နေမှုအား လျှော့ချကာ မျိုးပွားလာစေရေးထိန်းသိမ်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် မြန်မာကိုယ်စားလှယ် အဖွဲ့တို့သည် တောရိုင်းတိရစ္ဆာန် တရားမဝင်ကုန်သွယ်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ လန်ဒန်ညီလာခံသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ အောက်တိုဘာ ၁၆ ရက်တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မဲတစ်ပြားရဲ့တန်ဖိုးကို သိစေချင်ပါတယ်။ အများဆန္ဒနဲ့ ရွေးကောက်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်က ကိုယ် မဲမပေးလိုက်တဲ့ ကိုယ်စားလှယ်ဆိုပေမယ့် ကိုယ့်ကိုယ်စားလှယ်နဲ့ အတူတူပဲလို့ သတ်မှတ်ရမှာပါ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်

## မဲဆန္ဒရှင်များ၊ ရွေးကောက်ပွဲနှင့် ဥပဒေခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မဲဆန္ဒရှင်များ၊ ရွေးကောက်ပွဲနှင့် ဥပဒေခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးနန္ဒနေလင်း၊ ဦးစီးအရာရှိ ဒေါ်နေခြည်ကျော်မင်းနှင့် ဒေါ်ရွှေစင်ကြည်တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**


ဦးမြင့်နိုင်


ဦးနန္ဒနေလင်း


ဒေါ်နေခြည်ကျော်မင်း


ဒေါ်ရွှေစင်ကြည်

**ဦးမြင့်နိုင်** ။ ။ မဲဆန္ဒရှင်တွေ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနဲ့ မဲဆန္ဒရှင်တွေ သူတို့ ပေးလိုက်တဲ့ ဆန္ဒမဲလက်မှတ်က ပယ်မဲတွေ ဖြစ်မသွားစေရေး၊ စစ်မှန်တဲ့ ဆန္ဒမဲ လက်မှတ်ဖြစ်စေရေးနဲ့ ခိုင်လုံသော ဆန္ဒမဲလက်မှတ်ဖြစ်ရေးတို့ကို ရည်ရွယ်ပါတယ်။ မဲဆန္ဒရှင်တွေဟာ ရွေးကောက်ပွဲတိုင်းမှာ ဆန္ဒမဲပေးကြမယ်။ ဆန္ဒမဲပေးခွင့် မဆုံးရှုံးစေရဘူး၊ သူတို့ပေးလိုက်တဲ့ ဆန္ဒမဲဟာလည်း ခိုင်လုံမဲဖြစ်ရမယ်။ အဲဒီလိုဖြစ်ဖို့ဆိုရင် မဲဆန္ဒရှင် တစ်ယောက်က သူ့မှာ ဘာတာဝန်တွေရှိတယ်။ ဘာအခွင့်အရေးတွေရှိတယ်။ ဘာတွေ သိသင့်တယ်။ ဘာတွေလိုက်နာပြီး ဘာတွေ ရှောင်ရမလဲ ဆိုတာတွေကို မျှဝေချင်ပါတယ်။ မဲဆန္ဒရှင်များ၊ ရွေးကောက်ပွဲနဲ့ ဥပဒေဆိုတော့ မဲဆန္ဒရှင်ဆိုတာ ဘာကိုခေါ်တာလဲ။ မဲဆန္ဒရှင်ဆိုတာ ဘာကိုပြောတာလဲဆိုတဲ့ အနှစ်ချုပ်လေးကို နားလည်လွယ်အောင် ဦးနန္ဒနေလင်းက ပြောပြပေးပါဦး။

**ဦးနန္ဒနေလင်း** ။ ။ လွှတ်တော် ရွေးကောက်ပွဲ တစ်ရပ်မှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးကို မဲဆန္ဒရှင်လို့ မှတ်သားမိပါတယ်။

**ဦးမြင့်နိုင်** ။ ။ အဲဒါဆိုရင် ဘယ်သူတွေက ဆန္ဒမဲပေးပိုင်ခွင့်ရှိသလဲ။

**ဦးနန္ဒနေလင်း**။ ။ ရွေးကောက်ပွဲ စတင်ကျင်းပတဲ့နေ့မှာ အသက်(၁၈)နှစ် ပြည့်ပြီးသူ၊ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသား ပြုခွင့်ရသူ၊ သက်ဆိုင်ရာ မဲဆန္ဒနယ်ရဲ့မဲစာရင်းမှာ ပါဝင်သူတွေဟာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတွေလို့ မှတ်သားမိပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဘယ်သူတွေက ဆန္ဒမဲပေးပိုင်ခွင့် မရှိတဲ့သူတွေလဲ။

**ဦးနန္ဒနေလင်း**။ ။ သာသနာ့ဝန်ထမ်း၊ ထောင်ဒဏ်ကျခံနေရသူ၊ စိတ်ပေ့ါသွပ်နေတယ်လို့ သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားတဲ့အတိုင်း သတ်မှတ်ခြင်းခံရသူ၊ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတွေဟာ ဆန္ဒမဲပေးပိုင်ခွင့်မရှိတဲ့သူတွေလို့ မှတ်သားမိပါတယ်။

**ဦးမြင့်နိုင်** ။ ။ မဲဆန္ဒရှင်တစ်ယောက်ရဲ့ အဓိကကျတဲ့ တာဝန်တွေကိုလည်း ဆွေးနွေးပေးပါဦး။

**ဦးနန္ဒနေလင်း** ။ ။ ဟုတ်ကဲ့ပါ။ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲက မဲစာရင်းတွေကို ကြေညာတဲ့အခါ သက်ဆိုင်ရာ မဲစာရင်းမှာ ကိုယ့်ရဲ့ အမည်ပါဝင်ခြင်း ရှိ မရှိကို လာရောက်ကြည့်ရှုဖို့နဲ့ မဲရုံကိုမဲပေးဖို့လာတဲ့အခါ မဲရုံမှူးက တာဝန်အရ ညွှန်ကြားခြင်းကိုလိုက်နာဖို့ တာဝန်ရှိတယ်ဆိုတဲ့ အချက်(၂)ချက်ကို မှတ်သားမိပါတယ်။

**ဦးမြင့်နိုင်** ။ ။ မဲဆန္ဒရှင်တစ်ဦးရဲ့ အခွင့်အရေးတွေကို ဒေါ်နေခြည်ကျော်မင်းက ပြောပြပေးပါဦး။

**ဒေါ်နေခြည်ကျော်မင်း**။ ။မဲဆန္ဒရှင်တစ်ဦးရဲ့အခွင့်အရေးတွေ အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကို လျှို့ဝှက်ဆန္ဒမဲနဲ့ တိုက်ရိုက် ရွေးကောက်တင်မြှောက်ခွင့်ရှိပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် ရွေးကောက်ပွဲစနစ်ဟာ မဖြစ်မနေမဲပေးရတဲ့ ပုံစံမျိုး မဟုတ်ပါဘူး။ ကာယကံရှင် မဲဆန္ဒရှင်တွေအနေနဲ့ ရွေးကောက်ပွဲမှာ မဲပေးလိုက မဲပေးနိုင်ပြီး မဲမပေးဘဲနေလိုက မဲမပေးဘဲနေပိုင်ခွင့်ရှိပါတယ်။ ဒါပေမယ့် မဲပေးခြင်းဆိုတာဟာ နိုင်ငံသားတစ်ယောက်ရဲ့အခွင့်အရေးဖြစ်တဲ့အတွက် လူတိုင်းလူတိုင်းဟာ ကိုယ့်ရဲ့အခွင့်အရေးကို မဆုံးရှုံးအောင် ဂရုစိုက်ပြီးတော့ မဲပေးသင့်ပါတယ်။

နောက်တစ်ချက်က မဲဆန္ဒရှင်တစ်ဦးဟာ ဆန္ဒမဲလက်မှတ်မှာပါတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်ကို မဖတ်တတ်ဘူး။ ဒါမှမဟုတ် မဲမပေးတတ်ဘူးဆိုရင် မဲစာရင်းမှာပါဝင်တဲ့ ကာယကံရှင်မဲဆန္ဒရှင်ရဲ့ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ ညီအစ်ကို မောင်နှမအရင်း တစ်ဦးဦး ဒါမှမဟုတ် သားသမီးတစ်ဦးဦးရဲ့အကူအညီကိုရယူပြီး ကာယကံရှင်မဲဆန္ဒရှင်ရဲ့ သဘောဆန္ဒအတိုင်း လျှို့ဝှက်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိပါတယ်။ တကယ်လို့ ဒီလိုမျိုး ကူညီဆောင်ရွက်ပေးမယ့်သူ တစ်ဦးဦး မပါလာခဲ့ဘူးဆိုရင်လည်း စိတ်ပူစရာမလိုပါဘူး။ ကိုယ့်ရဲ့ အခက်အခဲကို မဲရုံမှူးထံ ပြောပြပြီး အကူအညီ ရယူပိုင်ခွင့်ရှိပါတယ်။

နောက်တစ်ချက်က မဲဆန္ဒရှင်ဟာ မသန်စွမ်း မဲဆန္ဒရှင်ဖြစ်နေမယ်ဆိုရင်လည်း အရှေ့မှာ ပြောခဲ့သလိုမျိုး မဲစာရင်းမှာပါဝင်တဲ့ မသန်စွမ်း မဲဆန္ဒရှင်ရဲ့ မိခင်၊ ဖခင်၊ ဇနီး၊ ခင်ပွန်း၊ ညီအစ်ကိုမောင်နှမ တစ်ဦးဦး၊ သားသမီးတစ်ဦးဦး ဒါမှမဟုတ် မသန်စွမ်းမဲဆန္ဒရှင် ကိုယ်တိုင်က ရွေးချယ်ထားတဲ့ သူတစ်ဦးဦးရဲ့ အကူအညီကို ရယူပြီးတော့လည်း မဲပေးပိုင်ခွင့်ရှိပါတယ်။

နောက်တစ်ခုက ရွေးကောက်ပွဲမကျင်းပခင်မှာပဲဖြစ်ဖြစ် ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာပဲဖြစ်ဖြစ် ရွေးကောက်ပွဲ ကျင်းပပြီး ၁၅ ရက် အတွင်းမှာပဲဖြစ်ဖြစ် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုကျူးလွန်တယ်ဆိုပြီးတွေ့ရှိရင် မဲဆန္ဒရှင်တွေဟာ သက်သေအထောက်အထား အခိုင်အလုံနဲ့ သက်ဆိုင်ရာ ရဲစခန်းတွေမှာ သွားရောက်တိုင်ကြားပိုင်ခွင့် ရှိပါတယ်။

နောက်တစ်ချက်က ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေရဲ့ ရွေးကောက်ပွဲကုန်ကျစရိတ်ကို မဲဆန္ဒရှင်တွေအနေနဲ့ သိချင်ရင် ငွေစာရင်းမိတ္တူ အမှန်ကို တစ်မျက်နှာကို ငွေတစ်ထောင်ပေးသွင်းပြီး ရယူပိုင်ခွင့်ရှိပါတယ်။ ရွေးကောက်ပွဲမှာ ရွေးကောက်တင်မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်ကို ကန့်ကွက်လိုတယ်ဆိုရင်လည်း ကန့်ကွက်လွှာမှာ ဆီလျော်စွာ ဖြည့်သွင်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ သတ်မှတ်ထားတဲ့အတိုင်း တင်သွင်းပိုင်ခွင့် ရှိပါတယ်။ ဒါတွေဟာ မဲဆန္ဒရှင်တစ်ဦးအနေနဲ့ ဆောင်ရွက်နိုင်တဲ့၊ ရရှိနိုင်တဲ့ အခွင့်အရေးတွေပဲ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဒါတွေဟာ မဲဆန္ဒရှင်အနေနဲ့ သိသင့်တဲ့ အချက်တွေပါ။ ရွေးကောက်ပွဲမှာ ကန့်ကွက်လွှာ တင်နိုင်တယ်ဆိုတာကို သာမန်အားဖြင့်တော့ ယှဉ်ပြိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းကပဲ ကန့်ကွက်နိုင်တယ်လို့ ထင်ကြတယ်။ တကယ်တမ်းကျ မဲဆန္ဒရှင် ကိုယ်တိုင်ကလည်းပဲ ကန့်ကွက်နိုင်တယ်။ အဲဒီတော့ မဲဆန္ဒရှင်က ကန့်ကွက်လွှာတင်တာနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းက ကန့်ကွက်လွှာတင်တာနဲ့ ဘယ်လိုကွာခြားလဲဆိုတာ ပြောပြပါဦး။

**ဒေါ်နေခြည်ကျော်မင်း**။ ။လွှတ်တော် ကိုယ်စားလှယ်လောင်းက ကန့်ကွက်တယ်ဆိုတာ အနိုင်ရရှိသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းဟာဆိုရင် မတရားမဲ့ပြုကျင့်ပြီးတော့ အနိုင်ရရှိသွားတယ်ဆိုပြီး သူ့ကို အနိုင်ပေးဖို့ ကန့်ကွက်တာပါ။ မဲဆန္ဒရှင်က ကန့်ကွက်တယ်ဆိုတာကတော့ ရွေးကောက်ပွဲကြီးဟာ တရားမျှတမှုမရှိဘူးဆိုတဲ့ သဘောနဲ့ ကန့်ကွက်တာပါ။

**ဦးမြင့်နိုင်** ။ ။ ကွာခြားချက် ကလေးပါ။ ရွေးကောက်ပွဲမှာ တရားမဲ့ပြုကျင့်ပြီးမှ အနိုင်ရရှိသွားတယ်။ ဒါ့ကြောင့် သူအနိုင်ရတာကို ပယ်ဖျက်ပြီးတော့ ကျွန်တော့်ကို ရွေးကောက်တင်မြှောက်ခံရသူအဖြစ် အသိအမှတ်ပြုပေးပါဆိုပြီး ကန့်ကွက်တာပါ။ အနိုင်ရသူဟာ တရားမဲ့ပြုကျင့်ပြီး အနိုင်ရသွားတာ ဟုတ်တယ်ဆိုပြီး ကန့်ကွက်လွှာစစ်ဆေးပြီး ပေါ်ပေါက်လာရင်တော့ သူ့ကို အနိုင်ရသူအဖြစ်မှ ပယ်ဖျက်ပြီးတော့ ကန့်ကွက်တဲ့သူကိုပဲ သူဟာတရားမဲ့ ပြုကျင့်ပြီး ဆောင်ရွက်ခဲ့ခြင်းမရှိတဲ့အတွက် အနိုင်ပေးလိုက်တဲ့ သဘောဖြစ်သွားတယ်။ မဲဆန္ဒရှင်က ကန့်ကွက်တာကတော့ သူက ရွေးကောက်ခံတဲ့သူ မဟုတ်ဘူး။ သူက မဲပေးတဲ့ သူ၊ သူကဘယ်လို ကန့်ကွက်နိုင်လဲဆိုတော့ ဒီရွေးကောက်ပွဲကြီးဟာ လွတ်လပ်တဲ့ ရွေးကောက်ပွဲ မဟုတ်ဘူး။ တရားမျှတတဲ့ ရွေးကောက်ပွဲမဟုတ်ပါဘူးဆိုပြီး ခိုင်လုံတဲ့ အထောက်အထားတွေနဲ့ ကန့်ကွက်နိုင်တယ်။ ကန့်ကွက်လွှာပေါ်မှာ ခုံရုံးဖွဲ့ စစ်ဆေးလိုက်လို့ မဲဆန္ဒရှင်ရဲ့ ကန့်ကွက်ချက်ဟာ မှန်တယ်ဆိုရင် ဒီရွေးကောက်ပွဲကို ဘယ်သူ့မှ အနိုင်မပေးဘဲ ပယ်ဖျက်လိုက်တယ်။ လစ်လပ်မဲဆန္ဒနယ် အဖြစ် သတ်မှတ်လိုက်တာပါ။ ဒါကတော့ ကိုယ်စားလှယ်လောင်းက ကန့်ကွက်တာနဲ့ မဲဆန္ဒရှင်က ကန့်ကွက်တာရဲ့ခြားနားချက်ပါ။

**ဦးမြင့်နိုင်** ။ ။ မဲဆန္ဒရှင်တစ်ဦး ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးရအောင်ဆိုရင် မဲစာရင်းမှာပါရမယ်။ ဒါ့ကြောင့် မဲစာရင်းမှာပါဖို့ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာကိုလဲ ဒေါ်ရွှေစင်ကြည်က ပြောပြပါဦး။

**ဒေါ်ရွှေစင်ကြည်** ။ ။ မဲစာရင်းတွေ ကပ်ထားကြေညာတဲ့အခါ သွားရောက်ကြည့်ရှုပြီး မိမိအမည် ပါဝင်ခြင်းမရှိရင် ထည့်သွင်းပေးဖို့ တောင်းဆိုလွှာ ပုံစံ(၃)နဲ့ တင်သွင်းရမှာဖြစ်ပြီးတော့ မဲစာရင်းပါ အမည်နဲ့ အခြားအချက်အလက်တွေကို ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ(၄) နဲ့ တင်သွင်းရမှာပါ၊ မဲစာရင်းပါ အချက်အလက်တစ်ခုခုကို ပြင်ဆင်ဖို့ရှိတယ်ဆိုရင်တော့ ပြင်ဆင်လွှာ ပုံစံ(၄-ဂ)နဲ့ တင်သွင်းရမှာ ဖြစ်ပါတယ်။

ပြီးတော့ မဲဆန္ဒနယ် တစ်နယ်ထက်ပိုတဲ့ မဲဆန္ဒနယ်တွေရဲ့မဲစာရင်းမှာ မိမိရဲ့အမည်ပါရှိနေရင် မိမိမဲပေးလိုတဲ့ မဲဆန္ဒနယ်မှာ မဲပေးနိုင်ဖို့အတွက် မြို့နယ်ကော်မရှင် အဖွဲ့ခွဲကို တင်ပြဆောင်ရွက်ရပါမယ်။ မဲဆန္ဒနယ်တစ်ခုအတွင်းမှာရှိတဲ့ ရပ်/ကျေး တစ်ခု ထက်ပိုတဲ့ မဲစာရင်းတွေမှာ မိမိရဲ့အမည် ပါရှိနေတယ်ဆိုရင်တော့ မိမိမဲပေးလိုတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှာ မဲပေးနိုင်ဖို့အတွက် မြို့နယ်ကော်မရှင် အဖွဲ့ခွဲကို တင်ပြဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒေသတစ်ခုမှ အခြားဒေသတစ်ခုကို ပြောင်းရွှေ့လိုတဲ့အခါ ၁၉၅၁ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူတွေ မှတ်ပုံတင်ရေးနည်းဥပဒေ ၂၆ (၂)နဲ့ နည်းဥပဒေ ၂၇ (၁)တို့အရ ထုတ်ပေးတဲ့ ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/န(သ))နဲ့ အတူ လက်ရှိ မဲဆန္ဒနယ်စာရင်းမှာ မိမိအမည်ကို ပယ်ဖျက်ပြီး အခြားမဲဆန္ဒနယ်ကို ပြောင်းရွှေ့ပေးဖို့ တောင်းဆိုလွှာ ပုံစံ(၄-က)နဲ့ သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အပိုဒ်ခွဲ(ဃ) အရ ဆောင်ရွက်ပြီးနောက် မိမိရဲ့အမည်ကို မဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်တဲ့ ပုံစံ (၄-ခ) ကို အဲဒီရပ်/ကျေးကော်မရှင်အဖွဲ့ခွဲက တောင်းယူရပါမယ်။ အဲဒီနောက် မိမိပြောင်းရွှေ့ရောက်ရှိတဲ့နေရာရဲ့ အိမ်ထောင်စုဇယားနဲ့ ပုံစံ(၄-ခ)တို့ ပူးတွဲပြီး တောင်းဆိုလွှာ ပုံစံ(၃)ကို မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲကို တင်သွင်းလျှောက်ထားရမှာ ဖြစ်ပါတယ်။ ပြီးတော့ နောက်တစ်ခုအနေနဲ့ အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေပြီး ကိုယ့်ရဲ့ အမြဲတမ်းနေရပ်ကို ပြန်လည်ပြီး မဲပေးလိုခြင်း မရှိရင် ကိုယ်ရောက်ရှိနေတဲ့ မဲဆန္ဒနယ်မှာ ရွေးကောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိဖို့အတွက် တောင်းဆိုလွှာ ပုံစံ(၃-က)နဲ့ သက်ဆိုင်ရာ ရပ်/ ကျေး ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရမှာ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ မဲဆန္ဒရှင်တွေ မဲစာရင်းထဲပါမှ မဲပေးခွင့်ရမှာ ဖြစ်တယ်။ မဲစာရင်းထဲပါသွားလို့ မဲပေးပိုင်ခွင့်ရသွားတဲ့အခါ ဆန္ဒမဲကို နည်းလမ်းနှစ်သွယ်နဲ့ ပေးနိုင်တယ်။ တစ်ခုက မဲရုံကိုသွားပြီး ကိုယ်တိုင်ကိုယ်ကျ ဆန္ဒမဲပေးတာ။ နောက်တစ်ခုကတော့ အကြောင်းကြောင်းကြောင့် မဲရုံကို မသွားနိုင်ခဲ့ဘူး၊ အဲဒီလိုဆိုရင်လည်း မဲဆန္ဒပေးပိုင်ခွင့် မဆုံးရှုံးစေရအောင် ဘယ်လိုသတ်မှတ်ထားလဲဆိုတာ ဦးနန္ဒနေလင်းက ဆွေးနွေးပေးပါဦး။

**ဦးနန္ဒနေလင်း** ။ ။ ကြိုတင်ဆန္ဒမဲနဲ့ ဆန္ဒပြုလို့ရပါတယ်။ ရွေးကောက်ပွဲကျင်းပတဲ့နေ့ရက်မှာ ကိုယ်နဲ့သက်ဆိုင်တဲ့ မဲဆန္ဒနယ်ပြင်ပကို ခရီးဝေးသွားဖို့ရှိရင် ဒီလို ခရီးဝေးသွားဖို့ အကြောင်းကို ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲကို ခိုင်လုံသော အထောက်အထား တင်ပြနိုင်ခဲ့မယ်ဆိုရင်၊ ရွေးကောက်ပွဲ ကျင်းပတဲ့နေ့ရက်မှာ မဲစာရင်းပါရှိရာ ဒေသက ကျော်လွန်ပြီး သွားရောက် တာဝန်ထမ်းဆောင်ရမယ့် ဝန်ထမ်း ဒါမှမဟုတ် တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်တွေဆိုရင်လည်း ကြိုတင်ဆန္ဒမဲပေးခွင့် ရပါတယ်။

မဲဆန္ဒနယ်အတွင်းမှာရှိသော်လည်း မဲရုံကို ကိုယ်တိုင် လာရောက်ပြီး ဆန္ဒမဲမပေးနိုင်တဲ့ အနာကြီးရောဂါ စွဲကပ်နေသူတွေ၊ ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူတွေ၊ အသက်အရွယ်ကြီးရင့်နေသူတွေ၊ နေအိမ်မှာ မီးဖွားနေသူတွေ၊ မသန်စွမ်းသူတွေ၊ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းမှာ အချုပ်ခံနေရသူတွေ၊ ဆေးရုံမှာ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှု ခံယူနေရသူတွေဖြစ်ရင်လည်း ကြိုတင်ဆန္ဒမဲ ပေးနိုင်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဆန္ဒမဲပေးမယ့်နေ့မှာ သွားရောက်ပြီး ဆန္ဒမဲမပေးနိုင်ဘဲ ခရီးဝေးကို သွားဖို့ရှိတယ်ဆိုပါတော့၊ ခိုင်လုံတဲ့ အထောက်အထားနဲ့ သက်သေခိုင်ခိုင်လုံလုံ တင်ပြနိုင်ရင် ကြိုတင် ဆန္ဒမဲပေးပိုင်ခွင့်ရှိတယ်လို့ ဆိုတော့ ဘယ်နှရက်အတွင်း ပေးနိုင်တာလဲ။

**ဦးနန္ဒနေလင်း** ။ ။ နှစ်ရက်အတွင်း ပေးနိုင်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ တာဝန်ရှိတဲ့ ကော်မရှင် အဖွဲ့ခွဲတွေက သေသေချာချာ စိစစ်ဖို့လိုပါတယ်။ အလွယ်တကူ ခွင့်ပြုပေးလိုက်မယ်ဆိုရင် အဲဒီမှာ ကြိုတင်မဲပေးမယ့်သူတွေ များသွားမှာဖြစ်တယ်။ တကယ့်ကို မဖြစ်မနေသွားတဲ့သူ ဖြစ်မှ သာလျှင် ပေးရမယ်။ မဲပေးမယ့်နေ့မှာ မဲရုံကို မလာရောက်နိုင်ဘဲ တာဝန်အရ အပြင်ဘက်သွားမယ့် ပုဂ္ဂိုလ်တွေ သူတို့တွေအတွက် ဘယ်နှရက် သတ်မှတ်ထားပါသလဲ။

**ဦးနန္ဒနေလင်း** ။ ။ ၁၀ ရက် သတ်မှတ်ထားပါတယ်။

**ဦးမြင့်နိုင်** ။ ။ တခြားတစ်နေရာမှာ တာဝန်ထမ်းဆောင်နေတဲ့ တချို့မဲရုံမှူးတွေ၊ တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေနဲ့ ဝန်ထမ်းတွေလို မဲဆန္ဒနယ်ပြင်ပကို မဖြစ်မနေ သွားရတော့မယ့် သူတွေကျ ခုနက နှစ်ရက်နဲ့ ၁၀ ရက် လိုမျိုးတွေ သူတို့တွေကျ ဘယ်မှာသွားပြီး မဲပေးရမှာလဲ။

**ဦးနန္ဒနေလင်း** ။ ။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ကော်မရှင် အဖွဲ့ခွဲရုံးတွေမှာ လူကိုယ်တိုင် လာရောက်ပေးရမှာ ဖြစ်ပါတယ်။ *စာမျက်နှာ ၉ သို့*

> “နောက်တစ်ချက်က မဲဆန္ဒရှင်ဟာ မသန်စွမ်း မဲဆန္ဒရှင် ဖြစ်နေမယ်ဆိုရင်လည်း အရှေ့မှာပြောခဲ့သလိုမျိုး မဲစာရင်းမှာ ပါဝင်တဲ့ မသန်စွမ်း မဲဆန္ဒရှင်ရဲ့ မိခင်၊ ဖခင်၊ ဇနီး၊ ခင်ပွန်း၊ ညီအစ်ကိုမောင်နှမ တစ်ဦးဦး၊ သားသမီးတစ်ဦးဦး ဒါမှမဟုတ် မသန်စွမ်း မဲဆန္ဒရှင်ကိုယ်တိုင်က ရွေးချယ်ထားတဲ့သူ တစ်ဦးဦးရဲ့ အကူအညီကို ရယူပြီးတော့လည်း မဲပေးပိုင်ခွင့်ရှိပါတယ်”

*စာမျက်နှာ ၈ မှ*

**ဦးမြင့်နိုင်** ။ ။ နောက်တစ်ခုက မဲဆန္ဒနယ်အတွင်း နာမကျန်းနေတဲ့သူတွေ၊ အသက်ကြီးနေတဲ့သူတွေ၊ မီးဖွားနေတဲ့သူတွေရော၊ အချုပ်ကျနေတဲ့ သူတွေ၊ သူတို့တွေကျ ဘယ်လိုမဲပေးမလဲ၊ ဘယ်နေ့မှာ သွားယူမလဲ၊ ဘယ်သူသွားယူမလဲ။

**ဦးနန္ဒနေလင်း** ။ ။ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက ပုဂ္ဂိုလ် နှစ်ဦးက သူတို့ဆီကို သတ်မှတ်ထားတဲ့ နှစ်ရက်အတွင်း ကိုယ်တိုင်ကိုယ်ကျ သွားယူပေးမှာ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ မဲဆန္ဒနယ်ပြင်ပမှာ ရောက်ရှိနေတဲ့ သင်တန်းသားတွေ၊ ဆေးရုံတက်နေသူတွေ၊ အစိုးရတာဝန်နဲ့ ပြင်ပရောက်နေသူတွေ ကြိုတင်မဲကို ဘယ်လိုပေးရမလဲ။

**ဦးနန္ဒနေလင်း** ။ ။ ပုံစံ(၁၅)နဲ့တောင်းမှ ကြိုတင်မဲပေးခွင့်ရမှာ ဖြစ်တယ်။

**ဦးမြင့်နိုင်** ။ ။ မဲဆန္ဒရှင် ရောက်ရှိနေရာကနေပြီး မဲဆန္ဒနယ်ပြင်ပ ရောက်ရှိနေကြောင်း ပုံစံ (၁၅)နဲ့ တောင်းခံရင် ဆန္ဒမဲပေးခွင့် မဆုံးရှုံးတော့ဘူး။ မဲပေးတာသည် ခိုင်လုံမဲဖြစ်ဖို့လိုပါတယ်။ မဲပေးပိုင်ခွင့်ရပြီး ကိုယ်ပေးလိုက်တဲ့ မဲက ကိုယ်ကြိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းဆီ ရောက်သွားမယ်၊ ခိုင်လုံမဲ ဖြစ်သွားမယ်။

**ဒေါ်နေခြည်ကျော်မင်း** ။ ။ မဲဆန္ဒရှင်တစ်ဦးဟာ မဲရုံအတွင်း ရောက်ရှိပြီဆိုတာနဲ့ အရင်ဆုံး မဲစာရင်း စစ်ဆေးသူထံ သွားရမယ်။ သွားပြီးတော့ ကိုယ့်ရဲ့ အမည်ရယ်၊ မဲစာရင်းအမှတ်စဉ်ရယ်ကို ပြောရမယ်။ ပြီးတော့ ကိုယ်ယူဆောင်လာတဲ့ ကိုယ့်ရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ပေးအပ်ရမယ်။ မဲစာရင်းစစ်ဆေးသူက သူ့ရဲ့ မဲစာရင်းမှာ အမည်ပါ မပါ ကြည့်မယ်။ အချက်အလက် မှန် မမှန်ကိုလည်း တိုက်ဆိုင်စစ်ဆေးမယ်။ စစ်ဆေးပြီးလို့ မှန်ကန်တယ်ဆိုရင် လက်မှတ်ရေးထိုးပေးရမယ်။

တကယ်လို့ လက်မှတ်မထိုးတတ်ဘူးဆိုရင်လည်း စိတ်ပူစရာ မလိုဘူး။ လက်ဝဲလက်မ လက်ဗွေနှိပ်ဖို့ကို တောင်းဆိုနိုင်တယ်။ ပြီးတာနဲ့ မဲလက်မှတ်ထုတ်ပေးသူထံကိုသွားပြီးတော့ မဲလက်မှတ်ထုတ်ယူရမယ်။ ဒီနေရာမှ တစ်ခုပြောချင်တာက မဲဆန္ဒရှင်တွေအနေနဲ့ ကိုယ့်လက်ထဲကို မဲလက်မှတ်ရောက်လာပြီဆိုရင် ဒီမဲလက်မှတ်က ခိုင်လုံမဲဖြစ်ဖို့ မဲရုံမှူး လက်မှတ် ပါ မပါ သေချာကြည့်ရမယ်။ ပြီးတော့ မဲလက်မှတ်မှာ အစွန်းအထင်းတွေရှိနေလား၊ စုတ်ပြဲနေလားဆိုပြီး သေချာစိစစ်ရမယ်။ တကယ်လို့ ဒီမဲလက်မှတ်မှာ မဲရုံမှူးလက်မှတ်မပါတာ၊ စွန်းထင်းနေတာ၊ စုတ်ပြဲနေတာတွေ တွေ့ရင် မဲရုံမှူးထံမှာ မဲလက်မှတ်အသစ်ကို ထပ်မံတောင်းဆိုနိုင်ပါတယ်။ ပြီးတာနဲ့ မဲလက်မှတ်ရလာပြီဆိုရင် မဲဆန္ဒရှင်ဟာ လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းမှာ ဝင်ရောက်ပြီး ဆန္ဒမဲပေးနိုင်ပြီ ဖြစ်ပါတယ်။

ဆန္ဒမဲပေးတဲ့နေရာမှာ ဘယ်လိုပေးရလဲဆိုတော့ မဲလက်မှတ်ပေါ်မှာ ကိုယ်ဆန္ဒပြုလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ အမည်နဲ့ ပါတီတံဆိပ်အမှတ်အသား ဘေးဘက်တည့်တည့်မှာ ရှိတဲ့ လေးထောင့်အကွက်အတွင်းမှာ အမှန်ခြစ်တံဆိပ်တုံးကို ရိုက်နှိပ်ပြီးတော့ ဆန္ဒပြုပေးရမှာ ဖြစ်ပါတယ်။ ဆန္ဒပြုရွေးချယ်တဲ့ နေရာမှာ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးကိုပဲ ရွေးချယ်ပေးရမှာဖြစ်ပါတယ်။ မဲဆန္ဒနယ် တစ်နယ်မှာဆိုရင် လွှတ်တော်တစ်ရပ်အတွက် ဆန္ဒမဲတစ်မဲပဲ ပေးရမှာ ဖြစ်ပါတယ်။ ကိုယ်ရွေးချယ်လိုက်တဲ့မဲဟာ ပယ်မဲမဖြစ်ဖို့လည်း အထူးဂရုစိုက်ပြီးတော့ မဲပေးရမှာပါ။ ဆန္ဒမဲပေးပြီးပြီဆိုရင် မဲလက်မှတ်ကို သေချာခေါက်ပြီး သက်ဆိုင်ရာ လွှတ်တော်မဲပုံးထဲကို ထည့်ပေးရမှာ ဖြစ်ပါတယ်။ မဲပေးခြင်းလုပ်ငန်းစဉ်တွေ ပြီးဆုံးသွားပြီဆိုရင် မဲဆန္ဒရှင်တစ်ဦးအနေနဲ့ ရွေးကောက်ပွဲမှာ ဝင်ရောက် မဲပေးပြီးပြီဆိုတာကို သက်သေအထောက်အထားအနေနဲ့ လက်ဝဲလက်သန်းကို မင်တို့ မှုခံယူရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မင်တို့ပေးသူထံ သွားရောက်ပြီး မင်တို့မှု ခံယူရပါမယ်။ ဒါတွေကတော့ မဲဆန္ဒရှင်တစ်ဦးအနေနဲ့ မဲရုံအတွင်းမှာ ဆောင်ရွက်ရမယ့် အကြမ်းဖျင်းလုပ်ငန်းစဉ်တွေပဲ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ မဲလက်မှတ်က မဲရုံမှူးလက်မှတ်မပါဘူး။ စုတ်ပြဲနေတယ်ဆိုရင် အစွန်းအထင်းတွေ ရှိနေတယ်ဆိုရင် ပြန်လဲဖို့ ပြောခဲ့တယ်။ ဒါဆိုရင် လျှို့ဝှက်ဆန္ဒပြုခန်းအတွင်း ဝင်ပြီး ဆန္ဒမဲလက်မှတ်မှာ ဆန္ဒပြုပြီး မဲပုံးထဲ ထည့်ခါနီးမှ အစွန်းအထင်း အစုတ်အပြဲတွေ ရှိနေလို့ ပြန်လဲပေးပါဆိုရင်ရော လဲလို့ရပါသလား။

**ဒေါ်နေခြည်ကျော်မင်း** ။ ။ အဲဒီလို အခြေအနေမျိုး ဆိုရင်တော့ ပြန်လဲမပေးပါဘူး။ ဒါ့ကြောင့် ဆန္ဒမဲလက်မှတ်ထုတ်ပြီး လျှို့ဝှက်ဆန္ဒပြုခန်းအတွင်း မဝင်ရောက်ခင်မှာပဲ သေချာစွာ စိစစ်ရမှာပါ။ ဆန္ဒပြုခန်းအတွင်း ဝင်ရောက်ပြီးမှဆိုရင်တော့ ဘယ်လိုအကြောင်းနဲ့မှ ဆန္ဒမဲလက်မှတ်ကို ပြန်လဲမပေးပါဘူး။

**ဦးမြင့်နိုင်** ။ ။ ဒါလည်းအဓိကကျတဲ့ အချက်ပဲ။ ဆန္ဒပြုပြီးမှ ဆိုတဲ့အခါကျတော့ အငြင်းပွားနိုင်တာပေါ့။ ဒါ့ကြောင့် ဆန္ဒမပြုခင်သေချာစွာကြည့်ပြီး ဆောင်ရွက်သင့်တယ်။ ဆက်လက်ပြီးတော့ ပယ်မဲဖြစ်သွားနိုင်တဲ့ အခြေအနေတွေနဲ့ ပတ်သက်ပြီးလည်း ဒေါ်နေခြည်ကျော်မင်းက ရှင်းပြဆွေးနွေးပေးပါဦး။

**ဒေါ်နေခြည်ကျော်မင်း** ။ ။ ကော်မရှင်က သတ်မှတ်ထားတဲ့ အမှတ်အသားမပါတဲ့ ဆန္ဒမဲလက်မှတ်၊ ပြီးတော့ အရှေ့မှာ ပြောခဲ့သလိုမျိုး မဲရုံမှူးလက်မှတ်မပါတဲ့ ဆန္ဒမဲလက်မှတ်၊ ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပိုပြီး ဆန္ဒပြုထားတဲ့ ဆန္ဒမဲလက်မှတ်၊ ဘယ်သူ့ကိုမျှ ဆန္ဒမပြုထားတဲ့ ဆန္ဒမဲလက်မှတ်၊ ဘယ်ကိုယ်စားလှယ်လောင်းကို ရွေးချယ်တယ်ဆိုတာ မထင်ရှားမပြတ်သားတဲ့ ဆန္ဒမဲလက်မှတ်၊ ဆန္ဒမဲလက်မှတ်က အတုဖြစ်တယ်ဆိုပြီး မဲရုံမှူးက ဆုံးဖြတ်လိုက်တဲ့ ဆန္ဒမဲလက်မှတ်၊ ဆုတ်ဖြဲထားတဲ့ ဆန္ဒမဲလက်မှတ်၊ ပြီးတော့ မဲလက်မှတ်ကို ဘယ်သူက မဲပေးသွားတယ်ဆိုတာသိသာအောင် အမှတ်အသားပြုလုပ်ထားတဲ့ ဆန္ဒမဲလက်မှတ်၊ နောက်တစ်ချက်က ကော်မရှင်က ပယ်မဲအဖြစ် သတ်မှတ်ဖို့ ထုတ်ပြန်ထားတဲ့ ဆန္ဒမဲလက်မှတ်၊ ဒီအချက်တွေနဲ့ အကျုံးဝင်တဲ့ မဲလက်မှတ်ကို ပယ်မဲအဖြစ် သတ်မှတ်သွားမှာဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ကြိုတင်မဲမှာကျ ဘယ်လို လုပ်သလဲ။ တံဆိပ်တုံးထုရပါသလား။

**ဦးနန္ဒနေလင်း** ။ ။ ကြိုတင်မဲပေးတဲ့ နေရာမှာ မဲလက်မှတ်ရဲ့ နောက်ကျောမှာ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရဲ့ တံဆိပ်တုံးနဲ့ ထုတ်ပေးတဲ့သူတွေရဲ့ လက်မှတ်ပါရပါမယ်။

**ဦးမြင့်နိုင်** ။ ။ မဲရုံထဲမှာတော့ ဆန္ဒပြုပြီးတံဆိပ်တုံးထုရတယ်။ ကြိုတင်ဆန္ဒမဲလည်း အဲဒီလိုပဲလား ဆိုတာလေး ရှင်းပါဦး။

**ဦးနန္ဒနေလင်း** ။ ။ ကြိုတင် ဆန္ဒမဲပေးရာမှာ အမှန်ခြစ်နဲ့ ဆန္ဒမဲ ပေးရပါတယ်။

**ဦးမြင့်နိုင်** ။ ။ ကြိုတင်မဲပေးရာမှာ မဲရုံးမှူးရဲ့ လက်မှတ် ပါ မပါ ကြည့်စရာမလိုဘူး။ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရဲ့ တံဆိပ်တုံးပဲ ပါဖို့လိုပါတယ်။ နောက်ပြီး တာဝန်ရှိသူက လက်မှတ်ထိုးရမယ်။ ဒီကွာခြားချက်လေးတွေ သိဖို့လိုပါတယ်။ မဲဆန္ဒရှင်တစ်ဦးအနေနဲ့ ရှောင်ရမယ့် အချက်ကလေးတွေလည်း ရှိပါတယ်။

**ဒေါ်ရွှေစင်ကြည်** ။ ။ မဲဆန္ဒရှင်တစ်ဦးဟာ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာတဲ့နည်းနဲ့ အခြားသူတစ်ဦးကို မပေးရပါဘူး။ ဆန္ဒမဲ လက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်း မထည့်သွင်းရပါဘူး။ အသုံးပြုဆဲဖြစ်တဲ့ မဲပုံးကို အခွင့်အာဏာမရှိဘဲ သွားဖွင့်တာ ဒါမှမဟုတ် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲ လက်မှတ်ကို ဖျက်ဆီးခြင်းမပြုရပါဘူး။ ရွေးကောက်ပွဲ တစ်ခုခုမှာ လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်တွေအတွက် ဆန္ဒမဲ မပေးရပါဘူး။ ရွေးကောက်ပွဲတစ်ခုခုမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပိုပြီး ဆန္ဒမဲ မပေး ရပါဘူး။ သူတစ်ပါး အယောင်ဆောင်ပြီး ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲ လက်မှတ်ကို လာရောက်တောင်းဆိုခြင်း၊ ဒါမှမဟုတ် ဆန္ဒမဲပေးခြင်းမပြုရပါဘူး။ ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် ဆန္ဒမဲလက်မှတ်ပေါ်မှာ အမှတ်အသား တစ်စုံတစ်ရာ မပြုလုပ်ရပါဘူး။ ဆန္ဒမဲလက်မှတ်ကို မစုတ်ဖြဲရပါဘူး။ အတုပြုလုပ်ထားသော ဆန္ဒမဲ လက်မှတ်တွေကို မဲပုံးအတွင်းသို့ မထည့်သွင်းရပါဘူး။ ပြီးတော့ ကိုယ်စားလှယ်စေလွှတ်ပြီး ဆန္ဒမဲပေးလို့လည်း မရပါဘူး။

**ဦးမြင့်နိုင်** ။ ။ မလိုက်နာခဲ့သော် ပြစ်မှုဖြစ်သွားနိုင်ပါတယ်။ အဲဒါဘယ်လို သတ်မှတ်ထားပါသလဲ။

**ဒေါ်ရွှေစင်ကြည်** ။ ။ မဲဆန္ဒရှင်တစ်ဦးဟာ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာတဲ့နည်းနဲ့ တခြားသူတစ်ဦးကိုပေးရင် ရွေးကောက်ပွဲဥပဒေ၊ အခန်း (၁၃)၊ ပုဒ်မ ၅၉ (ဂ) အရ ငြိစွန်းပါတယ်။ ဆန္ဒမဲလက်မှတ်မဟုတ်တဲ့ ပစ္စည်းတစ်ခုခုကို မဲပုံးထဲကို ထည့်ရင် အခန်း (၁၃)၊ ပုဒ်မ ၅၉ (ဃ) အရ ငြိစွန်းပါတယ်။ အသုံးပြုဆဲဖြစ်တဲ့မဲပုံးကို အခွင့်အာဏာမရှိဘဲ ဖွင့်လှစ်ခြင်း သို့မဟုတ် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးတယ်ဆိုရင် အခန်း (၁၃)၊ ပုဒ်မ ၅၉ (င) အရ ငြိစွန်းပါတယ်။

ရွေးကောက်ပွဲတစ်ခုခုမှာ လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်တွေအတွက် ဆန္ဒမဲပေးရင် အခန်း (၁၃)၊ ပုဒ်မ ၅၉ (စ) အရ ငြိစွန်းပါတယ်။ ရွေးကောက်ပွဲ တစ်ခုခုမှာ လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပိုပြီး မဲပေးရင်အခန်း (၁၃)၊ ပုဒ်မ ၅၉ (ဆ) အရ ငြိစွန်းပါတယ်။ သူတစ်ပါး အယောင်ဆောင်ပြီး ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်းပြုလျှင် အခန်း (၁၃)၊ ပုဒ်မ ၅၉ (ဇ) အရ ငြိစွန်းပါတယ်။ အတုပြုလုပ်ထားတဲ့ ဆန္ဒမဲလက်မှတ်တွေကို မဲပုံးအတွင်းကို ထည့်ရင် အခန်း (၁၃)၊ ပုဒ်မ ၅၉ (ည) အရ ငြိစွန်းပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဒါကြောင့် ဒါတွေ ရှောင်ဖို့လိုတယ်လို့ ပြောထားတာပါ။ ဒါတွေ သိထားရင်တော့ မဲဆန္ဒရှင်တစ်ယောက်ဟာ ကိုယ်ပေးတဲ့မဲဟာ ခိုင်ခိုင်လုံလုံဖြစ်သွားမယ်၊ တန်ဖိုးရှိသွားမယ်။ ဆန္ဒမဲကိုလည်း မဆုံးရှုံးဘူး။ ဒါပေမယ့် တချို့က ဘယ်လိုပြောလဲဆိုတော့ ရွေးကောက်ပွဲတွေ ဝေးသေးတာပဲ။ ရွေးကောက်ပွဲနီးမှ သိသင့်တယ်လို့ ထင်ကြတယ်။ ဒီလုပ်ငန်းစဉ်တွေက မဲဆန္ဒရှင် ပြည်သူတိုင်း သိဖို့လိုပါတယ်။

ပြည်သူတွေရော၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေရော အခု ၂၀၁၅ မှာ မဲပေးပြီးပြီ။ အခု ၂၀၂၀ မှာ မဲပေးမယ့်သူတွေထဲမှာ တစ်ခါမှ မဲမပေးဖူးသေးတဲ့သူ ငါးသန်းလောက် ပါလာမှာပါ။ ဒါကြောင့် အခါအခွင့်သင့်သလို အသိပညာ မျှဝေပေးဖို့လိုပါတယ်။ ဒီမိုကရေစီနိုင်ငံတွေမှာ နိုင်ငံသားတစ်ယောက်ရဲ့ အဓိကတာဝန် ဘာလဲလို့ မေးတဲ့အခါမှာ ရွေးကောက်ပွဲတွေမှာ ဆန္ဒမဲပေးဖို့က အဓိကတာဝန်ပဲ၊ ဒီထက်အရေးကြီးတာ မရှိဘူး။ ကိုယ့်ကို အုပ်ချုပ်မယ့် အစိုးရအဖွဲ့တွေ၊ ဥပဒေပြုမယ့်အဖွဲ့တွေ၊ တရားစီရင်ရေးအဖွဲ့တွေ ဒါတွေကို ရွေးချယ်ကြရမှာ။ ဒါကြောင့် ကိုယ့်မှာ အခွင့်အရေးရှိနေတယ်လို့ပြောတာပါ။ ဒီမိုကရေစီကို သွားနေတဲ့ နိုင်ငံတွေအနေနဲ့ ရွေးကောက်ပွဲတွေဆိုတာလည်း ရှိနေမယ်။ တစ်နှစ်ပြီးတစ်နှစ် မဲဆန္ဒရှင်တွေလည်း ပိုပိုလာမယ်။ ဒါကြောင့် အခါအခွင့်သင့်သလို ဒါလေးတွေ ဆွေးနွေးသင့်ပါတယ်။

**ဦးနန္ဒနေလင်း** ။ ။ ကျွန်တော် တစ်ခုလောက် ဖြည့်စွက်ပြောချင်ပါတယ်။ ကျန်တဲ့သူတွေကိုလည်း အသိပညာလေးရစေချင်တာကြောင့်ပါ။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲတွေရဲ့ မဲပေးခဲ့တဲ့ မဲဆန္ဒရှင်တွေရဲ့ ရာခိုင်နှုန်းကိုလည်း ပြောပြချင်ပါတယ်။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲမှာ မဲဆန္ဒရှင်ဦးရေ ၂၉ သန်းကျော် ရှိခဲ့ပြီး မဲပေးခဲ့တာ ၂၂ သန်းကျော် ရှိခဲ့ပါတယ်။ ဒါကြောင့် မဲပေးတဲ့ ရာခိုင်နှုန်း ၇၇ ဒသမ ၂၆ ရာခိုင်နှုန်း ရှိပါတယ်။ မဲဆန္ဒနယ်က ၁၁၅၄ နယ် ရှိပါတယ်။ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲမှာတော့ မဲဆန္ဒရှင် ၆ သန်း ကျော်ရှိပြီး မဲပေးတဲ့သူ ၄ သန်းကျော် ရှိခဲ့တဲ့အတွက် မဲပေးတဲ့ရာခိုင်နှုန်း ၆၈ ဒသမ ၂ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ မဲဆန္ဒနယ် ၄၅ နယ်ရှိပါတယ်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ မဲဆန္ဒရှင် ဦးရေ ၃၄ သန်းကျော်မှာ မဲပေးခဲ့တဲ့သူ ၂၄ သန်းနီးပါးရှိပြီး မဲပေးတဲ့ရာခိုင်နှုန်း ၆၉ ဒသမ ၈၂ ရာခိုင်နှုန်း ရှိပါတယ်။ ၂၀၁၅ မှာမဲဆန္ဒနယ် ၁၁၅၀ နယ်ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ကြားဖြတ်မှာ လစ်လပ် မဲဆန္ဒနယ် ၁၉ နယ်အတွက် မဲဆန္ဒရှင် ဦးရေ ၂ သန်းကျော်မှာ မဲပေးခဲ့တဲ့သူ ၇ သိန်းခွဲခန့် ရှိပြီး မဲပေးတဲ့ရာခိုင်နှုန်း ၃၆ ဒသမ ၄၈ ရာခိုင်နှုန်းရှိပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ သူတွေကို ရာခိုင်နှုန်းပိုပိုပြီး ပေးစေချင်ပါတယ်။ မဲတစ်ပြားရဲ့တန်ဖိုးကို သိစေချင်ပါတယ်။ အများဆန္ဒနဲ့ ရွေးကောက်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်က ကိုယ်မဲမပေးလိုက်တဲ့ ကိုယ်စားလှယ်ဆိုပေမယ့် ကိုယ့် ကိုယ်စားလှယ်နဲ့ အတူတူပဲလို့ သတ်မှတ်ရမှာပါ။ ဒီမိုကရေစီဆိုတာ အများဆန္ဒကို အနည်းစုက လေးစားကြရတာပါ။ ရွေးကောက်မခံရတဲ့ ကိုယ်စားလှယ်ကလည်း အများဆန္ဒနဲ့ ရွေးကောက်ခံရတဲ့ ကိုယ်စားလှယ်ကို လေးစားရမယ်။ လက်ဆွဲနှုတ်ဆက်နိုင်ရပါမယ်။

**ရှင်မင်း**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်နေ့မှ အောက်တိုဘာ ၁၆ ရက်နေ့အထိ တစ်ပတ်အတွင်း ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသူ |
|---|---|---|---|---|
| ၁။ | အင်္ဂလိပ်-ရှမ်း-မြန်မာကျောင်းသုံးဝေါဟာရ အဘိဓာန် | Normang Kham | ၂၀၀၀ | မြန်မာစာအဖွဲ့ |
| ၂။ | ကယားး-အင်္ဂလိပ်-မြန်မာအဘိဓာန် | Htye Reh | ၂၀၀၀ | မြန်မာစာအဖွဲ့ |
| ၃။ | မြန်မာ-အင်္ဂလိပ်-မွန်စကားပြောအဘိဓာန် | Nai Sot Shi (Kaw Dat) | ၂၅၀၀ | မြန်မာစာအဖွဲ့ |
| ၄။ | မြန်မာသဒ္ဒါသင်ကြားရေး | မောင်ခင်မင်(ဓနုဖြူ) | ၂၂၀၀ | မြန်မာစာအဖွဲ့ |
| ၅။ | ခေတ်သစ်အတွက်ပညာရေး | ဒေါက်တာ ခင်မောင်ဝင်း (သချ်ာ) | ၃၀၀၀ | ဆိပ်ကမ်းသာစာပေ |
| ၆။ | ဆည်းဆာလေညင်းကဗျာများ | ဆွေသန်း | ၄၀၀၀ | ရှင်မတောင်စာပေ |
| ၇။ | ၂၁ ရာစု ပြည်သူ့နီတိ | တင်ညွန့် | ၅၀၀၀ | မောက္ခစာပေ |
| ၈။ | ကျွန်တော်တို့လူ | ဖိုးကျော့ | ၂၂၀၀ | စိတ်ကူးချိုချိုစာပေ |
| ၉။ | နယ်ချဲ့ခေတ်အစ ဆရာဝန်ဘဝ | ဝဏ္ဏကျော်ထင် ဒေါက်တာမြင့်ဆွေ | ၆၅၀၀ | နေရီရီစာပေ |
| ၁၀။ | တစ်မိနစ်ပုစ္ဆာများ | ဒေါက်တာခင်မောင်ဝင်း (သချ်ာ) | ၁၅၀၀ | ရန်အောင်စာပေ |
| ၁၁။ | မြန်မာ့ဝေလေ့ရိုးရာစကားထာများနှင့် စကားလိမ်ဉာဏ်စမ်း အဖြေများ | ကောင်းပြည့်စုံ | ၂၀၀၀ | စိတ်ကူးချိုချိုစာပေ |
| ၁၂။ | မြန်မာစာမေးခွန်းပုံစံသစ် နံပါတ်(၆-က/ခ) အတွက် စာစီစာကုံးနှင့် အဆိုများ | ဒေါက်တာမင်းမော်သန်း | ၃၅၀၀ | ကံ့ကော်ဝတ်ရည် စာပေ |
| ၁၃။ | ပထမတန်းစား ကျန်းမာရေး | မင်းကျော်ဝင်း | ၃၀၀၀ | သိမ့်ထိုက်စာပေ |
| ၁၄။ | မှတ်ဉာဏ်ရင့်သန်ထက်မြက်စေရန် | ဟိန်းလတ် | ၃၅၀၀ | မဇ္ဈိမစာပေ |
| ၁၅။ | ရေနံမြေများကပြောသော မြန်မာရေနံသမိုင်း | သန်းထွန်း (ရေနံ) | ၃၀၀၀ | Smart စာပေ |
| ၁၆။ | အညာဓလေ့ရွာဓလေ့ | ကိုလေးမြတ် | ၃၀၀၀ | လင်းသစ်ရောင်စဉ် |
| ၁၇။ | စိုက်ပျိုးနိုင်ရန် မြေနှင့်ရေသည်အခြေခံ | ဦးမြင့်ဆွေ (ကိုရဲစိုက်ပျိုးရေး) | ၃၀၀၀ | Synergy |
| ၁၈။ | Dream Makers | မောင်ကိုကို (အမရပူရ) | ၅၀၀၀ | စိန်မိုးယံစာပေ |
| ၁၉။ | POEMS ON MYANMAR | Loke Thar | ၂၀၀၀ | Kyaw Win Sarpay |
| ၂၀။ | မေတ္တာပို့ရင်တကယ်ရောက်သလားနှင့် ဓမ္မသုတရသစာစုများ | ညွန့်ဇေယျာ | ၂၅၀၀ | ရန်အောင်စာပေ |
| ၂၁။ | ထာဝရကျေးဇူးရှင်များနှင့် အခြားဝတ္ထုတိုများ | မြတ်လေးမြင့် | ၂၀၀၀ | ရန်အောင်စာပေ |
| ၂၂။ | ရိုးမလက်ာဝတ္ထုတိုစုစည်းမှု (၄) | ကလောင်စုံ | ၂၀၀၀ | ဘဝပင်လယ်စာပေ |
| ၂၃။ | မယ်ဒက်ကယ်ဘုရားပွဲ | ခင်မို့မို့နီ | ၂၅၀၀ | စာပေခရီးသွားများ |
| ၂၄။ | ဒေါ်လာ (၁၀၀) ကိုယ်ပိုင်လုပ်ငန်းတစ်ခု | Du Du (ဘာသာပြန်) | ၄၅၀၀ | B2B စာပေ |
| ၂၅။ | ဟယ်ရီပေါ်တာနှင့်လျှို့ဝှက်အခန်း | ကြည်ကြည်ဝေ | ၄၃၀၀ | စိတ်ကူးချိုချိုစာပေ |

(ဆက်လက်ဖော်ပြပါမည်)

# သက်ဆိုင်ရာ ဥပဒေအရာရှိက အမှုတရားစွဲတင်တဲ့အချိန်ကစပြီး အမှုစီရင်ချက်ချမှတ်ပြီးတဲ့အထိ နိုင်ငံတော်ဘက်ကနေပြီးတော့ တစ်နည်းအားဖြင့်ပြောရရင် တရားလိုဘက်ကနေပြီးတော့ အမှုလိုက်ပါဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။

ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်သဥ္ဇာထွန်း

## ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများ၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်ပြီး ဥပဒေစကားဝိုင်းကျင်းပ

**ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများ၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်ပြီး ပြည်သူများသိရှိစေရန်အတွက် ဥပဒေစကားဝိုင်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးလှိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်သဥ္ဇာထွန်းတို့က နေပြည်တော် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (တပ်ကုန်း) ရှိ စတူဒီယိုခန်းမ၌ ဆွေးနွေးခဲ့ကြသည်။**

**အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**




**အစီအစဉ်မှူး**။ ။ ပထမဦးဆုံးအနေနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ဥပဒေရုံးအဆင့်ဆင့်မှာရှိတဲ့ ဖွဲ့စည်းပုံတွေနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦးရှင့်။

**ဒေါ်ခိုင်သဥ္ဇာထွန်း** ။ ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေအရ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ အဆင့်ဆင့်သော ဥပဒေရုံးတွေကို ဖွဲ့စည်းတည်ထောင်ခဲ့တာ ဖြစ်ပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်နဲ့ ဒုတိယရှေ့နေချုပ် ခန့်ထားခြင်းနဲ့ စပ်လျဉ်းပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၆ မှ ပုဒ်မ ၂၄၀ အထိမှာ သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ဟာ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဖြစ်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံတော်သမ္မတကို တာဝန်ခံရသူ ဖြစ်ပါတယ်။ ဒုတိယရှေ့နေချုပ်ကတော့ ပြည်ထောင်စုရှေ့နေချုပ်ကို တာဝန်ခံရတဲ့သူ ဖြစ်ပါတယ်။ နောက်ပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ကနေတစ်ဆင့် နိုင်ငံတော်သမ္မတကို တာဝန်ခံရသူလည်း ဖြစ်ပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်ဥပဒေမှာလည်း ပြည်ထောင်စုရှေ့နေချုပ်နဲ့ ဒုတိယရှေ့နေချုပ်တို့ရဲ့အရည်အချင်းနဲ့ တာဝန်ခံမှုတွေကို သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ အဲဒီသတ်မှတ်ချက်တွေကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်တွေနဲ့ အတူတူပဲ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဥပဒေချုပ်တွေနဲ့ စပ်လျဉ်းပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၅ မှ ပုဒ်မ ၂၆၉ အထိ သတ်မှတ်ပြဋ္ဌာန်းထားပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၂၁ မှ ပုဒ်မ ၃၃ အထိ သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။

**အစီအစဉ်မှူး**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အဆင့်ဆင့်သော ဥပဒေရုံးတွေရဲ့ ဖွဲ့စည်းထားပုံကို ဆက်လက်ပြီးတော့ ရှင်းပြပေးပါဦး။

**ဒေါ်ဌေးဌေးလှိုင်**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အဆင့်ဆင့်သော ဥပဒေရုံးတွေရဲ့ ဖွဲ့စည်းပုံကို ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေများမှာ ဖော်ပြထားပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ရုံးအဖွဲ့၊ ဌာနများကိုတော့ ဥပဒေများ စိစစ်အကြံပြုရေးဦးစီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ စီမံရေးရာဦးစီးဌာန ဆိုပြီးတော့ ဖွဲ့စည်းထားပါတယ်။ ဥပဒေရုံးအဆင့်ဆင့်ကိုတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဥပဒေချုပ်ရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥပဒေရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေရုံးများ၊ ခရိုင်ဥပဒေရုံးနဲ့ မြို့နယ်ဥပဒေရုံးဆိုပြီးတော့ ဖွဲ့စည်းထားပါတယ်။

**အစီအစဉ်မှူး**။ ။ ဥပဒေအရာရှိတွေရဲ့ လုပ်ငန်းတာဝန်တွေကိုလည်း ဆက်ပြီးတော့ ရှင်းပြပေးပါဦးရှင့်။

**ဒေါ်ခိုင်သဥ္ဇာထွန်း** ။ ။ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှာရှိတဲ့ ဥပဒေအရာရှိတွေက ပြည်ထောင်စုရှေ့နေချုပ်က ပေးအပ်တဲ့ လုပ်ငန်းတာဝန်တွေကို သတ်မှတ်ချက်တွေနဲ့အညီ ထမ်းဆောင်ရပါတယ်။

ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိတွေရဲ့လုပ်ငန်းတာဝန်တွေကတော့ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက ဥပဒေအကြံဉာဏ် တောင်းခံလာတဲ့အခါနဲ့ ပြစ်မှုဆိုင်ရာ အမှုများကို နိုင်ငံတော်က တရားလို သို့မဟုတ် တရားပြိုင်အဖြစ် ပါဝင်သော တရားမမှုတွေမှာ တရားစွဲတင်ပို့ခြင်းမပြုမီမှာ ဥပဒေနဲ့အညီ ဖြစ်စေရေးအတွက် စိစစ်ပြီး ဥပဒေအကြံဉာဏ်ပေးရပါတယ်။ နောက်တစ်ချက်ကတော့ ပြစ်မှုဆိုင်ရာအမှုများနဲ့ နိုင်ငံတော်က တရားလို သို့မဟုတ် တရားပြိုင်အဖြစ်ပါဝင်တဲ့ တရားမမှုတွေမှာ နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါဆောင်ရွက်ရပါတယ်။

> **“တရားခံကို စွဲချက်တင်ပြီးတဲ့နောက်မှာ တရားရုံးက စီရင်ချက်ချမှတ်တဲ့အခါ ပြစ်မှုနဲ့ ပြစ်ဒဏ် မျှတမှု ရှိ မရှိ ကိုလည်း စိစစ်ရပါတယ်။ ပြီးတော့ ဥပဒေတွေ၊ ပုဒ်မတွေ ပြောင်းလဲသွားရင်လည်း ဒါတွေဟာ ညီညွတ်ခြင်း ရှိ မရှိ စိစစ်တဲ့လုပ်ငန်းကို လုပ်ကိုင်ရပါတယ်။ ဒီတရားရုံးက အပြီးပြတ်အမိန့်ချမှတ်လိုက်တယ်ဆိုရင်ပဲ အဲဒီအမိန့်ဟာ ဥပဒေနဲ့ ညီညွတ်မှန်ကန်မှု ရှိ မရှိ ကိုလည်း သက်ဆိုင်ရာဥပဒေအရာရှိက စိစစ်ဖို့ တာဝန်ရှိပါတယ်”**

**ဒေါ်ဌေးဌေးလှိုင်**။ ။ ဥပဒေရုံးရဲ့ ဥပဒေအကြံဉာဏ်ပေးချက်နှင့်အညီ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းက လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ ကိုလည်း စိစစ်ရပါတယ်။ တရားစွဲအဖွဲ့အစည်းက ချုပ်မိန့်တောင်းခံသည့်အခါ တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေနဲ့ ညီညွတ်ခြင်း ရှိ မရှိ ကိုလည်း စိစစ်ရပါတယ်။ တရားစွဲအဖွဲ့အစည်းက သက်ဆိုင်ရာ တရားရုံးသို့ တရားစွဲဆိုတင်ပို့ခြင်းမပြုမီ အမှုကို ခိုင်မာမှု ရှိ မရှိ ကျွန်မတို့က စိစစ်တဲ့လုပ်ငန်းကိုလည်း လုပ်ကိုင်ရပါတယ်။

**ဒေါ်ခိုင်သဥ္ဇာထွန်း** ။ ။ တရားရုံးမှာ တရားစွဲဆိုထားတဲ့ ပြစ်မှုဆိုင်ရာ အမှုမှာ အမှုတစ်ရပ်လုံးကိုဖြစ်စေ၊ စွဲချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တရားခံတစ်ဦးဦးကိုဖြစ်စေ ရုပ်သိမ်းရန် သင့် မသင့် သတ်မှတ်ချက်များနဲ့အညီ စိစစ်ရပြီးတော့ အမှုပိတ်သိမ်းရန် သင့် မသင့်ကိုလည်း သတ်မှတ်ချက်များနဲ့အညီ စိစစ်ဆောင်ရွက်ရပါတယ်။

**ဒေါ်ဌေးဌေးလှိုင်**။ ။ ပြစ်မှုဆိုင်ရာ အမှုတွေမှာ တရားစွဲဆိုခြင်း မပြုသေးတဲ့ အမှုတွေမှာ အစိုးရသက်သေပြုလုပ်ဖို့ လိုအပ်လာမယ်ဆိုရင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနဲ့အညီ အစိုးရသက်သေပြုလုပ်ပြီးတော့ နိုင်ငံတော်ကနေလွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့လည်း ဆုံးဖြတ်ရပါတယ်။ နောက်ပြီးတော့ သေဒဏ်ထိုက်သင့်တဲ့ပြစ်မှုကို ကျူးလွန်တယ်လို့ စွပ်စွဲခံရတဲ့တရားခံက ဆင်းရဲနွမ်းပါးနေမယ်။ ရှေ့နေလည်း မငှားနိုင်ဘူးဆိုပြီးတော့ တရားရုံးမှာ တင်ပြလာတာမျိုးရှိပါတယ်။ အဲဒီလို တင်ပြလာတဲ့အခါမှာ ကျွန်မတို့ ဥပဒေရုံးကို အကြောင်းကြားတယ်။ အဲဒီလို အကြောင်းကြားတဲ့အခါမှာ အဲဒီတရားခံအတွက် နိုင်ငံတော်ဘက်ကနေ လိုက်ပါဆောင်ရွက်ပေးဖို့ ရှေ့နေငှားရမ်းပေးရပါတယ်။ ပြီးတော့ ပြစ်မှုဆိုင်ရာအမှုတွေမှာ ဥပဒေအရာရှိ လိုက်ပါတယ်။ အဲဒီလိုက်ပါတဲ့အမှုမှာပဲ တရားလိုဘက်က ရှေ့နေငှားမယ်ဆိုပြီးတော့ တင်ပြလာတာမျိုးရှိပါတယ်ရှင့်။ အဲလိုအမှုတွေမှာလည်း သတ်မှတ်ချက်များနှင့်အညီ အဲဒီရှေ့နေကို ကြီးကြပ်ပေးတဲ့ လုပ်ငန်းကိုလည်း လုပ်ကိုင်ပေးရပါတယ်ရှင့်။

**ဒေါ်ခိုင်သဥ္ဇာထွန်း** ။ ။ တရားရုံးရဲ့စီရင်ချက်၊ အမိန့် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်းပြီးတော့ နိုင်ငံတော်နဲ့ သက်ဆိုင်တဲ့ အမှုတွေမှာဆိုရင် ရာဇဝတ်ပြင်ဆင်မှု တင်သွင်းရန် သင့် မသင့် စိစစ်ဆုံးဖြတ်ရပါတယ်။ နောက်ပြီးတော့ အပြီးအပြတ်လွှတ်တဲ့အမိန့်ပေါ်မှာ အပြီးသတ် အယူခံဝင်ဖို့ သင့်တယ်လို့ယူဆရင် သတ်မှတ်ချက်များနဲ့အညီ ဆောင်ရွက်ရပါတယ်။

**အစီအစဉ်မှူး**။ ။ ဒါဆိုရင် ဥပဒေအရာရှိတွေရဲ့ တရားစွဲနဲ့ အမှုလိုက် လုပ်ငန်းတာဝန်တွေကိုလည်း ရှင်းပြပေးပါဦး။

**ဒေါ်ဌေးဌေးလှိုင်**။ ။ တရားစီရင်ရေးမှာ တရားမ တရားစီရင်ရေးနဲ့ ရာဇဝတ်တရားစီရင်ရေးဆိုပြီးတော့ နှစ်မျိုးရှိပါတယ်။ အဲဒီလို တရားမ တရားစီရင်ရေးမှာဆိုရင်တော့ ဥပဒေအရာရှိတွေက နိုင်ငံတော်ကနေပြီးတော့ တရားလို ဒါမှမဟုတ် တရားပြိုင်အဖြစ် ပါဝင်တဲ့ တရားမမှုတွေမှာ နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်ပေးရပါတယ်။ ရာဇဝတ်မှုတွေမှာကတော့ နိုင်ငံတော်ဘက်ကပေါ့။ တစ်နည်းအားဖြင့် တရားလိုဘက်ကနေ လိုက်ပါဆောင်ရွက်ပေးရပါတယ်။

**အစီအစဉ်မှူး**။ ။ အမှုတွေကို တရားရုံးစွဲတင်ခြင်းနဲ့ အမှုလိုက်ပါဆောင်ရွက်ခြင်း ကိစ္စရပ်တွေကိုလည်း ရှင်းပြပေးပါဦး။

**ဒေါ်ခိုင်သဥ္ဇာထွန်း** ။ ။ တရားစွဲအဖွဲ့အစည်းက တရားရုံးကို စွဲတင်မယ့် အမှုတွေကို စိစစ်တဲ့အခါမှာ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းက ဥပဒေအကြံပြုချက်နဲ့အညီ လိုက်နာခြင်း ရှိ မရှိ၊ အမှုရဲ့သက်သေစာရင်းမှာ အမှန်တကယ်လိုအပ်တဲ့ သက်သေအမည်ပါဝင်ခြင်း ရှိ မရှိ၊ အကယ်၍ တရားစွဲဆိုခွင့်ပြုမိန့်လိုတဲ့ အမှုတွေဆိုရင်လည်း ခွင့်ပြုမိန့် ပါဝင်ခြင်း ရှိ မရှိ၊ အခြားစာရွက်စာတမ်း ပြည့်စုံမှု ရှိ မရှိ၊ တရားခံရဲ့ကိုယ်ရေးအချက်အလက်တွေ ပြည့်စုံမှန်ကန်မှု ရှိ မရှိ စိစစ်ပြီးတော့ အမှုကို တရားရုံးကို တရားစွဲဆို တင်ပို့ပေးရပါတယ်။

သက်ဆိုင်ရာ ဥပဒေအရာရှိက အမှုတရားစွဲတင်တဲ့ အချိန်ကစပြီး အမှုစီရင်ချက် ချမှတ်ပြီးတဲ့အထိ နိုင်ငံတော်ဘက်ကနေပြီးတော့ တစ်နည်းအားဖြင့်ပြောရရင် တရားလိုဘက်ကနေပြီးတော့ အမှုလိုက်ပါဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။ နောက်နိုင်ငံတော်က အယူခံတရားလိုဖြစ်စေ၊ လျှောက်ထားသူဖြစ်စေ၊ လျှောက်ထားခံရသူဖြစ်စေ၊ အယူခံတရားခံဖြစ်စေ ပါဝင်တဲ့ ရာဇဝတ်အယူခံမှု၊ အထူးအယူခံမှု၊ ရာဇဝတ်ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုတွေမှာလည်း ဥပဒေအရာရှိများက နိုင်ငံတော်ဘက်ကနေ လိုက်ပါဆောင်ရွက်ရပါတယ်။

**အစီအစဉ်မှူး**။ ။ တရားရုံးကနေ စီရင်ချက် အမိန့်ချမှတ်တဲ့အခါ စီရင်ချက် အမိန့်အပေါ်မှာ ဆက်လက်ဆောင်ရွက်ရတဲ့ ဥပဒေအရာရှိတွေရဲ့တာဝန်တွေကိုလည်း သိပါရစေရှင့်။

**ဒေါ်ဌေးဌေးလှိုင်**။ ။ တရားခံကို စွဲချက်တင်ပြီးတဲ့နောက်မှာ တရားရုံးက စီရင်ချက် ချမှတ်တဲ့အခါ ပြစ်မှုနဲ့ ပြစ်ဒဏ် မျှတမှု ရှိ မရှိ ကိုလည်း စိစစ်ရပါတယ်။ ပြီးတော့ ဥပဒေတွေ၊ ပုဒ်မတွေ ပြောင်းလဲသွားရင်လည်း ဒါတွေဟာ ညီညွတ်ခြင်း ရှိ မရှိ စိစစ်တဲ့လုပ်ငန်းကို လုပ်ကိုင်ရပါတယ်။ ဒီတရားရုံးက အပြီးပြတ်အမိန့်ချမှတ်လိုက်တယ်ဆိုရင်ပဲ အဲဒီအမိန့်ဟာ ဥပဒေနဲ့ ညီညွတ်မှန်ကန်မှု ရှိ မရှိ ကိုလည်း သက်ဆိုင်ရာဥပဒေအရာရှိက စိစစ်ဖို့ တာဝန်ရှိပါတယ်။ အဲဒီလို စိစစ်တဲ့အခါမှာလည်း တရားရုံးကချမှတ်တဲ့ အမိန့်ဟာ ဥပဒေနဲ့မညီဘူးလို့ တွေ့ရှိရင် အထက်တရားရုံးကို အယူခံပြင်ဆင် တက်ရောက်နိုင်ဖို့အတွက် အထက်ဥပဒေရုံးအဆင့်ဆင့်ကို တင်ပြတဲ့လုပ်ငန်းကို လုပ်ကိုင်ရပါတယ် ။

**အစီအစဉ်မှူး**။ ။ ဒါဆိုရင် ဥပဒေအရာရှိတွေ လိုက်ပါဆောင်ရွက်တဲ့ ပြစ်မှုတွေမှာ တရားလိုဘက်က ရှေ့နေငှားရမ်းခဲ့ရင်ရော ငှားရမ်းခွင့် ရှိပါသလား။

**ဒေါ်ခိုင်သဥ္ဇာထွန်း** ။ ။ ဟုတ်ကဲ့ ရှိပါတယ်။ အဲဒီလို တရားလိုဘက်က တရားလိုအကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်မယ်ဆိုရင် လိုက်ပါဆောင်ရွက်ခွင့်ရှိတဲ့ ရှေ့နေက ကိုယ်စားလှယ်လွှဲစာနဲ့အတူ သတ်မှတ်ထားတဲ့ ပုံစံနဲ့အတူ သတ်မှတ်ထားတဲ့ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ပြီးတော့ သက်ဆိုင်ရာဥပဒေရုံးကို လျှောက်ထားရပါမယ်။ သက်ဆိုင်ရာ ဥပဒေရုံးရဲ့တာဝန်ခံ ဥပဒေအရာရှိက ကိုယ်စားလှယ်လွှဲစာပေါ်မှာ အမှုလိုက် ဥပဒေအရာရှိ၏ ညွှန်ကြားမှုဖြင့်သာ လိုက်ပါဆောင်ရွက်ခွင့်ပြုသည်လို့ ရေးသားဖော်ပြလက်မှတ်ထိုးပြီးတော့ ကိုယ်စားလှယ်လွှဲစာကို သက်ဆိုင်ရာတရားရုံးမှာ တင်သွင်းဖို့အတွက် တင်ပြရမှာ ဖြစ်ပါတယ်ရှင်။

**အစီအစဉ်မှူး**။ ။ အမှုရုပ်သိမ်းခြင်းနဲ့ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦး ။

**ဒေါ်ဌေးဌေးလှိုင်**။ ။ ပြည်ထောင်စုရှေ့နေချုပ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီးဥပဒေချုပ် ဒါမှမဟုတ် ပြည်နယ်ဥပဒေချုပ်ရဲ့ ညွှန်ကြားချက်အရဖြစ်စေ၊ အစိုးရဌာန အဖွဲ့အစည်းတစ်ခုခုက လျှောက်ထားလာတာပဲဖြစ်စေ၊ ဒါမှမဟုတ် မိမိကိုယ်တိုင်ပဲ စိစစ်တွေ့ရှိလို့ နစ်နာသူတစ်ဦးဦးကဖြစ်စေ၊ လျှောက်ထားလာတဲ့အခါ သက်ဆိုင်ရာတာဝန်ခံ ဥပဒေအရာရှိက သတ်မှတ်ချက်နဲ့အညီ စိစစ်ဆုံးဖြတ်ရပါတယ်။

မြို့နယ်တရားရုံးမှာ စွဲဆိုထားတဲ့အမှုတွေနဲ့ စပ်လျဉ်းပြီးတော့ ထောင်ဒဏ် ခုနစ်နှစ်အထိ ချနိုင်တဲ့ ရာဇဝတ်မှုတွေဆိုရင်တော့ မြို့နယ်တာဝန်ခံဥပဒေအရာရှိကပဲ အမှုရုပ်သိမ်းဖို့ ဆုံးဖြတ်ရပါတယ်။ အဲဒီအမှုက ထောင်ဒဏ် ခုနစ်နှစ်နဲ့အထက် ထောင်ဒဏ် ဆယ်နှစ်အထိ ချမှတ်နိုင်တဲ့ ပြစ်မှုတွေရှိမယ်ဆိုရင်တော့ မြို့နယ်တာဝန်ခံ ဥပဒေအရာရှိက သူ့ရဲ့ သဘောထားမှတ်ချက်ကို ရေးသားပြီးတော့ သက်ဆိုင်ရာ ခရိုင်ဥပဒေရုံးကို တင်ပြရပါတယ်။ ခရိုင်တာဝန်ခံအရာရှိက အမှုရုပ်သိမ်းရန် သင့် မသင့် ဆုံးဖြတ်ရပါတယ်။ ထောင်ဒဏ် ဆယ်နှစ်နဲ့အထက် ချမှတ်နိုင်တဲ့ အမှုတွေဆိုရင်တော့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးကို တင်ပြရပြီး ရုပ်သိမ်းဖို့ သင့် မသင့် ဆုံးဖြတ်ရပါတယ်။

**အစီအစဉ်မှူး**။ ။ အမှုပိတ်သိမ်းခြင်းနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦး ။

**ဒေါ်ခိုင်သဥ္ဇာထွန်း** ။ ။ တရားစွဲအဖွဲ့အစည်းများက အမှုစုံစမ်းထောက်လှမ်းပေမယ့် တရားရုံးကို တရားစွဲဆိုခြင်းမပြုနိုင်တဲ့ အခြေအနေ ခြောက်ချက်ရှိပါတယ်။ ပထမသုံးချက်ကတော့ တရားခံသေဆုံးမှုနဲ့ ရဲအရေးယူပိုင်ခွင့်မရှိတဲ့အမှု ဒါမှမဟုတ် လွှဲပြောင်းမှု ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့်အဖွဲ့ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ IDPs စခန်းများကို သွားရောက်ကြည့်ရှု



**မြစ်ကြီးနား အောက်တိုဘာ ၁၈**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့်အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်တို့နှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများသို့သွားရောက်၍ မိသားစုဝင်များနှင့် တွေ့ဆုံပြီး စခန်းများအတွင်း လှည့်လည်ကြည့်ရှုကြသည်။ (ဓာတ်ပုံ)

အထူးကိုယ်စားလှယ်နှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ ဂျာမိုင်ကောင်းရပ်ကွက်ရှိ ကက်သလစ်အသင်းတော် တိုက်ပွဲရှောင်စခန်းတွင် စခန်းတာဝန်ရှိသူများနှင့် ဆွေးနွေးကာ စခန်းအတွင်း မိသားစုဝင်များ၏ နေအိမ်များနှင့် ကလေးများအတွက် ဖွင့်လှစ်ထားသည့် မူကြိုကျောင်းတို့ကို ကြည့်ရှုကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် နောင်နန်းရပ်ကွက် တြိနီတိဘုရားကျောင်းဝင်းအတွင်းရှိ IDP Camp နှင့် ဂျော်မဆပ်ဘုရားကျောင်းဝင်းအတွင်းရှိ IDP Camp များတွင် စခန်းတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး စခန်းနေမိသားစုများ နေထိုင်စားသောက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု အခြေအနေတို့ကို တွေ့ဆုံဆွေးနွေးကာ စခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် အထူးကိုယ်စားလှယ်နှင့် အဖွဲ့သည် ဝိုင်းမော်မြို့နယ် မိုင်းနား RC စစ်ရှောင်စခန်းအတွင်း မိသားစုဝင်များ အသက်မွေးဝမ်းကျောင်းအတွက် ရက်ကန်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ စစ်ရှောင်စခန်းများမှ မိသားစုများကို ပြန်လည်နေရာချထားသည့်အိမ်ရာတို့ကို လှည့်လည်ကြည့်ရှုကြပြီး ထိုမှတစ်ဆင့် မိုင်းနား KBC ဘက်စုံဖွံ့ဖြိုးရေးခြံအတွင်းရှိ IDP စခန်းနှင့် ခတ်ချိ IDP စခန်းများသို့ သွားရောက်ပြီး စခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံကာ မိသားစုဝင်များ၏ နေအိမ်များ၊ မိသားစုများ အသက်မွေးလုပ်ငန်းအတွက် ပယင်းသွေးလုပ်ငန်းများ၊ ကလေးပျော်စခန်းများကို ကြည့်ရှုခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

❍ *ကျောဖုံးမှ*

ကမ္ဘာ့အဖွဲ့ချုပ်တို့ပူးပေါင်းပြီး နိုင်ငံတကာ လှည့်လည်ကျင်းပတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ကိုရီးယားမှာကျင်းပတဲ့ အာရှကာယဗလပြိုင်ပွဲမှာ ကမ္ဘာ့အဖွဲ့ချုပ်က အခုလို အိမ်ရှင်အဖြစ်ကျင်းပဖို့ ကမ်းလှမ်းပါတယ်။ မြန်မာနိုင်ငံမှာ အရှေ့တောင်အာရှပွဲတစ်ပွဲ ကျင်းပပေးဖို့ ကမ်းလှမ်းပြောဆိုလို့ အဓိကအဖွဲ့ချုပ်ကိုပံ့ပိုးပေးတဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်ကို တင်ပြတယ်။ မြို့တော်ဝန်ကလည်း ရန်ကုန်မြို့မှာ နိုင်ငံတကာပွဲလုပ်သင့်တယ်။ ကြိုးစားပါလို့ ပြောထားလို့ အခုလိုကျင်းပဖြစ်တာပါ။ တိုင်းဒေသကြီးအစိုးရကလည်း သဘောတူတဲ့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆက်တင်ပြပြီး အခုလို ကျင်းပဖို့ စီစဉ်ဖြစ်ခဲ့တာပါ''ဟု ပြောသည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်၍ ကျင်းပရေးဆပ်ကော်မတီအဖွဲ့နှင့်အတူ ပြိုင်ပွဲကျင်းပနိုင်ရန် ကြိုတင်စီစဉ်ထားမှုများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ပဏာမတွေ့ဆုံဆွေးနွေးသည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံမှ ဝိတ်တန်းပြည့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲအတွက် ပဏာမရွေးချယ်မှုကို လာမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲမှ နောက်ဆုံးဆန်ခါတင် ရွေးချယ်ကာ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်က စခန်းသွင်း လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**



(၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကျင်းပနိုင်ရေး ဆပ်ကော်မတီအဖွဲ့ မြို့တော်ဝန်နှင့် တွေ့ဆုံဆွေးနွေးစဉ်။



## မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၈**

မောင်တောမြို့နယ် နယ်မြေ(၂) အမှတ် (၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးရုံ့ချောင်း ရဲကင်းစခန်းမှ ဒုတိယရဲမှူး အောင်ကျော်ကျော် ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ် (၃၄) BGB တပ်ရင်း Gorijonbuniya ကင်းစခန်းမှ Naib Subedar Md. Abdul Hakim ဦးစီးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၇ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်မှ ၁၂ နာရီ ၄၅ မိနစ်အထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ် မှတ်တိုင်(၄၀) မှ (၄၁)ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

---

*စာမျက်နှာ ၁၀ မှအဆက်*

ဒုတိယသုံးချက်ကတော့ စုံစမ်းထောက်လှမ်းမရတဲ့အမှု၊ လီဆယ်မှုနဲ့ မှားယွင်းမှုတို့ ဖြစ်ပါတယ်။ ပထမသုံးချက်ဖြစ်တဲ့ တရားခံသေဆုံးတဲ့အမှု၊ ရဲအရေးပိုင်ခွင့်မရှိတဲ့အမှု ဒါမှမဟုတ် လွှဲပြောင်းမှုတွေကို သက်ဆိုင်ရာဥပဒေရုံးကပဲ အမှုပိတ်သိမ်းခွင့်ပြုရန် သင့် မသင့် စိစစ်ဆုံးဖြတ်ရပါတယ်။

ဒုတိယသုံးချက်ဖြစ်တဲ့ စုံစမ်းထောက်လှမ်းမရမှု၊ လီဆယ်မှုနဲ့ မှားယွင်းမှုတွေမှာဆိုရင်တော့ ရုပ်သိမ်းခွင့်မှာ တင်ပြသွားသလိုပါပဲ။ ထောင်ဒဏ်ခုနစ်နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်တဲ့ အမှုတွေဆိုရင် မြို့နယ်ဥပဒေအရာရှိက အမှုပိတ်သိမ်းဖို့ သင့် မသင့် စိစစ်ဆုံးဖြတ်ရပါတယ်။ ထောင်ဒဏ်ခုနစ်နှစ်နဲ့အထက် ထောင်ဒဏ်ဆယ်နှစ်အထိ ချမှတ်နိုင်တဲ့ ပြစ်မှုတွေမှာဆိုရင်တော့ ခရိုင်ဥပဒေချုပ်ရုံးကို တင်ပြရပြီးတော့ ခရိုင်ဥပဒေချုပ်ရုံးက အမှုပိတ်သိမ်းရန် သင့် မသင့် ဆုံးဖြတ်ရပါတယ်။ ထောင်ဒဏ် ဆယ်နှစ်နဲ့အထက် ချမှတ်နိုင်တဲ့ အမှုတွေဆိုရင်တော့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဥပဒေချုပ်ရုံးကို တင်ပြရပြီးတော့ အမှုပိတ်သိမ်းရန် သင့် မသင့်ကိုတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က အမှုပိတ်သိမ်းရန် သင့် မသင့် ဆုံးဖြတ်ရပါတယ်။

**အစီအစဉ်မှူး**။ ။ တရားမမှုတွေမှာ ဥပဒေအရာရှိတွေရဲ့ လိုက်ပါဆောင်ရွက်ဖို့ တာဝန်တွေကိုလည်း ဆက်လက်ရှင်းပြပေးပါဦး။

**ဒေါ်ဌေးဌေးလှိုင်**။ ။ ဥပဒေရုံးအဆင့်ဆင့်မှာရှိတဲ့ဥပဒေအရာရှိတွေက နိုင်ငံတော်ကပါဝင်တဲ့ တရားမမူလမှု၊ တရားမပြင်ဆင်မှု၊ တရားမအယူခံမှု၊ တရားမ အထူးအယူခံမှု၊ တရားမအထွေထွေလျှောက်ထားမှုတွေမှာ နိုင်ငံတော်ဘက်က လိုက်ပါဆောင်ရွက်ဖို့နဲ့ အကြံဉာဏ်ပေးဖို့ တာဝန်ရှိပါတယ်။ နိုင်ငံတော်ဆိုတဲ့နေရာမှာ အစိုးရဌာန အဖွဲ့အစည်းတွေက တရားလို သို့မဟုတ် တရားပြိုင်အဖြစ်ပါဝင်တဲ့ အမှုတွေ ဖြစ်ပါတယ်။

**အစီအစဉ်မှူး**။ ။ တရားစွဲအမှုလိုက်နဲ့ ပတ်သက်ပြီးတော့ ဥပဒေလုပ်ငန်းတာဝန်တွေကို သိရပြီဆိုတော့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေနဲ့ ပတ်သက်ပြီးတော့လည်း ပါဝင်ဆောင်ရွက်ရတဲ့ လုပ်ငန်းတာဝန်များရှိရင်လည်း သိပါရစေ။

**ဒေါ်ခိုင်သဉ္ဇာထွန်း** ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားစွဲနဲ့ အမှုလိုက်ဦးစီးဌာနမှာပြည်ထောင်စုအဆင့် ဌာနများအတွက် အမှုလိုက်ဌာနခွဲရှိပါတယ်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်နဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေဖြစ်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးတွေမှာ ဥပဒေအရာရှိတွေဟာ အမှုလိုက်ပါဆောင်ရွက်ကြရပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ တင်သွင်းတဲ့ စာချွန်တော်အမိန့် လျှောက်ထားခြင်းဆိုင်ရာ အမှုတွေမှာလည်း ဥပဒေအရာရှိများဟာ နိုင်ငံတော်ဘက်က လိုက်ပါဆောင်ရွက်ရပါတယ်။

**အစီအစဉ်မှူး**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှာရှိတဲ့ ဥပဒေရုံးအဆင့်ဆင့်မှာရှိတဲ့ ဥပဒေအရာရှိများရဲ့ အခန်းကဏ္ဍနဲ့ပတ်သက်ပြီးတော့ အခြား ဘာများဖြည့်စွက်ပြောချင်ပါသလဲ ။

**ဒေါ်ဌေးဌေးလှိုင်**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ အဆင့်ဆင့်သော ဥပဒေရုံးများမှာရှိတဲ့ ဥပဒေအရာရှိတွေဟာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတွေ၊ အစိုးရဌာနတွေကို ဥပဒေအကြံဉာဏ်ပေးခြင်းလုပ်ငန်းနဲ့ အုပ်ချုပ်ရေးကဏ္ဍမှာ ပါဝင်ဆောင်ရွက်နေရသလို သက်ဆိုင်ရာ လွှတ်တော်တွေမှာ ဥပဒေပြဋ္ဌာန်းနိုင်ဖို့အတွက် ဥပဒေကြမ်းတွေကို စိစစ်အကြံပြုခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ရပါတယ်။ အစိုးရဌာနတွေမှာ ထုတ်ပြန်မယ့် အမိန့်၊ နည်းဥပဒေများ၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းတွေကိုလည်း ဥပဒေနဲ့ ညီညွတ်ခြင်း ရှိ မရှိကိုလည်း စိစစ်ပေးနေရတဲ့အတွက် အုပ်ချုပ်ရေးနဲ့ ဥပဒေပြုရေးကဏ္ဍနှစ်ရပ်လုံးမှာ ပါဝင်ဆောင်ရွက်နေရတဲ့သူတွေ ဖြစ်ပါတယ်။ နောက်ပြီးတော့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်နဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးတရားလွှတ်တော်တွေ တရားရုံးအဆင့်ဆင့်မှာ အမှုလိုက်ပါဆောင်ရွက်ခြင်းနဲ့ ဥပဒေအရာရှိတွေဟာ တရားစီရင်ရေးကဏ္ဍမှာလည်း အရေးပါတဲ့နေရာမှာ ပါဝင်ဆောင်ရွက်နေကြရပါတယ်။

ဒ့ါကြောင့် ဥပဒေအရာရှိများဟာ ပါတီစုံဒီမိုကရေစီစနစ်နဲ့အညီ နိုင်ငံတော်တည်ဆောက်တဲ့နေရာမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာသုံးရပ်လုံးမှာ ပါဝင်ဆောင်ရွက်နေကြရတဲ့ နိုင်ငံ့ဝန်ထမ်းတွေ ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

ကျေးဇူးတင်ပါတယ်ရှင့်။

**ခင်ရတနာ၊ သိမ့်သိမ့်မိုး (မြန်မာ့အလင်း)**
**ဓာတ်ပုံ- သိန်း**

# မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှု

| စဉ် | အကြောင်းအရာ | ၂၀၁၇ စက်တင်ဘာလထိ | ၂၀၁၈ စက်တင်ဘာလထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့် လာရောက်သူများ | ၉၂၁၅၇၇ | ၉၂၄၁၂၇ | ၂၅၅၀ | (+) ၀.၂၈ % |
| ၂ | အပျော်စီးသင်္ဘောဖြင့် ဝင်ရောက်သူများ | ၅၂၈၂ | ၇၀၈၉ | ၁၈၀၇ | (+) ၃၄.၂၁ % |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်း ပိုင်းထိလာရောက်သူများ | ၂၇၆၃၂ | ၂၉၅၀၄ | ၁၈၇၂ | (+) ၆.၇၇ % |
| | ဗီဇာဖြင့် လာရောက်သူပေါင်း | ၉၅၄၄၉၁ | ၉၆၀၇၂၀ | ၆၂၂၉ | (+) ၀.၆၅ % |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ | ၁၅၆၇၆၆၉ | ၁၅၆၂၂၆၄ | -၅၄၀၅ | (-) ၀.၃၄ % |
| | စုစုပေါင်း | ၂၅၂၂၁၆၀ | ၂၅၂၂၉၈၄ | ၈၂၄ | (+) ၀.၀၃ % |

VISITOR ARRIVALS BY NATIONALITY (Compare)

| No | NATIONALITY | 2017(Up to Sept) | 2018(Up to Sept) | difference | % |
|---|---|---|---|---|---|
| | NORTH AMERICA | 61469 | 52276 | -9193 | -14.96% |
| 1 | AMERICA | 46161 | 44496 | -1665 | -3.61% |
| 2 | CANADA | 15308 | 7780 | -7528 | -49.18% |
| | OTHER AMERICAS | 9145 | 7515 | -1630 | -17.82% |
| | WEST EUROPE | 165524 | 122262 | -43262 | -26.14% |
| 1 | FRANCE | 41102 | 29038 | -12064 | -29.35% |
| 2 | U.K | 33742 | 26281 | -7461 | -22.11% |
| 3 | GERMANY | 26661 | 18174 | -8487 | -31.83% |
| 4 | ITALY | 11976 | 10221 | -1755 | -14.65% |
| 5 | SWITZERLAND | 8523 | 6138 | -2385 | -27.98% |
| 6 | NETHERLANDS | 9677 | 6540 | -3137 | -32.42% |
| 7 | BELGIUM | 4933 | 3801 | -1132 | -22.95% |
| 8 | AUSTRIA | 2810 | 2089 | -721 | -25.66% |
| 9 | SPAIN | 9696 | 7726 | -1970 | -20.32% |
| 10 | OTHERS | 16404 | 12254 | -4150 | -25.30% |
| | EAST EUROPE | 13692 | 11775 | -1917 | -14.00% |
| 1 | RUSSIA | 3800 | 3510 | -290 | -7.63% |
| 2 | OTHERS | 9892 | 8265 | -1627 | -16.45% |
| | AFRICA | 3525 | 3125 | -400 | -11.35% |
| | MIDDLE EAST | 4850 | 3864 | -986 | -20.33% |
| | ASIA | 670907 | 738317 | 67410 | 10.05% |
| 1 | THAILAND | 190863 | 212162 | 21299 | 11.16% |
| 2 | CHINA | 148362 | 198256 | 49894 | 33.63% |
| 3 | JAPAN | 74218 | 73242 | -976 | -1.32% |
| 4 | KOREA | 46989 | 46319 | -670 | -1.43% |
| 5 | SINGAPORE | 42608 | 40168 | -2440 | -5.73% |
| 6 | VIETNAM | 41570 | 39203 | -2367 | -5.69% |
| 7 | TAIWAN | 26565 | 25681 | -884 | -3.33% |
| 8 | INDIA | 30306 | 31828 | 1522 | 5.02% |
| 9 | MALAYSIA | 30919 | 33478 | 2559 | 8.28% |
| 10 | PHILIPPINE | 13261 | 12184 | -1077 | -8.12% |
| 11 | OTHERS | 25246 | 25796 | 550 | 2.18% |
| | OCEANIA | 25379 | 21586 | -3793 | -14.95% |
| 1 | AUSTRALIA | 21910 | 18570 | -3340 | -15.24% |
| 2 | NEWZEALAND | 3324 | 2843 | -481 | -14.47% |
| 3 | OTHERS | 145 | 173 | 28 | 19.31% |
| | TOTAL | 954491 | 960720 | 6229 | 0.65% |

# Weekly Eleven ဂျာနယ်ပါ ဆောင်းပါးနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ တိုင်ကြား

**နေပြည်တော် အောက်တိုဘာ ၁၈**

အောက်တိုဘာ ၈ ရက်ထုတ် Weekly Eleven ဂျာနယ်ပါ "အမြဲရှုံးနေတဲ့ စက်သုံးဆီဆိုင်တွေပိတ်ရေး၊ ငွေချေးသူ ဘယ်သူမှန်းမသိတဲ့ ကျောင်းကားနှင့် လူနာမည်ပေါက် ပြည်သူ့ရှယ်ယာ" ဟူသော ဆောင်းပါးနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ခိုင်က မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ (MPC) သို့ တိုင်ကြားစာပေးပို့ခဲ့ကြောင်း သိရသည်။

ဆောင်းပါးရေးသားဖော်ပြခဲ့သည့် သတင်းမီဒီယာအနေဖြင့် သတင်းမီဒီယာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) (င)(ဆ) (ဈ) ပါ သတင်းမီဒီယာသမား တစ်ဦး၏ တာဝန်နှင့် ကျင့်ဝတ်စည်းကမ်းများကို ချိုးဖောက်သည့်အတွက် ညှိနှိုင်းဖြေရှင်းပြီး အရေးယူပေးပါရန် တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ တိုင်ကြားစာပေးပို့ခဲ့မှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဦးမြင့်ကျော်က "မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကို ဒီနေ့ တိုင်ကြားစာ ယူလာတယ်။ ပြီးခဲ့တဲ့နေ့တွေကတည်းက Eleven Media Group ကနေ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကို ကြားဝင်ဖြေရှင်းပေးဖို့ အကူအညီတောင်းထားတဲ့ စာရှိတဲ့အတွက်ကြောင့် ရန်ကုန်တိုင်းဒေသကြီးကို ဖိတ်ကြားခဲ့တာပါ။ ဒီလိုဖိတ်ကြားတဲ့အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လာတယ်။ အဲဒီမှာ သူတို့က ကောင်စီကို တိုင်ကြားစာပို့သွားတာပါ။ လုပ်ထုံးလုပ်နည်း အရ ဖြည့်ရတဲ့ပုံစံတွေလည်း သူတို့ဖြည့်ပြီး ဒီနေ့ညနေပဲ ပြန်လာပို့တယ်လို့ ပြောတယ်။ ကောင်စီအနေနဲ့ Eleven Media Group ကို မနက်ဖြန်မနက် ၁၁ နာရီခွဲမှာ ဖိတ်ကြားထားတယ်။ တကယ်ဆိုရင် ဒီအမှုကို တရားစွဲဆိုတဲ့ တရားလိုဘက်က ပြန်ရုပ်သိမ်းဖို့ လိုအပ်လိမ့်မယ်။ ဒီလိုရုပ်သိမ်းမှ ကောင်စီကနေ ဥပဒေ၊ နည်းဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်လို့ရမယ်" ဟု ပြောကြားသည်။

သတင်းမီဒီယာဥပဒေအရ သတင်းမီဒီယာသမားတစ်ဦးသည် သတင်းမီဒီယာဥပဒေတွင် ပြဋ္ဌာန်းပါရှိသည့် တာဝန်နှင့် ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းယူဆလျှင် ရှေးဦးစွာကောင်စီသို့ တိုင်ကြားနိုင်ကြောင်း၊ ကောင်စီအနေဖြင့် တိုင်ကြားချက်ကို လက်ခံရရှိပါက နှစ်ဖက်တွေ့ဆုံ ညှိနှိုင်းဖြေရှင်းခြင်းဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များ နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး ကောင်စီတွင် ညှိနှိုင်းဖြေရှင်း၍ ပြေလည်မှု မရှိပါက တိုင်ကြားသူ သို့မဟုတ် ကျေနပ်မှုမရှိသူသည် သက်ဆိုင်ရာ တရားရုံးတွင် ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ကြောင်း သိရသည်။

"သတင်းမီဒီယာသမားတွေကို တရားစွဲဆိုတာနဲ့ ပတ်သက်ပြီး အဖွဲ့အစည်းတွေ အထူးသဖြင့်တော့ အစိုးရ၊ တပ်မတော်၊ လွှတ်တော်တို့အနေနဲ့ တရားစွဲခြင်းမပြုမီမှာ သတင်းမီဒီယာကောင်စီဟာ တိုင်ကြားလို့ရတဲ့ ဌာနတစ်ခုဖြစ်တယ်ဆိုတာကို မဏ္ဍိုင်လေးရပ် တွေ့ဆုံပွဲတွေမှာလည်း ပြောခဲ့ကြပါတယ်။ အဲဒီဟာမျိုးကို အဖွဲ့အစည်းတွေအနေနဲ့ လိုက်နာကျင့်သုံးစေချင်ပါတယ်။ တတ်နိုင်သရွေ့ တရားရုံးကို မရောက်အောင်ပါ။ ကောင်စီနဲ့ဖြေရှင်းပြီး အကယ်၍ မပြေလည်ခဲ့ဘူးဆိုမှ တရားဥပဒေအရ ဆက်လက်ပြီးဖြေရှင်းရမယ့် အခွင့်အလမ်းရှိတယ်။ တရားမစွဲခင်မှာ ကောင်စီကို အရင်ဆုံးတိုင်ကြားစေချင်ပါတယ်။ ဒါက ကောင်းတဲ့နမူနာ၊ ကောင်းတဲ့အစဉ်အလာ ဖြစ်အောင်လို့ပါ။ မီဒီယာသမားတွေလည်း မလိုအပ်ဘဲနဲ့ တရားစွဲခံရတာတို့၊ ဖမ်းဆီးခံရတာတို့ မဖြစ်အောင်ပါ။ ဒါကြောင့် သတင်းမီဒီယာကောင်စီမှာ တိုင်ကြားလို့ရတယ်ဆိုတာကို သိစေချင်တယ်"ဟု ဦးမြင့်ကျော်က ဆက်လက်ပြောကြားသည်။

**သတင်းစဉ်**

❁ *ကျော့ဖုံးမှ*

အေးအေးထွေး၊ သဇင်အောင်၊ **အလယ်တန်း -** မေဖူးကို၊ လင်းလဲ့ဦး၊ ဘွဲ့လျှန်ကိန်း၊ နှင်းမြသဇင်၊ မိုးမမစိုး၊ ပုံ့ပုံ့ပြည့်မောင်၊ **ရှေ့တန်း -** စန်းသော်သော်၊ ချိုချိုမြင့်၊ နွယ်နီဝင်း၊ လင်းမြင့်မိုရ်၊ မြတ်နိုးခင်တို့ ပါဝင်ကြသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပဏာမကစားသမား ၂၆ ဦးအနက် သုံးဦးလျှော့ချခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ အပြီးသတ်ရွေးချယ်ရာတွင် မေသွေးကို၊ ဇင်ယော်ခင်နှင့် လှိုင်လှိုင်မြင့်တို့ ကျန်ရစ်ခဲ့ပြီး ယူ-၁၆ အမျိုးသမီးအသင်းမှ ရွေးချယ်ထားသည့် ကစားသမားများအနက် မြတ်နိုးခင်နှင့် ပုံ့ပုံ့ပြည့်မောင်တို့ ပါဝင်လာသည်။

ခြေစစ်ပွဲ အုပ်စု (စ) ပွဲစဉ်များကို အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းနှင့်အတူ လာအို၊ အီရန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုပွဲများအဖြစ် အောက်တိုဘာ ၂၄ ရက်တွင် အီရန်နှင့် လာအို၊ အောက်တိုဘာ ၂၆ ရက်တွင် မြန်မာနှင့် လာအို၊ အောက်တိုဘာ ၂၈ ရက်တွင် မြန်မာနှင့် အီရန်အသင်းတို့ ယှဉ်ပြိုင် ကစားမည် ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဖက်ဒရယ်ဆိုင်ရာ သဘာဝသယံဇာတ စီမံခန့်ခွဲရေးမူဝါဒ အလုပ်ရုံဆွေးနွေး

**ရွှေကူ အောက်တိုဘာ ၁၈**

ဗန်းမော်ခရိုင် ရွှေကူမြို့အမှတ် (၄) ရပ်ကွက် နှစ်ခြင်းအသင်းတော် ကျောင်းဝင်းအတွင်း၌ အောက်တိုဘာ ၁၅ ရက်မှ ၁၆ ရက်တို့တွင် ဖက်ဒရယ်ဆိုင်ရာ သဘာဝသယံဇာတစီမံခန့်ခွဲရေးမူဝါဒ အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် အဆိုပါကျောင်းဝင်းအတွင်း၌ နေထိုင်သော တိုက်ပွဲရှောင်ပြည်သူများနှင့် ရပ်ကွက်နေပြည်သူများအား ကချင်ပြည်နယ်အခြေစိုက် အရပ်ဘက် ကချင်လူမှုဖွံ့ဖြိုးရေး ကွန်ရက် (KDNG)မှ ဖက်ဒရယ်ဆိုင်ရာ သဘာဝသယံဇာတ စီမံခန့်ခွဲရေးမူဝါဒများကို အများပြည်သူ သိရှိနားလည်စေရန် သိသင့်သိထိုက်သည့် အသိပညာများကို ဦးတူးရော်က ရှင်းလင်း ပို့ချခဲ့ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

# ရောဝတီမြစ်အတွင်းသို့ ငါးဂိုက်ငါးကြီးတစ်ကောင် ပြန်လွှတ်ပေး

**ချောက် အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့အမှတ် (၅) ရပ်ကွက် ရန်ကင်းရပ်နေ ဦးအောင်မြိုင်သည် ငါးဖမ်းသည့်ပိုက်(ယက်သည်) ဖြင့် ဖမ်းဆီးရရှိသော ငါးဂိုက် ငါးကြီး တစ်ကောင်ကို ဖမ်းဆီးရမိပြီးနောက် ရောဝတီမြစ်အတွင်းသို့ ပြန်လည် လွှတ်ပေးခဲ့သည်။

အဆိုပါဖမ်းဆီးရမှုမှာ အောက်တိုဘာ ၁၇ ရက် ညနေ ၆ နာရီက အမှတ် (၅) ရပ်ကွက်အနီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပစ္စည်းစီမံဌာနဘေးရှိ ရောဝတီမြစ်ကမ်းစပ် ခပ်လှမ်းလှမ်း၌ ငါးတိုက်ရန်ချိုများချထားရာမှ ရခြင်း ဖြစ်ပြီး ငါးဖမ်းသည့်ပိုက်(ယက်သည်)မှာ အလျား ၁၃ ပေ၊ ဇောက်မှာ ကိုးပေခန့် ရှိကြောင်း၊ ငါးဂိုက် ငါးကြီးမှာ အလျား ခြောက်ပေ၊ လုံးပတ် သုံးပေ၊ ပိဿာချိန် ၉၀ ရှိကြောင်း သိရသည်။

ငါးဂိုက် ငါးကြီး ဖမ်းဆီးမိသူ ဦးအောင်မြိုင်က ငါးကြီးကို ရွှေရည်ငွေရည် အမွှေးနံ့သာများ ပက်ဖျန်းကာ ရောဝတီမြစ် အတွင်းသို့ ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။ **ကျော်မိုး (ပြန်/ဆက်)**



# စဉ့်ကူးမြို့နယ်၌ ရောဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြို လူနေအိမ်သုံးလုံးနှင့် စာကြည့်တိုက်တစ်လုံး ပြောင်းရွှေ့ပေးခဲ့ရ

**စဉ့်ကူး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ အောက်တိုဘာ ၁၇ ရက် နံနက် ၇ နာရီက ဟသ်ာမကျေးရွာအုပ်စု ဟသ်ာမကျေးရွာနှင့် ပေါက်ကုန်းကျေးရွာတို့တွင် ရောဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုဖြစ်ပွားပြီး လူနေအိမ်သုံးလုံးနှင့် စာကြည့်တိုက်တစ်လုံး ပြောင်းရွှေ့ပေးခဲ့ရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

**ပြောင်းရွှေ့ပေးခဲ့ရ**

အဆိုပါကမ်းပြိုမှုကြောင့် ပေါက်ကုန်းကျေးရွာမှ ဒို့ကျေးရွာ အမည်ရှိ စာကြည့်တိုက် အခန်းအကျယ် ကိုးပေ နှစ်ခန်း ပတ်လည် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း တစ်လုံး၊ ဟသ်ာမကျေးရွာနေ ဦးသိန်းနိုင်၏နေအိမ် အခန်းအကျယ် ရှစ်ပေ သုံးခန်း နှစ်ခန်း၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နေအိမ်တစ်လုံး၊ ဦးတင့်ဆွေ၏နေအိမ် အခန်းအကျယ် ရှစ်ပေ သုံးခန်းနှစ်ခန်း၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နေအိမ်တစ်လုံး၊ ဦးမြမော်၏နေအိမ် အခန်းအကျယ် ရှစ်ပေ သုံးခန်းနှစ်ခန်း၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နေအိမ်တစ်လုံး စုစုပေါင်း နေအိမ်သုံးလုံးနှင့် စာကြည့်တိုက်တစ်လုံးတို့ကို ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

**ထိခိုက်မှုမရှိ**

ကမ်းပြိုမှုကြောင့် အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၄ ဦးတို့၏ စားသောက်နေထိုင်ရေးကို ဆွေမျိုးသားချင်းများ၊ အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။ **မင်းဇော်ဦး(ပြန်/ဆက်)**

◆ *ကျော့ဖုံးမှ*

ဘောလုံးသမားဟောင်း ဦးသန်းတိုးအောင်ကို အဖွဲ့ခေါင်းဆောင်အဖြစ် ခန့်အပ်ခဲ့သည်။

ဦးသန်းတိုးအောင်နှင့် နောက်ခံလူ ဇော်မင်းထွန်းသည် အောက်တိုဘာ ၁၉ ရက် **(ယနေ့)** နံနက်ပိုင်းတွင် ကာတာနိုင်ငံသို့သွားရောက်မည်ဖြစ်ပြီး ညနေပိုင်းတွင် အသင်းနှင့် ပူးပေါင်းမည် ဖြစ်သည်။ ဇော်မင်းထွန်းသည် ၂၀၁၆ အာဆီယံဆူဇူကီး ဖလားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်းတွင် ခြေစွမ်းပြကစားခဲ့ပြီး ကမ္ဘောဒီးယားနှင့် အုပ်စုပွဲတွင် နှစ်ဂိုးသွင်းယူပေးခဲ့သည်။

**ရဲရင့်ရှိုင်း**

# မြဝတီ-ကော့ကရိတ် အာရှလမ်းတွင် တွဲယာဉ်နှစ်စီးတိုက်မိပြီး မီးလောင်သဖြင့် သုံးဦးသေဆုံး

သဃ်န်းညီနောင် အောက်တိုဘာ ၁၈

**ကရင်ပြည်နယ် မြဝတီမြို့နယ် မြဝတီ-ကော့ကရိတ် အာရှလမ်းတွင် အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက ယာဉ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်ကာ နှစ်စီးလုံးမီးလောင်ပြီး သုံးဦးသေဆုံးသွားကြောင်း သိရသည်။**



အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက မြဝတီ- ကော့ကရိတ်လမ်းအတိုင်း မြဝတီဘက်မှ ကော့ကရိတ်ဘက်သို့ ယာဉ်မောင်း အောင်မြင့်မြတ်( ၃၈ နှစ်)တာမွေမြို့နယ်နေသူ မောင်းနှင်လာသော 3M/---- ဇော်ဗို ၂၀ ဘီး တွဲယာဉ်ပေါ်တွင် မှုတ်ဆေးဘူးများ တင်ဆောင်မောင်းနှင်လာစဉ် ကော့ကရိတ်ဘက်မှ မြဝတီဘက်သို့ ယာဉ်မောင်း(စိစစ်ဆဲ) မောင်းနှင်လာသည့် တွဲယာဉ်တို့ မြဝတီမြို့နယ် ကွင်းကလေး တံတားထိပ်အနီးတွင် မျက်နှာချင်းဆိုင် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် ယာဉ်နှစ်စီးလုံး မီးလောင်ခဲ့သည့်အပြင် တံတားလုံခြုံရေးတာဝန်ဆောင်ရွက်ရန် ဆောက်လုပ်ထားသည့် မြေစိုက်တဲတစ်လုံးပါ မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်နေသည့် ယာဉ်နှစ်စီးကို မြဝတီခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောလှထွန်းစံ ဦးစီး မီးသတ်တပ်ဖွဲ့ဝင်များ၊ သဃ်န်းညီနောင်နာရေးကူညီမှုအသင်းမှ ဦးစိုးမိုးထွေးတို့ ဦးဆောင်သည့်အဖွဲ့များနှင့် မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်နိုင်ထွန်း ဦးစီးသည့်ရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းကာ မီးငြိမ်းသတ်ခြင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ယာဉ်ကြောရှင်းလင်းရေးလုပ်ငန်းများကို ဝိုင်းဝန်းလုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့များဖြင့် ဝိုင်းဝန်းကယ်ဆယ်ရေးဆောင်ရွက်စဉ် မီးလောင်သည့်ယာဉ်နှစ်စီးအတွင်းမှ မီးလောင်သေဆုံးနေသည့် လူသုံးဦးအားတွေ့ရှိသဖြင့် လူမှုကူညီရေးအဖွဲ့က မြဝတီဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သဃ်န်းညီနောင် နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေး လျက်ရှိကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၉-၁၀-၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၁၀း၃၀ - လူမှုစီးပွားမြင်ကွင်းများ
၁၁း၁၅ - "အရောက်လှမ်းခဲ့နော် ကျောက်ဆည်ဆင်ပွဲတော်"
၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၁၀) အောင်မြင့်မြတ်၊ မြတ်သူအောင်၊ သူရထူး၊ နွယ်ဒါလီထွန်း၊ ခင်သဇင်၊ ဂုဏ်ရည်အေးကျော် ဒါရိုက်တာ-မင်းခိုက်စိုးစန်
၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါချောင်အန်း" (အပိုင်း-၁၅)
၁၄း၅၀ - ၂၀၁၇ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၉) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ)

**ညပိုင်း**

၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း
၁၈း၂၀ - BBC Click
၁၈း၄၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "သမ္မတကြီးထံပေးစာနှင့် တစ္ဆေပါလာပြီ"
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၁၁) အောင်မြင့်မြတ်၊ မြတ်သူအောင်၊ သူရထူး၊ နွယ်ဒါလီထွန်း၊ ခင်သဇင်၊ ဂုဏ်ရည်အေးကျော် ဒါရိုက်တာ-မင်းခိုက်စိုးစန်
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက် "မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ"
- "ရွေးကောက်ပွဲ ကုန်ကျစရိတ်တင်သွင်းခြင်းနှင့် ဥပဒေ" NRC နှစ်ပတ်လည် ဇာတ်လမ်း "ရောင်စုံပန်းတို့ရဲ့ဒိုင်ယာရီ"

## တမူးမြို့ချောက်နက်ကြီးကျေးရွာအထွက်တွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**တမူး အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ ချောက်နက်ကြီးကျေးရွာ အထွက်တွင် အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီခွဲက ဘိန်းဖြူ ၄၂၀ ဂရမ်ခန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



တမူးမြို့ မူးယစ်တပ်ဖွဲ့စု(၇)တမူးမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီခွဲက တမူးမြို့ ချောက်နက်ကြီးကျေးရွာအထွက် တမူး-စေတီကားလမ်းမပေါ်တွင် စောင့်ဆိုင်းနေစဉ် တမူးမြို့ဘက်မှ စေတီကျေးရွာဘက်သို့ ခန္တီးမြို့နယ် ရွှေပြည်သာကျေးရွာအုပ်စု နန်စီပွန်ရွာနေ မာပွတ် မောင်းနှင်ပြီး ၎င်း၏အဒေါ်ဖြစ်သူ မငယ် လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၄၂ ခွက် စုစုပေါင်းဘိန်းဖြူ အလေးချိန် ၄၂၀ ဂရမ်ခန့် (ဒေသ ပေါက်ဈေး ၂၅၂ သိန်းခန့်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား၊ မူးယစ်ဆေးဝါးအသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ရှာဖွေတွေ့ရှိရသဖြင့် ၎င်းတို့နှစ်ဦးအား တမူးမြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းမင်းအောင်(ကဘော်မြေ)**

# အမြန်လမ်း၌ ယာဉ်တိမ်းမှောက်၍ သံဃာတစ်ပါးနှင့် လူတစ်ဦးသေဆုံး

**နွားထိုးကြီး အောက်တိုဘာ ၁၈**

ပြင်စည်အမြန်လမ်းမကြီးရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၃၁၀/၃)နှင့် (၃၁၀/၄) အကြားတွင် အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက ယာဉ်တစ်စီးတိမ်းမှောက်၍ သံဃာတစ်ပါးနှင့် လူတစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းက နေပြည်တော်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ညိုထူး (၃၉နှစ်)မောင်းနှင်လာသော 1p/----- တိုယိုတာလီဆက်ယာဉ်သည် အရှိန်မထိန်း နိုင်ဘဲ လမ်းဘေးမြေသားလမ်းကုန်းစောင်းကိုဝင်တိုက်ကာ ယာဉ်ပေါ်ပါ သံဃာ တစ်ပါး၊ အမျိုးသားသုံးဦး စုစုပေါင်း လေးဦးအနက် ကမ္ဘာ့ဌာနာစရိယ ဘဒ္ဒန္တက္ကန္ဒာစရိယ ကျောက်ဂူဆရာတော်မှာ အခင်းဖြစ်နေရာ၌ ပျံလွန်တော်မူပြီး ဦးစန်းကို (၄၂နှစ်) မှာလည်း အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားခဲ့သည်။

အဆိုပါယာဉ်မတော်တဆမှုနှင့်ပတ်သက်၍ ပြင်စည် အမြန်လမ်းမကြီးရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းအောင်ဇော်(ပြန်/ဆက်)**

## လုယက်မှုကျူးလွန်သူနှစ်ဦးအား ထောင်ဒဏ်ခုနစ်နှစ်စီ ပြစ်ဒဏ်ချမှတ်

**ပုသိမ်ကြီး အောက်တိုဘာ ၁၈**

ပုသိမ်ကြီးမြို့နယ် မန္တလေး-ပြင်ဦးလွင် အတက်ကားလမ်း သန့်စင်ကုန်းကျေးရွာထိပ် ဓမ္မာရုံနှင့် လက်ကောင်း တန်ပိုဂိတ်အဟောင်းကြားတွင် မသီရိအောင်သည် ခင်ပွန်းဖြစ်သူ ဦးချစ်မောင်နှင့်အတူ ဆိုင်ကယ်စီးလာစဉ် ဆိုင်ကယ်လက်ကိုင်တွင် ချိတ်ဆွဲထားသော ပိုက်ဆံအိတ်တစ်လုံးနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လုယူထွက်ပြေးသူ စစ်ကိုင်းမြို့နန္ဒဝန်ရပ်ကွက်နေ ဇော်ထက်အောင်(ခ)ဇာနည်အောင်၊ စစ်ကိုင်းမြို့ ရွာထောင်ကျေးရွာနေ အောင်မြင့်သူ(ခ)ကတုံးတို့နှစ်ဦးအား ရာဇသတ်ကြီးပုဒ်မ၃၈၂အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ခုနစ်နှစ်စီ ကျခံစေရန် ပုသိမ်ကြီးမြို့နယ်တရားရုံး မြို့နယ်တရားသူကြီး ဦးနေမျိုးဗိုလ်က ယနေ့ အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရိခေါဒါရ်မြို့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်ဂိတ်၌ တရားမဝင် ဝင်ရောက်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၂ ဦးနှင့် မြန်မာနိုင်ငံသားနှစ်ဦး ဖမ်းဆီးရမိ

**ရိခေါဒါရ် အောက်တိုဘာ ၁၈**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်ဂိတ်၌ အိန္ဒိယနိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ ခိုးဝင်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၂ ဦးနှင့် ခေါ်ဆောင်လာသူ မြန်မာနိုင်ငံသားနှစ်ဦးတို့အား အောက်တိုဘာ ၁၈ ရက် နံနက် ၄ နာရီခွဲက ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ဂိတ်တံတားတွင် နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေပိုင်းက မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် မသင်္ကာဖွယ်ရာ အမျိုးသား ၁၄ ဦးအား စစ်ဆေးတွေ့ရှိခဲ့သည်။

၎င်းတို့အားစစ်ဆေးရာ (၁၀၇)ရပ်ကွက် ဇေယျာသုခလမ်း တောင်ဒဂုံမြို့နယ် ရန်ကုန်မြို့နေသူ ကျော်အေးခိုင်(၄၈နှစ်)နှင့် ၎င်းခေါ်ဆောင်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ငါးဦးနှင့် ဘုရားသုံးဆူရပ်ကွက် ချယ်ရီလမ်း လှည်းကူးမြို့နယ် ရန်ကုန်မြို့နေထိုင်သူ ဇော်မင်းအောင် (၃၈ နှစ်) ခေါ်ဆောင်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ခုနစ်ဦးတို့ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အဆိုပါ တရားမဝင် ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နှစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၂ ဦး၊ စုစုပေါင်း ၁၄ ဦးတို့အား အမှုဖွင့်အရေးယူနိုင်ရေးအတွက် နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းအောင်၊ လဝက ဦးစီးမှူး ဦးတေဇာလင်းနှင့် ရိခေါဒါရ်နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်ဇော်ကျော်တို့က စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရိခေါဒါရ် (ပြန်/ဆက်)**

## နောင်ချိုနှင့် ခန္တီးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**

နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်၌ အောက်တိုဘာ ၁၇ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ကျောက်မဲမှ နောင်ချိုသို့ ကျော်ဇင်ထွန်း နယ်မြေ(၈) တောင်ရပ်ကွက် နောင်ချိုမြို့နေသူ မောင်းနှင်လာသော YGN 7F/----Nissan Wingroad ယာဉ်ကို စစ်ဆေးရာ ရှေ့မီးကြီး ဝဲ၊ ယာ နောက်ဘက်အတွင်းဝှက်၍ သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀(၁ ပြားလျှင် ၂၀၀၀နှုန်းဖြင့် တန်ဖိုးငွေကျပ် သိန်း ၄၈၀ အား) လည်းကောင်း။

အလားတူ မွန်းလွဲ ၁ နာရီခန့်တွင် ခန္တီးမြို့နယ် နန်းမုံကျေးရွာနေ မျိုးမင်းထက် (ခ)စိန်ဂင်ဟောင်း(၂၅နှစ်)၏ နေအိမ်အား သတင်းအရ ပူးပေါင်းအဖွဲ့ဖြင့် ဝင်ရောက်ရှာဖွေရာ Lipo ပုလင်းနှစ်လုံး၊ ဆပ်ပြာခွက် ၂၄ ခွက်တို့ဖြင့် ထည့်ထားသော ဘိန်းဖြူ ၂၇၂ ဂရမ်(၁ ဂရမ်လျှင် ၁ ဒသမ ၂ သိန်းနှုန်းဖြင့် တန်ဖိုး ငွေကျပ် ၃၂၆ ဒသမ ၄ သိန်း)၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၀ (၁ ပြားလျှင် ၂၀၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၉ သိန်း)တို့အား လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## ပြောက်အိုး၊ ရှူးဒိုင်းနှင့် မီးရှူး၊ မီးပန်း ရောင်းချသူများအား အရေးယူထား

**တောင်ကြီး အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၇ ရက် ည ၆ နာရီက ရေအေးကွင်းရပ်ကွက် ကမ္ဘောဇလမ်းနှင့် နန်းသီတာလမ်းထောင့်တွင် ဘုရားဖြူရပ်ကွက်နေ မဝါဝါအေးအား အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် ပြောက်အိုး၊ မီးရှူး၊ မီးပန်းမျိုးစုံအား ခင်းကျင်းရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိခဲ့သည်။

အလားတူ အဆိုပါလှည့်ကင်းအဖွဲ့သည် နှင်းဆီလမ်းဘေးအရောက် စဝ်စံထွန်းရပ်ကွက်နေ မတင်လှ(၄၀ နှစ်)အား အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် ပြောက်အိုး၊ မီးရှူး၊ မီးပန်းမျိုးစုံအား ခင်းကျင်းရောင်းချနေသည်ကို တွေ့ရှိသဖြင့် ဖမ်းဆီး၍ တောင်ကြီးနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဂျာနယ်လစ်အသတ်ခံရမှုနှင့်ပတ်သက်၍ ဆော်ဒီအပေါ် အကာအကွယ်ပေးနေသည်ဟူသော စွပ်စွဲချက်ကို ထရမ့်ငြင်းဆို

**နယူးယောက် အောက်တိုဘာ ၁၈**

ဆော်ဒီဂျာနယ်လစ်တစ်ဦး အသတ်ခံရမှုအတွက် ဆော်ဒီအစိုးရကို စွပ်စွဲမှုများပြုလုပ်ထားရာ အမေရိကန်သည် ၎င်း၏ အဓိကမဟာမိတ် ဆော်ဒီအာရေဗျနိုင်ငံအပေါ် အကာအကွယ်များပေးနေသည်ဟူသော စွပ်စွဲချက်ကို အမေရိကန်သမ္မတ ထရမ့်က ဗုဒ္ဓဟူးနေ့တွင် ငြင်းဆိုလိုက်သည်။

အသတ်ခံရသူ မစ္စတာ ခါရှော့ဂီ၏ ကံကြမ္မာကို ရက်အနည်းငယ်အတွင်း အမှန်အတိုင်း သိရှိရန် မျှော်လင့်ခဲ့ကြောင်းလည်း ၎င်းကပြောသည်။ မစ္စတာ ခါရှော့ဂီသည် ဆော်ဒီကောင်စစ်ဝန်ရုံးအတွင်း အသတ်ခံရသည်သာမက ညှဉ်းပန်းနှိပ်စက်မှုများလည်း ခံရကြောင်း တူရကီအစိုးရဘက်ယိမ်းသည့် မီဒီယာများမှ ဖော်ပြခဲ့ကြပြီးနောက် သမ္မတထရမ့်က ယခုကဲ့သို့ တုံ့ပြန်ပြောကြားလာခြင်း ဖြစ်သည်။ “ဘာတွေဖြစ်ခဲ့သလဲ ဆိုတာကို အမှန်သိရဖို့ပါပဲ”ဟု ထရမ့်က အိမ်ဖြူတော်တွင် သတင်းထောက်များကို ပြောသည်။

သတင်းထောက်များက “အဆိုပါအမှုတွင် သမ္မတထရမ့်၏ ချဉ်းကပ်မှုမှာ သတိထားနေပြီး ဖုံးကွယ်ပေးဖို့ ကြိုးစားနေသလား”ဟု မေးမြန်းခြင်းခံရသည့်အခါ ထိုသို့ ပြန်လည် တုံ့ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။ သမ္မတထရမ့်က ၎င်းသည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုထံမှ အစီရင်ခံစာ အပြည့်အဝရထားကြောင်း ပြောသည်။

မိုက်ပွန်ပီအိုသည် တူရကီနှင့် ဆော်ဒီခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ကြောင်း၊ ဘာတွေဖြစ်ပျက်ခဲ့သလဲဆိုသည့် အမှန်တရားကို ဖော်ထုတ်ရန်လည်း ခွင့်ပြုထားကြောင်း သမ္မတ ထရမ့်က ပြောသည်။ ယခု သီတင်းပတ်တွင် အမှန်တရားကို သိရှိရတော့မည်ဟု မျှော်လင့်ထားကြောင်း ထရမ့်ကပြောသည်။ **အေအက်ဖ်ပီ**




တူရကီမှုခင်းဆေးပညာအရာရှိများ အစ္စတန်ဘူလ်ရှိ ဆော်ဒီအာရေဗျကောင်စစ်ဝန်ရုံးတွင် ဒုတိယအကြိမ် ရှာဖွေမှုများပြုလုပ်စဉ်။

# အာဖဂန်ရွေးကောက်ပွဲတစ်ခုတွင် ဗုံးပေါက်ကွဲမှုကြောင့် အမတ်လောင်းသေဆုံး

**ကဘူးလ် အောက်တိုဘာ ၁၈**

ဆိုဖာခုံအောက်တွင် ထောင်ထားသည့် ဗုံးပေါက်ကွဲမှုကြောင့် အာဖဂန်ရွေးကောက်ပွဲဝင် အမတ်လောင်းတစ်ဦး အပါအဝင် အာဖဂန်လေးဦး သေဆုံးခဲ့ကြောင်း မကြာသေးမီက သက်ဆိုင်ရာအရာရှိများက ပြောခဲ့သည်။

အောက်တိုဘာ ၂၀ ရက် ပါလီမန်လျှို့ဝှက်မဲပေးမှုမတိုင်မီ အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်အဟုန်ကောင်းကောင်းဖြင့် ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုကို ကျူးလွန်သူများအဖြစ် တာလီဘန်တို့ကို စွပ်စွဲခဲ့ကြောင်း သိရသည်။ တာလီဘန်တို့သည် ယခုအချိန်အထိ ရွေးကောက်ပွဲရာသီအတွင်း ရွေးကောက်ပွဲဝင်အမတ်လောင်း အနည်းဆုံး ၁၀ ဦးခန့်ကို လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း သိရသည်။

တာလီဘန်တို့ခြေကုပ်ယူရာ အာဖဂန်တောင်ပိုင်း ဟယ်လ်မန့်ပြည်နယ်ရှိ ၎င်း၏ မဲဆွယ်စည်းရုံးရေးရုံးရှိ ထောက်ခံသူများနှင့် တွေ့ဆုံနေစဉ် ဆိုဖာထိုင်ခုံအောက်၌ လျှို့ဝှက်စွာထောင်ထားသည့် ဗုံးပေါက်ကွဲခဲ့ရာ အာဖဂန်ရွေးကောက်ပွဲဝင် အမတ်လောင်းတစ်ဦးဖြစ်သည့် အဗ္ဗဒူဂျာဘားကွာရာမန်သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ အိုမာဖာဝက်ခ်က ပြောကြားခဲ့သည်။

ပြည်နယ်မြို့တော် လက်ခ်ကာဂါ့ဟ် ပေါက်ကွဲမှုအတွင်း သေဆုံးခဲ့ကြသူ လေးဦးအနက် ကွာရာမန်လည်း တစ်ဦး အပါအဝင်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ဝေ့စ်အာမက်ဘာမက်ခ်က သတင်းထောက်များကို ပြောခဲ့သည်။ အခြား ခုနစ်ဦးဒဏ်ရာရရှိခဲ့ပြီး သံသယရှိသူ သုံးဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကွာရာမန်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် အဆိုပါတိုက်ခိုက်မှုကို သမ္မတအာ့ရှ်ရာဖ်ဂါနီက ပြစ်တင်ရှုတ်ချခဲ့ကြောင်း သိရသည်။ ကွာရာမန်ကို ၂၀၁၆ခုနှစ်က တာလီဘန်များ နှိမ်နင်းရာတွင် ကူညီမှုပေးရန် ဟယ်လ်မန့်ပြည်နယ်သို့ စေလွှတ်ခဲ့သော်လည်း နောက်ပိုင်းတွင် ၎င်းမှာ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

အခြား ရွေးကောက်ပွဲနှင့် ဆက်စပ်ပြီး အကြမ်းဖက် တိုက်ခိုက်မှုတစ်ခုတွင် သေနတ်သမားများက ကဘူးလ်မြို့အနီး လိုဂါပြည်နယ်ရှိ အမတ်လောင်းတစ်ဦး၏ ယာဉ်တန်းကို လက်နက်ကိုင်များက ချုံခိုတိုက်ခိုက်ခဲ့ကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ရှမ်ရှက် လာရာဝေးက ပြောခဲ့သည်။

ထို့အပြင် လိုဂါပြည်နယ်မြို့တော် ပူလီအလန်ရှိ အခြားအမတ်လောင်းတစ်ဦး၏ လူထုဟောပြောပွဲအနီးတွင် ဖောက်ခွဲရေးပစ္စည်းတစ်ခု ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ရှမ်ရှက် လာရာဝေးက ဆက်လက်ပြောခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုနှစ်ခုအတွင်း သေဆုံး ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။ ရွေးကောက်ပွဲတိုက်ခိုက်မှုများအတွင်း အမတ်လောင်းများကို ဦးတည်တိုက်ခိုက်ခဲ့ခြင်းကြောင့် အမတ်လောင်း ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။



**အေအက်ဖ်ပီ**

## ကမ္ဘာ့လူဦးရေ၏ထက်ဝက်နီးပါး တစ်နေ့လျှင် အမေရိကန်ဒေါ်လာ ငါးဒေါ်လာခွဲသာရရှိကြောင်း ကမ္ဘာ့ဘဏ်ဆို

**ဂျီနီဗာ အောက်တိုဘာ ၁၈**

အလွန်အမင်းဆင်းရဲခြင်းကို လျှော့ချရန် ကြိုးစားမှုမှာ တိုးတက်လာသည်ဟုဆိုရသော်လည်း ကမ္ဘာ့လူဦးရေ၏ ထက်ဝက်နီးပါးခန့်သည် တစ်နေ့လျှင် အမေရိကန်ဒေါ်လာ ငါးဒေါ်လာခွဲထက်နည်းသည့် ငွေကြေးပမာဏဖြင့်သာ နေထိုင်နေရကြောင်း၊ စီးပွားရေးတိုးတက်နေသည့်ကြားက ဆင်းရဲမှုများလည်း မြင့်တက်နေကြောင်း အောက်တိုဘာ ၁၇ ရက်တွင် ကမ္ဘာ့ဘဏ်က ပြောခဲ့သည်။

ကမ္ဘာ့ဘဏ်၏ တစ်နှစ်နှစ်ကြိမ်အစီရင်ခံစာအရ ကမ္ဘာ့ဘဏ်သည် ဆင်းရဲမွဲတေမှုများကို ကျယ်ပြန့်စွာ စောင့်ကြည့်လျက်ရှိရာ တစ်နေ့လျှင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာကျော်ထက်နည်းသော ငွေကြေးပမာဏရရှိသည့် နိုင်ငံများမှာ ဆင်းရဲတွင်းပိုမိုနက်လေ့ရှိကြောင်း သိရသည်။

ဆင်းရဲမွဲတေမှုမှာ ကျယ်ပြန့်လာနိုင်သည့် အလားအလာရှိသော်လည်း ကမ္ဘာတစ်ဝန်း ဆင်းရဲမှုနှုန်းမှာ လက်မခံနိုင်လောက်အောင် မြင့်တက်နေကြောင်း သိရသည်။

မကြာသေးမီနှစ်များအတွင်း ကမ္ဘာလုံးဆိုင်ရာ ကြီးထွားလာမှု နှေးကွေးလာသည့်အတွက် ဆင်းရဲမွဲတေစွာနေရသောလူဦးရေသည် ၂၀၁၃ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ၆၈ သန်းကျော်သို့ ကျဆင်းလာခဲ့ကြောင်း သိရသည်။

ယင်းလူဦးရေပမာဏသည် ထိုင်းနှင့် အင်္ဂလန်နိုင်ငံတို့၏ အကြမ်းဖျင်း လူဦးရေပမာဏနှင့် တူညီကြောင်း သိရသည်။ တိုးတက်မှုများရှိသော်လည်း ကမ္ဘာ့ဘဏ်၏ အလွန်အမင်းဆင်းရဲမှု လျှော့ချရေး ရည်မှန်းချက်ဖြစ်သည့် ၂၀၃၀ အရောက်တွင် ကမ္ဘာ့လူဦးရေ၏ သုံးရာခိုင်နှုန်းအောက် ဆင်းရဲမှုလျှော့ချရေးဆိုသည်မှာ မဖြစ်နိုင်သေးကြောင်း သိရသည်။

စိတ်မကောင်းစရာ ရှာဖွေတွေ့ရှိမှုက အလွန်အမင်းဆင်းရဲမှုသည် လက်တစ်ဆုပ်စာ နိုင်ငံလေးများတွင် ခိုင်မာစွာ အမြစ်တွယ်လျက်ရှိကြောင်း အစီရင်ခံစာက ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**



# ခရိုင်းမီးယားကောလိပ်တစ်ခုတွင် တိုက်ခိုက်မှုဖြစ်ပွားရာ သေဆုံးသူ ၁၉ ဦးထိရှိလာ

**ကိယက်ဗ် အောက်တိုဘာ ၁၈**

ခရိုင်းမီးယားဒေသ ကာ့ချ်မြို့ရှိ ကောလိပ်တစ်ခုတွင် ယမန်နေ့က တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ ၁၉ ဦး သေဆုံးခဲ့ပြီး အများစုမှာ ဆယ်ကျော်သက်များ ဖြစ်ကြောင်း သိရသည်။ ထို့အပြင် လူ ၄၀ ခန့်ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပွားခဲ့ကြောင်း ဒေသတွင်း မီဒီယာများက ပြောကြားခဲ့သည်။

ကာ့ချ်ပေါ်လီနည်းပညာကောလိပ်တွင် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး တစ်ချိန်တည်းမှာပင် သေနတ်ပစ်ခတ်မှုလည်း ဖြစ်ပွားခဲ့ကြောင်း လူမှုကွန်ရက်များပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

တိုက်ခိုက်မှုဖြစ်ပြီး နောက်တစ်နေ့တွင် ရုရှားနိုင်ငံ စုံစမ်းစစ်ဆေးရေးကော်မတီက အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဟု ပြောကြားခဲ့ပြီး ကျူးလွန်သူအဖြစ် သံသယရှိသူမှာ အသက် ၁၈ နှစ် အရွယ် ဗလာဒီဆလက်ဗ်ရိုစ့်လိုင်ယာကော့ဗ်ဖြစ်ကြောင်း ပြောခဲ့သည်။

ရိုစ့်လိုင်ယာကော့ဗ်သည် စတုတ္ထနှစ်ကျောင်းသားတစ်ဦးဖြစ်ပြီး တိုက်ခိုက်မှုကျူးလွန်ပြီးနောက် ၎င်းကိုယ်၎င်း အဆုံးစီရင်သွားကြောင်း စုံစမ်းစစ်ဆေးရေးကော်မတီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၁၄ ခုနှစ် လူထုဆန္ဒခံယူပွဲတစ်ခုပြုလုပ်ပြီးနောက် ခရိုင်းမီးယားဒေသသည် ရုရှားနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လာခဲ့ပြီး ယူကရိန်းနိုင်ငံကမူ အဆိုပါဒေသမှာ သိမ်းပိုက်ခံထားရကြောင်း ပြောကြားခဲ့သည်။

ယခုဖြစ်ပွားသော တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ် သုံးရက်တာ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အာဖဂန်သံတမန်များကို တရုတ်နှင့်အိန္ဒိယတို့ ပူးပေါင်းလေ့ကျင့်ပေးမည်

**ကဘူးလ် အောက်တိုဘာ ၁၈**

စစ်ဒဏ်ခံ အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် အစီအစဉ်တစ်ခုကို ပြုလုပ်မည်ဟု တရုတ်နှင့် အိန္ဒိယနိုင်ငံတို့က ကြေညာခဲ့သည်။ ထိုအစီအစဉ်ထဲမှ ပထမဦးဆုံး လှုပ်ရှားမှုအဖြစ် အာဖဂန်သံတမန်များကို နယူးဒေလီမြို့တွင် လေ့ကျင့်ပေးမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ဖြစ်သူ လျိုကျောက်ဟွီက တရုတ်နှင့် အိန္ဒိယတို့တွင် အကျိုးကျေးဇူးများ ရရှိလိမ့်မည်ဟု ပြောခဲ့သည်။ တရုတ်နှင့် အိန္ဒိယတို့သည် ဒေသတွင်းစီးပွားရေးနှင့် နိုင်ငံရေးတို့တွင် အရှိန်အဟုန်ဖြင့် အောင်မြင်မှုရရှိရန် ကြိုးပမ်းနေပြီး တစ်ခါတစ်ရံ ထိပ်တိုက်ရင်ဆိုင်မှုများနှင့်လည်း ကြုံတွေ့ရသည်။

လွန်ခဲ့သောနှစ်ကလည်း နယ်စပ်အငြင်းပွားမှုဖြင့် နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်ခဲ့ရသည်။ သို့သော် ဧပြီလအတွင်းက တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့သည် နိုင်ငံရေးအရ ကွဲပြားမှုများကို ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ကိုင်တွယ်ဖြေရှင်းရန် သဘောတူခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ**

### တောင်ဆူဒန်တွင် တိုက်ပွဲများကြောင့် အရပ်သား ၁၇ ဦး သေဆုံး

**ဂျူဘား အောက်တိုဘာ ၁၈**

တောင်ဆူဒန်နယ်စပ်မြို့ ယီမြို့တွင် လက်နက်ကိုင်အုပ်စုနှစ်စု တိုက်ပွဲများဖြစ်ပွားရာ အရပ်သား ၁၇ ဦးထက်မနည်း သေဆုံးခဲ့ပြီး လူအချို့ဒဏ်ရာရရှိခဲ့ကြောင်း အင်္ဂါနေ့တွင် ရဲများက ပြောသည်။

နောက်ဆုံးဖြစ်ပွားခဲ့သော တိုက်ပွဲတွင် အစိုးရဆန့်ကျင်ရေးအုပ်စု ဖြစ်သည့် SPLA-IO အဖွဲ့နှင့် အမျိုးသားလွတ်မြောက်ရေးတပ်ဦးအဖွဲ့တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အရပ်သားများစွာ နေရာပြောင်းရွှေ့ခဲ့ရကြောင်း ရဲဌာနမှပြောရေးဆိုခွင့်ရှိသူ ဒင်နီရယ်ဂျက်စတင်က ပြောသည်။

တိုင်းပြည် ငြိမ်းချမ်းရေးအတွက် အင်တိုက်အားတိုက် လုပ်ဆောင်နေချိန်ယခုကဲ့သို့ အရပ်သားများ သေဆုံးရခြင်းမှာ ဝမ်းနည်းဖွယ်ကောင်းလှကြောင်း ၎င်းက ဆက်ပြောသည်။

ဒေသခံအာဏာပိုင်များနှင့် အမျိုးသားအစိုးရတို့သည် ပြည်သူများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရာတွင် အကူအညီပေးနေကြကြောင်း၊ အစားအသောက်များလည်း ထောက်ပံ့ထားကြောင်း ၎င်းက ဆက်ပြောသည်။

တောင်ဆူဒန်နိုင်ငံတွင် သမ္မတဆယ်ဗာကီရာနှင့် သူပုန်ခေါင်းဆောင် ရီခ်မာချာတို့ စက်တင်ဘာလအတွင်း ဆူဒန်သမ္မတ အိုမာအယ်လ်ဘတ်ရှာ၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုရန် ကြိုးပမ်းမှုများဆောင်ရွက်ပြီးနောက် ပေါ်ပေါက်လာသည့် တိုက်ပွဲလည်း ဖြစ်သည်။ **ဆင်ဟွာ**

# ကွန်ဂိုနိုင်ငံသား ခိုလှုံသူအဖြစ်ကနေ ပထမဦးဆုံးလူမည်းမြို့တော်ဝန်တစ်ဦး ဖြစ်လာသူ

**ချိုးစန္ဒီနွေး**

**လူဖြူတွေကြီးစိုးတဲ့နေရာမှာ လူမည်းတစ်ဦးအနေနဲ့ မြို့တော်ဝန်တစ်ဦးဖြစ်လာဖို့ဆိုတာ မလွယ်ကူပါဘူး။ အဲဒီထဲမှာ ရွှေ့ပြောင်းအခြေချနေထိုင်သူတစ်ဦး ဆိုရင် ပိုပြီးတောင် မလွယ်ကူပါဘူး။ ဒါပေမယ့်လည်း လက်တွေ့မှာတော့ မဖြစ်နိုင်တဲ့အရာတွေဟာ ဖြစ်လာခဲ့ပါတယ်။**



**တွစ်တာပေါ်၌ အောက်တိုဘာ ၁၄ ရက်က တင်ထားသည့် ဂန်ရှီးရန်းမြို့တော်၏ မြို့တော်ဝန်အဖြစ် ရွေးချယ်ခံရသည့် ပီရက်ကွန်ပနီ(အလယ်)အား ၎င်း၏ မိသားစုနှင့်အတူ တွေ့ရစဉ်။**

### ပထမဦးဆုံး လူမည်းမြို့တော်ဝန်

အသက် ၇၁ နှစ်အရွယ် ပီရက်ကွန်ပနီ ဟာ ၁၉၇၅ ခုနှစ်မှာ ကွန်ဂိုနိုင်ငံကနေ ဘယ်လ်ဂျီယံနိုင်ငံကို ပြောင်းရွှေ့အခြေချနေထိုင်ခဲ့သူဖြစ်ပြီး သူဟာ ဘယ်လ်ဂျီယံနိုင်ငံမှာ ပထမဦးဆုံး လူမည်းမြို့တော်ဝန်တစ်ဦး ဖြစ်လာခဲ့ပါတယ်။ တနင်္ဂနွေနေ့က ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲမှာတော့ ဘယ်လ်ဂျီယံမဲဆန္ဒရှင်တွေဟာ နိုင်ငံရဲ့သမိုင်းမှာ ပထမဦးဆုံးအကြိမ်အဖြစ် လူမည်းမြို့တော်ဝန်တစ်ဦးကို ရွေးချယ်ခဲ့ကြပါတယ်။

အသက် ၇၁ နှစ်အရွယ် ပီရက်ကွန်ပနီဟာ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံကနေ ထွက်ပြေးလာခဲ့သူဖြစ်ပြီး လူဖြူတွေကြီးစိုးတဲ့နေရာမှာ ပထမဦးဆုံးအကြိမ် မြို့တော်ဝန်တစ်ဦးအဖြစ် ရွေးကောက်ခံရသူလည်းဖြစ်ပါတယ်။ သူဟာ အခုနှစ်ကုန်ပိုင်းမှာ မြို့တော်ဝန်တစ်ဦးအဖြစ် ကျမ်းသစ္စာကျိန်ဆိုရမှာပါ။

“ကျွန်တော့်ရဲ့ အောင်မြင်မှု၊ ကျွန်တော်ရွေးကောက်ခံရတာကိုကြည့်မယ်ဆိုရင် ပိုမိုငြိမ်းချမ်းတဲ့သမိုင်းဆီကို ဦးတည်သွားနေတယ်ဆိုတာကို မြင်နိုင်ပါတယ်။ ဒါဟာ လူသားထုအားလုံးအတွက် အောင်မြင်မှုသာဖြစ်တယ်လို့ သတ်မှတ်နိုင်ကောင်းသတ်မှတ်နိုင်တယ်”လို့ တနင်္လာနေ့မှာ မစ္စတာကွန်ပနီက ပြောပါတယ်။

သူ့ရဲ့ ရွေးကောက်ပွဲကို ကြည့်မယ်ဆိုရင် ဘယ်လ်ဂျီယံနိုင်ငံဟာ လူတိုင်းလူတိုင်းအပေါ် သာတူညီမျှ အခွင့်အရေးရှိတယ်ဆိုတာ ဖော်ပြနေတယ်လို့ သူက ဆက်ပြောပါတယ်။

### ဘယ်လ်ဂျီယံကိုလိုနီ ကွန်ဂို

လွန်ခဲ့တဲ့နှစ်ပေါင်း ၈၀ ခန့်ကတော့ ကွန်ဂိုဟာ ဘယ်လ်ဂျီယံကိုလိုနီနယ်ဖြစ်ပြီး လွတ်လပ်ရေးမရခင် ကာလတွေမှာ ဘယ်လ်ဂျီယံဟာ ကွန်ဂိုနိုင်ငံမှာ ရက်စက်တဲ့ ကိုလိုနီစည်းမျဉ်းတွေနဲ့ အုပ်ချုပ်ခဲ့ပါတယ်။ ဆင်စွယ်၊ ရော်ဘာ ၊ တွင်းထွက်သတ္တု အစရှိတဲ့ သဘာဝသယံဇာတတွေကို မညှာမတာ ထုတ်ယူခဲ့ပါတယ်။

၂၀ ရာစု အစောပိုင်းကာလတုန်းက လူမည်းတွေကို မညှာမတာ၊ အကြမ်းဖက်၊ ညှဉ်းဆဲအုပ်ချုပ်ခဲ့မှုကြောင့် သန်းနဲ့ချီပြီး သေဆုံးခဲ့ရပါတယ်။

၁၉၂၀ ပြည့်နှစ်ဝန်းကျင်တွေမှာတော့ လူမျိုးအလိုက် နိုင်ငံရေးခွဲခြားတဲ့စနစ်နဲ့ အုပ်ချုပ်ခဲ့ပါတယ်။

### ပြန်လည်သုံးသပ်

ဒါပေမယ့် ဘယ်လ်ဂျီယံနိုင်ငံဟာ အခုအချိန်မှာတော့အတိတ်ကာလတုန်းက ကိုလိုနီစနစ်နဲ့ အုပ်ချုပ်ခဲ့စဉ်က အကြောင်းတွေကို ပြန်လည် သုံးသပ်နေပါပြီ။

အခုနှစ်အတွင်းမှာပဲ ဘရပ်ဆဲလ်မြို့မှာ ရှိတဲ့ ရင်ပြင်တစ်ခုရဲ့ အမည်ကို ကွန်ဂိုလွတ်လပ်ရေး ခေါင်းဆောင်တစ်ဦးဖြစ်သူ ပက်ထရစ်လူမန်ဘာရဲ့အမည်ပေးခဲ့ပါတယ်။ အခုနှစ် နှောင်းပိုင်းမှာလည်း ဘယ်လ်ဂျီယံမှာ အာဖရိကပြတိုက်ဟောင်းကို ပြန်လည်ဖွင့်လှစ်မှာပဲ ဖြစ်ပါတယ်။

ပြန်လည်ပြုပြင်ထားတဲ့ ဒီပြတိုက်ဟာ အာဖရိကမှာ ဥရောပသားတွေ ဘယ်လိုအုပ်ချုပ်ခဲ့သလဲဆိုတာကို စဉ်းစားတွေးတောနိုင်မယ့် အရာတွေ အများကြီးပေးသွားမှာပါ။

### တိုက်ရိုက် ရွေးကောက်ပွဲမှာ အနိုင်ရ

လက်ရှိမှာ မြို့တော်ဝန်တစ်ဦးအဖြစ် တိုက်ရိုက်ရွေးချယ်ခံလိုက်ရတဲ့ လူမည်းတစ်ဦးဖြစ်သူ မစ္စတာ ကွန်ပနီကို ပြန်ကြည့်မယ်ဆိုရင် သူဟာ ၂၀၀၆ ခုနှစ်ကတည်းက ဂန်ရှီးရန်းမြို့မှာ မြို့ကောင်စီဝင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

ဒေသတွင်း မဲဆွယ်စည်းရုံးပွဲတွေမှာ တိုက်ရိုက်ပါဝင်ခဲ့ပြီး သူသာ ရွေးကောက်ခံရမယ်ဆိုရင် သက်ကြီးရွယ်အိုတွေအတွက် အကူအညီပေးမှာဖြစ်ပြီး နေ့ပိုင်း စောင့်ရှောက်မှုကိုလည်း တိုးချဲ့ပေးမှာဖြစ်သလို ဘောလုံးကွင်းတွေကိုလည်း အဆင့်မြှင့်တင်ပေးမှာဖြစ်တယ်လို့ ကတိပေးခဲ့ပါတယ်။

သူဟာ ၂၀၁၂ ခုနှစ်ခန့်မှာ အခြားသော နိုင်ငံရေးသမား အနည်းငယ်နဲ့အတူ ပရိုဂန်ရှီးရန်းပါတီကို ထူထောင်ခဲ့ပါတယ်။ သူဟာ ၂၀၁၄ ခုနှစ်မှာတော့ ဘရပ်ဆဲလ်ဒေသဆိုင်ရာ ပါလီမန်မှာ ပါလီမန်အမတ်အဖြစ် ရွေးကောက်ခံရပါတယ်။

### ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာဖြစ်

သူမြို့တော်ဝန်အဖြစ် ရွေးကောက်ခံရတဲ့ ဂန်ရှီးရန်းမြို့မှာ ကွန်ဂိုနွယ်ဖွား ၁၀၀ ခန့် နေထိုင်ပါတယ်။

အာဖရိကန် ကိုလိုနီသမိုင်းကျွမ်းကျင်သူ မက်သရူးဇာနာအီတမ်ဘာလာ ကတော့ “မစ္စတာ ကွန်ပနီမြို့တော်ဝန်တစ်ဦးအဖြစ် ရွေးချယ်ခံရတာဟာ ကွန်ဂိုအသိုင်းအဝိုင်းတစ်ခုလုံးအတွက် လူမည်းတစ်ယောက်ဟာ မြို့တော်ဝန်အဖြစ် တိုက်ရိုက်ရွေးချယ်ခံရတဲ့အတွက် တကယ့်ကို ဂုဏ်ယူဝမ်းမြောက်စရာပါ” လို့ ပြောခဲ့ပါတယ်။

ကွန်ဂိုနိုင်ငံသားတွေက ဆင်းသက်ပေါက်ဖွားလာတဲ့ လူဦးရေ တစ်သိန်းနှစ်သောင်းခန့်ဟာ ဘယ်လ်ဂျီယံနိုင်ငံမှာ နေထိုင်ကြပါတယ်။

### ဘယ်လ်ဂျီယံနိုင်ငံသား ဖြစ်လာ

ကွန်ဂိုနိုင်ငံမြို့တော် ကင်ရှာဆာက တက္ကသိုလ်ကျောင်းသူတစ်ဦးကတော့ “မစ္စတာ ကွန်ပနီဟာ ကွန်ဂိုနိုင်ငံမှာနေထိုင်စဉ်က အာဏာရှင် မိုဘူတူ စီစီစီကို ကို ဆန့်ကျင်မှုနဲ့ ထောင်ဒဏ်တစ်နှစ် ကျခံခဲ့ဖူးပြီး သူ့နောက်လိုက် ကျောင်းသားတွေ အားလုံးဟာလည်း အသတ်ခံခဲ့ရတယ်” လို့ ပြောပါတယ်။

မစ္စတာ ကွန်ပနီဟာ ၁၉၇၅ ခုနှစ်မှာ ဘယ်လ်ဂျီယံနိုင်ငံကိုထွက်ပြေးခဲ့ပြီး အင်ဂျင်နီယာဘာသာရပ် သင်ယူနေတာလည်း ဆုံးခန်းတိုင်သွားပါတယ်။

တက္ကစီဒရိုင်ဘာတစ်ဦးအဖြစ် အသက်မွေးခဲ့ပြီး နောက်ပိုင်းမှာ ဘယ်လ်ဂျီယံနိုင်ငံသား ဖြစ်လာခဲ့ပါတယ်။

### ဘောလုံး ကြယ်ပွင့်ရဲ့ဖေဖေ

သူ့မှာ သားသမီး သုံးယောက်ရှိပြီး သူ့သားတစ်ဦးကတော့ ဘောလုံးကြယ်ပွင့်တစ်ဦးပါ။ သူ့ရဲ့ သားသမီးတွေရဲ့ နာမည်တွေကတော့ ဗင်းဆင့်၊ ဖရန်ကိုစီနဲ့ ခရစ်တယ်တို့ဖြစ်ကြပြီး သူဟာ မြေးခြောက်ဦးရဲ့အဘိုးလည်း ဖြစ်ပါတယ်။

သားဖြစ်သူ ဗင်းဆင့်ကွန်ပနီဟာ မန်ချက်စတာစီးတီးမှာ အသင်းခေါင်းဆောင်အဖြစ် ကစားပြီး ဘယ်လ်ဂျီယံအသင်းအတွက်လည်း ကစားသူတစ်ဦးဖြစ်ပါတယ်။

သူ့အဖေ မြို့တော်ဝန်အဖြစ် အရွေးခံရတာနဲ့ ပတ်သက်ပြီး ဘောလုံးကြယ်ပွင့်က “အဖေ့အတွက် အလွန်ကိုဂုဏ်ယူတယ်။ ၁၉၇၅ ခုနှစ်မှာ ကွန်ဂိုကနေ ခိုလှုံသူအဖြစ် ရောက်လာတယ်။ အခုအခါမှာတော့ ပထမဦးဆုံး လူမည်းမြို့တော်ဝန်ဖြစ်လာခဲ့ပြီ။ အချိန်ကာလရှည်ကြာခဲ့ပေမယ့် တိုးတက်မှုတွေ ရှိလာတာပဲ၊ ဂုဏ်ယူပါတယ်အဖေ” လို့ ပြောခဲ့ပါတယ်။

နာမည်ကျော်ဘောလုံးသမားတစ်ဦးရဲ့ ဖခင်ဖြစ်တဲ့ မစ္စတာကွန်ပနီဟာ ဒေသခံဘောလုံးအသင်းဖြစ်တဲ့ ဘီအိတ်ခ်ဘရပ်ဆဲလ်ဘောလုံးအသင်းမှာလည်း စေတနာ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ပါတယ်။

### တစ်ယူသန် သဘောထားတွေ အဆုံးသတ်ပေးဖို့ တောင်းဆို

ဘယ်လ်ဂျီယံမှာ အသားအရောင်ခွဲခြားမှုနဲ့ ပတ်သက်ပြီး မကြာသေးမီ လတွေအတွင်းက အငြင်းအခုံ ဖြစ်ခဲ့ပါတယ်။ လီဆွာဆိုတဲ့ သတင်းစာမှာဆိုရင် လွန်ခဲ့တဲ့လအတွင်းက သူ့ရဲ့ ရှေ့ဖုံးစာမျက်နှာမှာ တစ်ယူသန် သဘောထားတွေကို အဆုံးသတ်ပေးဖို့ တောင်းဆိုမှုတွေဖော်ပြခဲ့ပါတယ်။

မစ္စတာ ကွန်ပနီဟာ ၂၈ ဒသမ ၃၈ ရာခိုင်နှုန်းနဲ့ ဂန်ရှီးရန်းမြို့တော်ဝန် ဖြစ်လာခဲ့ပါတယ်။ မစ္စတာကွန်ပနီက “ကျွန်တော်ဟာ မဲဆွယ်စည်းရုံးရေးကာလတွေမှာ အလွန်ကို အလုပ်ကြိုးစားခဲ့ပါတယ်။ ဒီလောက် ကြိုးစားရုံနဲ့ မြို့တော်ဝန်တစ်ဦးဖြစ်လာလိမ့်မယ်လို့ ထင်မထားခဲ့ပါဘူး” လို့ ပြောခဲ့ပါတယ်။ မစ္စတာကွန်ပနီလိုပါပဲ မော်ရိုကန်နွယ်ဖွား အမျိုးသမီးတစ်ဦးနဲ့ တူရကီအမျိုးသမီးတို့ဟာလည်း ဘရပ်ဆဲလ်က အခြားသောရုံးတွေမှာ နေရာရရှိသွားပါတယ်။

ခိုလှုံသူအဖြစ်ကနေ ပထမဦးဆုံး လူမည်းမြို့တော်ဝန်လည်းဖြစ်တဲ့ မစ္စတာ ကွန်ပနီဟာ ကွန်ဂိုအသိုင်းအဝိုင်းအတွက် ဂုဏ်ယူစရာတစ်ခု ဖြစ်လာတော့မှာပါ။

**ကိုးကား -နယူးယောက်တိုင်းမ်၊ သည်ဂါးဒီးယန်း**

**❐ လွန်ခဲ့တဲ့နှစ်ပေါင်း ၈၀ ခန့်ကတော့ ကွန်ဂိုဟာ ဘယ်လ်ဂျီယံကိုလိုနီနယ်ဖြစ်ပြီး လွတ်လပ်ရေးမရခင် ကာလတွေမှာ ဘယ်လ်ဂျီယံဟာ ကွန်ဂိုနိုင်ငံမှာ ရက်စက်တဲ့ ကိုလိုနီစည်းမျဉ်းတွေနဲ့ အုပ်ချုပ်ခဲ့ပါတယ်။**

**❐ ဆင်စွယ်၊ ရော်ဘာ၊ တွင်းထွက်သတ္တု အစရှိတဲ့ သဘာဝသယံဇာတတွေကို မညှာမတာ ထုတ်ယူခဲ့**

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှအဆက်***

**အခန်း(၇)**

**အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ**

**မမှန်မကန်တင်ပြခြင်း**

၉၉။ အဆိုပြု ပြန်လည်ထူထောင်ရေးအစီအစဉ် အတည်မဖြစ်စေကာမူ ကုမ္ပဏီ၏ အရာရှိတစ်ဦးသည် အဆိုပါအစီအစဉ် အတည်ဖြစ်စေရန်အတွက် ကုမ္ပဏီမြီရှင်များ၏ သဘောတူညီချက်ကို ရရှိစေရန် ရည်ရွယ်ချက်ဖြင့် အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုလျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ငွေကျပ်နှစ်ဆယ့်ငါးသိန်းထက် မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်-

(က) မမှန်မကန်တင်ပြခြင်း၊ သို့မဟုတ်

(ခ) လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ပြုလုပ်ခြင်း သို့မဟုတ် ပြုလုပ်ရမည့်ကိစ္စကို ပြုလုပ်ရန်ပျက်ကွက်ခြင်း။

**ကုမ္ပဏီ၏ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်**

၉၀။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာ သို့မဟုတ် အစီအစဉ်ကြီးကြပ်သူအား ခန့်အပ်ပြီးနောက် ၎င်းသည် ကုမ္ပဏီကိစ္စရပ်များနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူတို့အား ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ကို ပြုစုလျက် ၎င်းထံပေးပို့ရန် အကြောင်းကြားစာ ရေးသားပေးပို့နိုင်သည်။

(ခ) ပုဒ်မခွဲငယ် (က)နှင့် ပတ်သက်၍ နည်းဥပဒေတွင် အောက်ပါတို့ကို အထူးပြု ဖော်ပြစေရမည်-

(၁) စာဖြင့်ရေးသားသော အကြောင်းကြားစာ၏ပုံစံ၊

(၂) ဆက်နွှယ်သည့် ပုဂ္ဂိုလ်များနှင့်

(၃) ကုမ္ပဏီ၏ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ပုံစံနှင့် ယင်းပုံစံတွင်ပါရှိရမည့် အချက်များ။

(ဂ) ဤပုဒ်မအရ ကုမ္ပဏီ၏ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်တင်ပြရန် တာဝန်ရှိသူသည် စာဖြင့်ရေးသားထားသည့် အကြောင်းကြားစာလက်ခံရရှိပြီး ၂၁ ရက်အတွင်း ထုတ်ဖော်ကြေညာချက်ကို ပေးပို့ရမည်။

(ဃ) တစ်စုံတစ်ဦးသည် ဤပုဒ်မအရတင်ရှိသော တာဝန်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လိုက်နာရန် ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်ငါးသိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**မြီရှင်များမှ စာအုပ်စာတမ်းများကို ကြည့်ရှုစစ်ဆေးခွင့်ရှိခြင်း၊**

၉၁။ (က) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အတွင်း မည်သည့်အချိန်တွင်မဆို မြီရှင်နှင့်ကြွေးမြီဆပ်ရန် တာဝန်ရှိသူတို့က စစ်ဆေးခွင့်တောင်းခံပါက တရားရုံးသည် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီလက်ဝယ်ရှိသော စာအုပ်စာတမ်းများအား စစ်ဆေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ဤပုဒ်မပါပြဋ္ဌာန်းချက်သည် အောက်ဖော်ပြပါတို့ကို ဖယ်ထုတ်ခြင်း၊ ကန့်သတ်ခြင်း မရှိစေရ-

(၁) အစိုးရဌာန သို့မဟုတ် အစိုးရဌာန၏ တာဝန်ပေးချက်အရ တာဝန်ရှိသူက ဥပဒေနှင့်အညီ စစ်ဆေးခြင်း၊

(၂) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုယ်တိုင်က စစ်ဆေးခြင်းကို ခွင့်ပြုခြင်း။

**အပိုင်း (၆)**

**မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ လူမွဲခံခြင်း**

**အခန်း (၁)**

**မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ**

**လူမွဲခံခြင်းလုပ်ငန်းစဉ်၏ သဘောသဘာဝ**

**ဤအပိုင်းနှင့် သက်ဆိုင်ခြင်း**

၉၂။ (က) ဤအပိုင်းသည် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ကယ်ဆယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတို့နှင့် သက်ဆိုင်စေရမည်။

(ခ) ဤအပိုင်းပါ **လူမွဲခံယူခြင်းဆိုင်ရာစီမံဆောင်ရွက်မှု**တွင် အောက်ပါတို့ ပါဝင်သည်-

(၁) ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသည့်မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းဖြစ်ပါက အပိုင်း (၇) အရ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း၊

(၂) ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားခြင်းမရှိသည့် မိုက်ခရို၊ အသေးစား နှင့် အလတ်စားလုပ်ငန်းပိုင်ရှင် သို့မဟုတ် ပိုင်ရှင်များဖြစ်ပါက အပိုင်း (၈) အရ လူမွဲခံခြင်း။

(ဂ) ဤအပိုင်းပါ **အပိုင်း (၆) လုပ်ငန်း**ဆိုသည့်စကားရပ်သည် **မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်း**ကို ဆိုသည်။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ**

၉၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ-

(က) ဤအပိုင်းပါ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင် အောက်ပါလုပ်ငန်း အဆင့်များ ပါဝင်သည်-

(၁) အပိုင်း (၆) လုပ်ငန်းကယ်ဆယ်ခြင်းအဆင့်၊

(၂) အပိုင်း (၆) လုပ်ငန်း အစီအစဉ်အဆင့်။

ဤအပိုင်းတွင် **အပိုင်း (၆) လုပ်ငန်းကယ်ဆယ်ခြင်းအဆင့်**နှင့် **အပိုင်း (၆) လုပ်ငန်း အစီအစဉ်အဆင့်**တို့သည် **အပိုင်း(၆) လုပ်ငန်းပြန်လည် ထူထောင်ရေးလုပ်ငန်းစဉ်**ကို ရည်ညွှန်းဘိသကဲ့သို့ မှတ်ယူရမည်။

ရှင်းလင်းချက် (၁)။ ။ အပိုင်း(၆) လုပ်ငန်းကယ်ဆယ်ခြင်းအဆင့်တွင် ပြန်လည်ထူထောင်ရေးအတွက် အကောင်းဆုံး နည်းလမ်းများကို ရှာဖွေပြီး အပိုင်း (၆) လုပ်ငန်း၏ ရှေ့အလားအလာနှင့် ပတ်သက်၍ မြီရှင်များက ဆုံးဖြတ်ခြင်း ပါဝင်သည်။

ရှင်းလင်းချက် (၂)။ ။ အပိုင်း (၆) လုပ်ငန်း အစီအစဉ်အဆင့်တွင် မြီရှင်များက အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေး အစီအစဉ်ကို အတည်ပြုရန် ဆုံးဖြတ်ပြီး အကောင် အထည်ဖော်ခြင်း ပါဝင်သည်။

(ခ) **အပိုင်း (၆) လုပ်ငန်းကယ်ဆယ်ခြင်းအဆင့်**သည် ပြန်လည်ထူထောင် ရေးအကြံပေးကို ပုဒ်မ ၁၀၁ နှင့်အညီ ခန့်အပ်သည့်အချိန်တွင် စတင်ပြီး အောက်ပါအခြေအနေများတွင် ပြီးဆုံးသည်-

(၁) အပိုင်း (၆) လုပ်ငန်းအစီအစဉ် စတင်သည့်အဆင့် သို့မဟုတ်

(၂) အပိုင်း (၆) လုပ်ငန်းအစီအစဉ်အဆင့်ကို ဆောင်ရွက်ခြင်းမရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်း စတင်သည့် အဆင့်။

(ဂ) **အပိုင်း(၆) လုပ်ငန်း ပြန်လည်ထူထောင်ရေး အစီအစဉ်အဆင့်**သည် ထိုအစီအစဉ်ကို ပုဒ်မ ၁၂၅၊ ပုဒ်မခွဲ (င) နှင့်အညီ လက်မှတ်ရေးထိုးချိန် တွင် စတင်ပြီး အောက်ပါအခြေအနေတွင် ပြီးဆုံးသည်-

(၁) ပုဒ်မ ၁၃၅ အရ အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံပေး ပို့ပြီးလျှင်၊ သို့မဟုတ်

(၂) ပုဒ်မ ၁၃၈ နှင့်အညီ တရားရုံးက ပြန်လည်ထူထောင်ရေးအစီအစဉ် ကို ရပ်စဲရန် အမိန့်ချမှတ်ထားပြီးဖြစ်လျှင်၊ သို့မဟုတ်

(၃) အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည် မပြုရန် မြီရှင်များကဆုံးဖြတ်လျှင်။

(ဃ) အပိုင်း (၆)လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်သည် ပြန်လည် ထူထောင်ရေးအကြံပေးရာထူးလစ်လပ်ခြင်း သို့မဟုတ် ရာထူးမှ ထုတ်ပယ် ခံရခြင်းကြောင့် ရပ်စဲသွားခြင်း မရှိစေရ။

**ဤအပိုင်း၏ ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များ**

၉၄။ (က) ဤအပိုင်း၏ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် အောက်ပါ ရည်မှန်းချက်များဖြင့် ဆောင်ရွက်ရမည်-

(၁) အပိုင်း(၆)လုပ်ငန်းကို ဆက်လက် လည်ပတ်နေရန်အတွက် ကယ်ဆယ်ခြင်း သို့မဟုတ်

(၂) ပုဒ်မခွဲငယ် (၁)ပါ ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ခြင်း မရှိပါက လုပ်ငန်း၏အစိတ်အပိုင်းအများဆုံးကို ဆက်လက်ရပ်တည်နိုင်ရန် တတ်နိုင်သမျှ ဆောင်ရွက်ခြင်း သို့မဟုတ်

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) ပါ ရည်မှန်းချက်များအတိုင်း ဆောင်ရွက် နိုင်ခြင်းမရှိသည့်အပြင် အပိုင်း (၆) လုပ်ငန်း၏ မြီရှင်အားလုံး အကျိုးဖြစ်စေနိုင်ပါက လုပ်ငန်းကို လူမွဲခံယူခြင်းဆိုင်ရာ စီမံ ဆောင်ရွက်မှုလုပ်ငန်းစဉ်ကို ပြုလုပ်စေခြင်း၊

(ခ) ဤအပိုင်းသည် ပုဒ်မခွဲ (က) ပါ ရည်မှန်းချက်များ အောင်မြင်စေရန် အလို့ငှာ အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရမည်-

(၁) အပိုင်း (၆)လုပ်ငန်းကိစ္စရပ်များ၊ စီးပွားရေးလုပ်ငန်းများနှင့် ပစ္စည်း များ၏ သာမန်အားဖြင့်ပေါ်ပေါက်လာနိုင်သည့် ကန့်သတ်ချက်များ နှင့် လိုက်လျောညီထွေဖြစ်စေခြင်း၊

(၂) အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ခြင်းနှင့် လူမွဲခံယူခြင်း လုပ်ငန်းစဉ်များကို မြန်ဆန်သောနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက် စေနိုင်ခြင်း။

**တရားရုံးက ကြီးကြပ်ခြင်း**

၉၅။ အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအကြံပေးနှင့် အစီအစဉ်ကြီးကြပ် သူတို့သည် တရားရုံး၏ ကြီးကြပ်မှုအောက်တွင် ရှိသည်။

**ပြန်လည်ထူထောင်ရေးအကြံပေး**

၉၆။ ဤဥပဒေအပိုင်း(၃) အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ်ဆောင်ရွက်ရန် အရည်အချင်းရှိသူကိုသာလျှင် အပိုင်း(၆)လုပ်ငန်းအတွက် ပြန်လည်ထူထောင်ရေး အကြံပေးအဖြစ် ခန့်အပ်နိုင်သည်။

**အခန်း (၂)**

**အပိုင်း (၆) လုပ်ငန်းစဉ်**

**အပိုင်း (၆) လုပ်ငန်းစဉ်စတင်ခြင်း**

၉၇။ (က) အပိုင်း (၆)လုပ်ငန်းသည် အောက်ပါအခြေအနေများတွင် လူမွဲခံယူခြင်း ဆိုင်ရာ ကျွမ်းကျင်သူကို ပြန်လည်ထူထောင်ရေးအကြံပေးအဖြစ် ခန့်အပ်နိုင်သည်-

(၁) အပိုင်း (၆)လုပ်ငန်းသည် ကုမ္ပဏီဖြစ်လျှင် ကုမ္ပဏီ၏ ဒါရိုက်တာ များက ထိုကုမ္ပဏီသည် ကြွေးမြီကို ပြန်လည်ပေးဆပ်ရန် စေ့ရောက် သည့်အချိန်တွင် ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိကြောင်း သို့မဟုတ် ပြန်လည်ပေးဆပ်နိုင်ရန် အလားအလာမရှိကြောင်း ယူဆပြီး လုပ်ငန်းပြန်လည်ထူထောင်ရေး အကြံပေးခန့်အပ်သင့်သည်ဟု သဘောတူဆုံးဖြတ်ချက်ကို စာဖြင့်ရေးသားချမှတ်လျှင်၊

(၂) ကုမ္ပဏီအဖြစ်မှတ်ပုံတင်ထားခြင်းမရှိသည့်အပိုင်း(၆)လုပ်ငန်း ဖြစ်လျှင် ထိုလုပ်ငန်း၏ပိုင်ရှင်က လုပ်ငန်းသည် ကြွေးမြီကို ပြန်လည်ပေးဆပ်ရန် စေ့ရောက်သည့်အချိန်တွင် ပြန်လည်ပေး ဆပ်နိုင်ခြင်းမရှိကြောင်း သို့မဟုတ် ပြန်လည်ပေးဆပ်နိုင်ရန် အလားအလာမရှိကြောင်းယူဆပြီး ပြန်လည်ထူထောင်ရေး အကြံပေးခန့်အပ်သင့်သည်ဟု စာဖြင့်ရေးသားကြေညာလျှင်၊ သို့မဟုတ်

(၃) အစုစပ်လုပ်ငန်းဖြစ်လျှင် အစုစပ်လုပ်ငန်းဝင်များက ကြွေးမြီကို ပြန်လည်ပေးဆပ်ရန် စေ့ရောက်သည့်အချိန်တွင် ပြန်လည်ပေး ဆပ်နိုင်ခြင်းမရှိကြောင်း သို့မဟုတ် ပြန်လည်ပေးဆပ်နိုင်ရန် အလားအလာမရှိကြောင်း ယူဆပြီး ပြန်လည်ထူထောင်ရေး အကြံပေးခန့်အပ်သင့်သည်ဟု စာဖြင့်ရေးသားကြေညာလျှင်။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်စတင်ခြင်းကိုကန့်သတ်ခြင်း**

၉၈။ (က) ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသောလုပ်ငန်းသည် အောက်ပါအခြေအနေ များတွင် အပိုင်း (၆)လုပ်ငန်းစဉ်စတင်နိုင်ခြင်းမရှိစေရ-

(၁) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူသည် ၎င်းအားခန့်အပ်မှုကို လက်ခံရန် စာဖြင့်ရေးသား သဘောတူညီခြင်းမရှိလျှင်၊

(၂) ကုမ္ပဏီသည် ပြန်လည်ထူထောင်ရေးကို အပိုင်း(၅) သို့မဟုတ် အပိုင်း(၆) အရ ဆောင်ရွက်နေဆဲဖြစ်လျှင်၊

(၃) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းနေဆဲဖြစ်လျှင်။

(ခ) ကုမ္ပဏီအဖြစ်မှတ်ပုံတင်ထားခြင်းမရှိသော အပိုင်း(၆)လုပ်ငန်းသည် အောက်ဖော်ပြပါအခြေအနေများတွင် အပိုင်း(၆)လုပ်ငန်းစဉ်ကို စတင်နိုင်ခြင်းမရှိစေရ-

(၁) လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူသည် ၎င်းအားခန့်အပ်မှုကို လက်ခံရန် စာဖြင့်ရေးသား သဘောတူညီခြင်းမရှိလျှင်၊

(၂) လုပ်ငန်းရှင်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောလုပ်ငန်းရှင် များသည် လူမွဲဖြစ်နေလျှင်၊

(၃) အစုစပ်လုပ်ငန်းဖြစ်လျှင် ထိုအစုစပ်လုပ်ငန်းကို ဖျက်သိမ်းရန် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် လျှောက်ထားဆဲ ဖြစ်ပြီး အမိန့်ချမှတ်ခြင်း မရှိသေးလျှင် သို့မဟုတ် အခြားနည်း စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် ဆောင်ရွက်ဆဲဖြစ်လျှင်။

(ဂ) အပိုင်း (၆) လုပ်ငန်းကပေးရမည့် မြီရှင်များ အမည်၊ လိပ်စာ၊ ထိုသူတို့ထံ ပေးရန်ရှိသော ခန့်မှန်းခြေ ကြွေးမြီတန်ဖိုးနှင့် အခြားသောမှတ်တမ်းတို့ကို ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) သို့မဟုတ် ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) တွင် ရည်ညွှန်းထားသော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူက လက်ခံ ရရှိကြောင်းနှင့် ၎င်း၏ စုံစမ်းစစ်ဆေးမှုများအရ ၎င်းအားခန့်ထားခြင်းဖြင့် ပုဒ်မ ၉၄ ပါ ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း စာဖြင့်ရေးသားအတည်ပြုခြင်း မရှိသေးလျှင် လုပ်ငန်းစဉ်ကို စတင်နိုင်ခြင်း မရှိစေရ။

(ဃ) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ယခင် အပိုင်း (၆) လုပ်ငန်းစဉ် စတင်ခဲ့သည့်နေ့မှ ၁၂ လအတွင်း မစတင်ရ။

**အာမခံအကျိုးခံစားခွင့်ရ မြီရှင်များထံ အကြောင်းကြားခြင်း**

၉၉။ ပြန်လည်ထူထောင်ရေးအကြံပေးကို ခန့်အပ်ထားခြင်းဖြစ်ပြီး အပိုင်း (၆) လုပ်ငန်းပိုင်ပစ္စည်းအားလုံးကိုဖြစ်စေ၊ အများစုကိုဖြစ်စေ ပိုင်ဆိုင်သည့်အာမခံ အကျိုးခံစားခွင့်ရမြီရှင်ရှိသည့်အခြေအနေတွင် ပြန်လည်ထူထောင်ရေးအကြံပေးသည် ၎င်းအား ခန့်အပ်ကြောင်း အကြောင်းကြားစာကို အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အာမခံ အကျိုးခံစားခွင့်ရမြီရှင်သို့ ပေးပို့ရမည်။ ထို့ပြင် အာမခံအကျိုးခံစားခွင့်ရ မြီရှင်သည် အကြောင်းကြားစာရပြီး အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း ၎င်းခန့်ထား လိုသော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအား ပြန်လည်ထူထောင်ရေးအကြံပေး အဖြစ် အစားထိုးခန့်ထားနိုင်သည်။ ပြန်လည်ထူထောင်ရေးအကြံပေးက ထိုသို့ ခန့်အပ်ခြင်းကို လက်ခံကြောင်းစာဖြင့် ရေးသားသဘောတူရမည်။

**ပြန်လည်ထူထောင်ရေးအကြံပေး ခန့်အပ်ပြီးကြောင်း အကြောင်းကြားစာပေးပို့ရခြင်း**

၁၀၀။(က) ခန့်အပ်ခြင်းခံရသည့် ပြန်လည်ထူထောင်ရေးအကြံပေးသည် ၎င်းအား ခန့်အပ်ပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) ၎င်းအားခန့်အပ်ပြီးကြောင်းကို အပိုင်း (၆) လုပ်ငန်းသို့ အကြောင်း ကြားရမည်။ ထို့နောက် နည်းဥပဒေပါ နည်းလမ်းအတိုင်း အများ သိစေရန် ကြေညာရမည်။

(၂) ၎င်းအားခန့်အပ်ပြီးကြောင်းကို မှတ်ပုံတင်အရာရှိထံ အကြောင်း ကြားရမည်။ မှတ်ပုံတင်အရာရှိသည် တတ်နိုင်သမျှ ဆောလျင်စွာ မှတ်ပုံတင်စာရင်း ရေးသွင်းရမည်။

(၃) ၎င်းအားခန့်အပ်ပြီးကြောင်းကို လိပ်စာသိသမျှသော ကုမ္ပဏီ၏ မြီရှင်များထံ အကြောင်းကြားရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မွေးမြူရေးလုပ်ငန်းများတိုးတက်လာစေရန်နှင့် ခေတ်မီမွေးမြူရေးစနစ်များ အသုံးပြုနိုင်ရန် နေပြည်တော်တွင် ခေတ်မီဝက်မွေးမြူရေးခြံ တည်ဆောက်မည်

**နေပြည်တော် အောက်တိုဘာ ၁၈**

ကျေးလက်ဒေသနေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ထိုင်းနိုင်ငံအခြေစိုက် စီပီကုမ္ပဏီက မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၅၀တွင် မတည်ရင်းနှီးငွေများ ထုတ်ပေးပြီး အဆိုပါကျေးရွာများတွင် မွေးမြူရေးလုပ်ငန်းများ တိုးတက်လာစေရန်နှင့် ခေတ်မီသည့် မွေးမြူရေးစနစ်များ အသုံးပြုနိုင်ရန်အတွက် ခေတ်မီမွေးမြူရေးခြံများ တည်ဆောက်လျက်ရှိရာ နေပြည်တော်တွင်လည်း ခေတ်မီဝက်မွေးမြူရေးခြံ တည်ဆောက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

နေပြည်တော် ပေတောကျေးရွာတွင် ခေတ်မီကြက်မွေးမြူရေးခြံများကို စီပီကုမ္ပဏီက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများထံမှ မြေငှားရမ်းကာ ဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍ နေပြည်တော် တပ်ကုန်းမြို့နယ် အောင်မြေသာကျေးရွာနှင့် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာတို့တွင် ခေတ်မီဝက်မွေးမြူရေးခြံများ တည်ဆောက်သွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းထံမှ သိရသည်။

"ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်တုန်းက မြန်မာနိုင်ငံမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ထိုင်းနိုင်ငံရှိ စီပီကုမ္ပဏီက ကျေးရွာပေါင်း ၅၀ ကို ဖွံ့ဖြိုးရေးလုပ်ငန်း စတင်ဆောင်ရွက်ခဲ့ပါတယ်။ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နဲ့ ကရင်ပြည်နယ်စတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ကျေးရွာ ၅၀ ကို ကျေးလက်ဒေသဖွံ့ဖြိုးရေး စံပြကျေးရွာတွေအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ တစ်ရွာကို ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို သူတို့ကပဲ စိုက်ထုတ်တာဖြစ်ပါတယ်။ အဲဒီရွာတွေမှာ ပထမဆုံး ကျပ်သိန်း ၃၀၀ နဲ့ ကျေးလက်ရန်ပုံငွေကော်မတီဆိုပြီး ဖွဲ့လိုက်တယ်။ အဲဒီရန်ပုံငွေကို ထိန်းသိမ်းတဲ့အဖွဲ့ရယ်၊ ရန်ပုံငွေအပေါ်မူတည်ပြီးတော့ ကျေးရွာမှာ မိမိတို့လိုအပ်ချက်အလိုက် လုပ်မယ့်လုပ်ငန်းရယ်ဆိုပြီး အဖွဲ့တွေဖွဲ့လိုက်တယ်။ သူတို့အလုပ်ကဘာလဲဆိုရင် ကျပ်သိန်း ၃၀၀ ထဲက ရွာမှာရှိတဲ့ မိမိတို့ရဲ့လူနေမှုဘဝ စားဝတ်နေရေးအတွက် ဘယ်လိုသုံးစွဲမလဲ။ တချို့က ဈေးဆိုင်လေးတွေတည်ထောင်တယ်။ တချို့က မွေးမြူရေးလုပ်တယ်။ တချို့က စိုက်ပျိုးရေးလုပ်တယ်။ အဲဒီသိန်း ၃၀၀နဲ့ပတ်သက်ပြီး သူတို့က ပြန်မယူဘူး။ ကျေးရွာကော်မတီကပဲ ဒီသိန်း ၃၀၀ ကို ထိန်းသိမ်းရတဲ့အတိုးတွေကိုလည်းပဲ ရွာအတွက်ပဲ အသုံးပြုဆိုပြီး ဆောင်ရွက်ခဲ့ပါတယ်။

"အဲဒီလို ဆောင်ရွက်ရင်းနဲ့ပဲ နေပြည်တော် ပေတောကျေးရွာမှာ စီပီက ငွေကျပ်သိန်း ၃၀၀ ပေးထားပြီးသား။ အဲဒီငွေနဲ့ အဲဒီကျေးရွာမှာရှိတဲ့ အသင်းဝင်တွေက စီးပွားရေး၊ မွေးမြူရေးလုပ်ငန်းတွေ လုပ်တဲ့အခါမှာ တစ်လအတွက် တစ်ရာခိုင်နှုန်းအတိုးနဲ့ ခြောက်လအတွက် ခြောက်ကျပ်အတိုးနှုန်းနဲ့ လုပ်တယ်။ ရတဲ့ အတိုးကိုလည်း ဒီရွာအတွက် လိုအပ်တာတွေမှာ ပြန်သုံးတယ်။

"အဲဒီလိုလုပ်လာရာကနေ ရေရှည်တည်တံ့တဲ့ မွေးမြူရေးကို လုပ်ဖို့ဆိုပြီးတော့ ကျေးရွာကော်မတီအဖွဲ့က စီပီနဲ့ သဘောတူကြပြီးတော့ သိန်း ၃၀၀ ထဲကနေ ကျေးရွာကော်မတီက သိန်း ၁၀၀ ဖိုး မြေတွေ ဝယ်တယ်။ အဲဒီမြေပေါ်မှာ စီပီက ခေတ်မီကြက်ခြံ ဆောက်ပေးတယ်။ ကြက်ခြံကို စီပီက သူ့ကုန်ကျစရိတ်နဲ့ ဆောက်ပေးတယ်။ ကျေးရွာကော်မတီဆီကနေ မြေကိုငှားသုံးတယ်။ အဆင့်မြင့်ကြက်ခြံလည်ပတ်ဖို့ လုပ်အားကိုလည်း ပေတောကျေးရွာက ရွာသူရွာသားတွေကို ငှားရမ်းပြီးတော့ ၁၀ နှစ် ကြက်ခြံကို စီပီက အသုံးပြုမယ်။ ၁၀ နှစ် လုပ်ကိုင်ပြီးရင် ကြက်ခြံရော လုပ်ငန်းအားလုံးကို မြေငှားထားတဲ့ကျေးရွာကို လွှဲပေးရမယ်။ ၁၀ နှစ်တာ အတောအတွင်းမှာ အဲဒီကျေးရွာကော်မတီက သိန်း ၁၀၀ နဲ့ဝယ်ထားတဲ့ မြေငှားခရမယ်။

"စီပီက သူတို့ကြက်ခြံမှာ ကြက်ဥထုတ်လုပ်ပြီးတော့ ၁၀ နှစ်ရောက်ရင် အကုန်လုံးကို ကျေးရွာကိုလွှဲပေးမယ်။ အဲဒီစနစ်က ထိုင်းနိုင်ငံမှာလုပ်တဲ့စနစ် ဖြစ်ပါတယ်။ ဒေသတွင်းမှာ ခေတ်မီမွေးမြူရေးစနစ်တွေ ပေါ်လာဖို့ဆိုပြီး လုပ်ဆောင်တာဖြစ်ပါတယ်။ အခုဆိုရင် ပေတောရွာမှာ ခေတ်မီကြက်မွေးမြူရေးခြံသုံးခု ဆောက်လိုက်တယ်။ အဲဒီသုံးခြံရဲ့ မြေငှားခကိုလည်း ကော်မတီကို ပေးရတယ်။ အဲဒီသုံးခြံမှာ လိုအပ်တဲ့လုပ်အားကိုလည်း အဲဒီကျေးရွာက ဒေသခံတွေကိုပဲ ပြန်ခေါ်ပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းတွေပေးတယ်။ အဲဒီကလူတွေကလည်း စီပီကုမ္ပဏီအတိုင်း နောင် ၁၀ နှစ်ပြည့်ရင် ခေတ်မီကြက်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ ၁၀ နှစ်ပြည့်ရင်တော့ ကျေးရွာက အပိုင်ဖြစ်သွားမှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံတွင် စီပီ၏ လုပ်ငန်းဆောင်ရွက်ပုံကို ရှင်းပြသည်။

ခေတ်မီဝက်မွေးမြူရေးခြံ တည်ဆောက်ရေးနှင့် ပတ်သက်၍လည်း ညွှန်ကြားရေးမှူးချုပ်က "စီပီက နေပြည်တော်မှာရှိတဲ့ ကျေးရွာခြောက်ရွာမှာ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်ကိုင်ဖို့ ကျပ်သိန်း ၃၀၀ မတည်ပေးထားပါတယ်။ ဒါ့အပြင် နောက်ထပ် ကျည်တောင်နဲ့ အောင်မြေသာ ကျေးရွာနှစ်ရွာမှာ ဖွံ့ဖြိုးရေးတွေလုပ်ဖို့ ကျပ်သိန်း ၃၀၀ စီ မတည်ပေးထားပြီးသား။ အဲဒီရွာတွေကလည်း သူတို့ကိုပေးထားတဲ့ သိန်း ၃၀၀ နဲ့ မြေဝယ်ပြီးတော့ အဲဒီမြေပေါ်မှာ စီပီက အဆင့်မြင့်ဝက်မွေးမြူရေးခြံကို လာဆောက်မှာ ဖြစ်ပါတယ်။ ဆောက်ပြီးတော့ ပေတောကျေးရွာလိုပဲ ဝက်မွေးမြူရေးခြံမှာ ဝက်မွေးမြူရေးတွေလုပ်မယ်။ အလုံပိတ်စနစ်နဲ့ ပတ်ဝန်းကျင်ကို မထိခိုက်စေရအောင် စီပီက ၁၀ နှစ် လုပ်မယ်။ လုပ်ပြီးရင် အားလုံးကို မြေငှားရမ်းထားတဲ့ကျေးရွာကို လွှဲပြောင်းပေးမယ်ဆိုပြီး သဘောတူလက်မှတ်ရေးထိုးထားတာ ဖြစ်ပါတယ်။ အဓိကကတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်ပဲ ဖြစ်ပါတယ်"ဟု ဆက်လက်ရှင်းပြသည်။

"စီပီကချပေးတဲ့ရန်ပုံငွေ အသုံးပြုခြင်းဖြင့် မိမိကျွမ်းကျင်တဲ့ စီးပွားရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းကို အတိုးနည်းနည်းနဲ့ ချေးယူရတဲ့အတွက် ဝ ဒသမ ၅ ကနေ ၁ ဒသမ ၅ ရာခိုင်နှုန်းလောက်နဲ့ပဲ ချေးပေးပါတယ်။ သတ်မှတ်ချိန်မှာ ပြန်ဆပ်စနစ်နဲ့သွားပါတယ်။ အဲဒီကျေးရွာတွေမှာ မတည်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ အပြင် အတိုးရတဲ့ငွေတွေပါ တစ်နှစ်ကို လေး၊ ငါး၊ ဆယ်သိန်း တိုးလာပါတယ်"ဟုလည်း ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ပကသာ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့်လည်း ကျေးရွာများတွင် အသားကဏ္ဍ မြစိမ်းရောင်ကျေးရွာများအဖြစ် တစ်နှစ်လျှင် ကျေးရွာပေါင်း ၃၀၊ ၄၀ ခန့်ကို နိုင်ငံတော်အစိုးရရန်ပုံငွေ အသုံးပြုပြီး ကျေးရွာကော်မတီထံအပ်နှံ၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကအားဖြင့် ရွာသူရွာသားများဦးဆောင်၍ မိမိကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်မှ ကျပ်သိန်း ၃၀၀ ရင်းနှီးမတည်ပေးထားပြီး ဌာနအနေဖြင့် လိုအပ်သည့် နည်းပညာအထောက်အကူများ၊ သင်တန်းများပေးလျက်ရှိကြောင်း သိရသည်။

"ကျေးရွာမှာရှိတဲ့သူတွေထဲက အလုပ်လုပ်ချင်စိတ်ရှိပြီး အရင်းအနှီးမရှိတဲ့သူတွေကို ခွဲဝေမျှဝေတဲ့ ပုံစံဖြစ်ပါတယ်။ တိုင်းပြည်မှာရှိတဲ့ ပြည်သူတွေအားလုံး ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်းစားရပါတယ်။ နိုင်ငံတိုးတက်ရေးအတွက် နိုင်ငံခြားသားက ရင်းနှီးမြှုပ်နှံတယ်ဆိုရင် အဲဒီနိုင်ငံခြားသားက သူရင်းနှီးမြှုပ်နှံမယ့်လုပ်ငန်းရဲ့ ဥပဒေဘောင်တွေ၊ နည်းဥပဒေတွေကို လိုက်နာဆောင်ရွက်မှ လုပ်ကိုင်ခွင့်ပြုတာဖြစ်ပါတယ်။ ဥပဒေဘောင်ကိုကျော်ပြီးတော့ လာတဲ့နိုင်ငံခြားသားကိုတော့ လုပ်ကိုင်ခွင့်ဘယ်ပေးမှာလဲ။ ဥပဒေအရ သတ်မှတ်ထားတဲ့ ဘောင်အတွင်းမှာပဲ လုပ်ခွင့်ရမယ်။ အဲဒီအတွက် အစိုးရဝန်ထမ်းတွေသည်လည်း အစိုးရကသတ်မှတ်ထားတဲ့ စည်းကမ်း၊ ဥပဒေတွေနဲ့အညီ ကျွန်တော်တို့မှာ လုပ်ပေးရမယ့် တာဝန်ရှိပါတယ်။ ကျွန်တော်တို့ရဲ့အဓိကတာဝန်ကတော့ ပြည်သူတွေ များများနဲ့ကောင်းကောင်းစားရဖို့ ကျွန်တော်တို့က ဦးတည်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ပြည်သူတွေ များများစားရဖို့က ဝယ်စားနိုင်တဲ့ ဈေးနှုန်းရှိဖို့လည်း လိုပါတယ်။ ဒါတွေကို အမြဲတမ်းပဲ စဉ်းစားပါတယ်။ ပြည်သူတွေ လုံခြုံစိတ်ချရမယ်၊ အစားအသောက်တွေ အန္တရာယ်ကင်းရမယ်၊ ဒါတွေကို ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ ဒါတွေကို တစိုက်မတ်မတ်လုပ်ရမှာက ဌာနရဲ့တာဝန်တွေပဲ ဖြစ်ပါတယ်"ဟုလည်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍လည်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။ ။



ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သိန်း**

# ကိုယ့်အားကိုယ်ကိုး ညလှည့်ကင်းဆောင်ရွက်မှုကြောင့် အင်းတော်မြို့၌ မှုခင်းကျဆင်းလာ

**အင်းတော် အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့၌ နေအိမ်ဖောက်ထွင်းခိုးယူမှုနှင့် ခိုးမှု၊ လုယက်မှုများ ရက်ဆက်ဖြစ်ပေါ်ခဲ့သောကြောင့် ဒေသခံများစုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ညလှည့်ကင်းများလှည့်ပြီး လုံခြုံရေးဆောင်ရွက်လာခဲ့ရာ အောက်တိုဘာ ၁၅ ရက်ညတွင် ကိုယ့်အားကိုယ်ကိုး လှည့်ကင်းလှည့်လည်သည်မှာ ၂၀ ရက်ပြည့်ခဲ့ပြီး မှုခင်းဖြစ်ပွားမှုများလည်း တစ်နေ့တခြား လျော့နည်းကျဆင်းလာခဲ့ကြောင်း သိရသည်။

"အင်းတော်မြို့မှာ ရပ်ကွက်လေးခုရှိပြီး အိမ်ခြေသုံးထောင်ခန့်၊ လူဦးရေတစ်သောင်းနီးပါး နေထိုင်ကြပါတယ်။ မြို့နယ်အတွင်း မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ သုံးစွဲမှုတွေ အရင်ကထက် ပိုမိုများပြားလာတာကြောင့် ဆိုင်ကယ်ခိုးမှု၊ ဆိုင်ကယ်လုယက်မှု၊ နေအိမ်ဖောက်ထွင်းခိုးယူမှုတွေ ရက်ဆက်ဖြစ်ပေါ်ခဲ့တယ်။ ဒါကြောင့်ကျွန်တော်တို့ ကိုယ့်အားကိုယ်ကိုး လှည့်ကင်းအဖွဲ့အနေနဲ့ စက်တင်ဘာ ၂၅ ရက်ညက စတင်ပြီး ညစဉ်ညတိုင်း လှည့်ကင်းဆောင်ရွက်ပါတယ်။ ခိုးမှုတွေအဖြစ်များတဲ့ ညခင်းအချိန်တွေမှာ နေ့စဉ်ရက်ဆက် ဆောင်ရွက်သွားမှာပါ။ ဒီလိုဆောင်ရွက်နေမှုများကြောင့် မှုခင်းဖြစ်ပွားမှုတွေလည်း လျော့နည်းကျဆင်းလာတာကို တွေ့ရပါတယ်"ဟု လှည့်ကင်းအဖွဲ့တွင် ပါဝင်ဆောင်ရွက်နေသူ အုပ်ချုပ်ရေးမှူးတစ်ဦးက ပြောသည်။

ညလှည့်ကင်းဆောင်ရွက်ရာတွင် နန့်ခင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ အောင်ချမ်းသာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်း၊ အောင်မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနိုင်၊ လယ်ပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအုန်းမောင်၊ အောင်ဇေယျရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်လွင်တို့နှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မေတ္တာရှင်လူမှုကူညီရေးအသင်း၊ ဖြူစင်မေတ္တာ လူမှုကူညီရေးအသင်းတို့မှ အသင်းဝင်များနှင့် ပြည်သူများပါဝင်ပြီး အဖွဲ့များခွဲ၍ စက်တင်ဘာ ၂၅ ရက် ညပိုင်းက စတင်ကင်းလှည့်ခဲ့ကြခြင်း ဖြစ်သည်။

**ကိုမင်း(အင်းတော်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၈-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၀၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၀၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၈၀/၁၁၀၀ ကျပ် | ၁၁၂၀/၁၁၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၉၅/၁၁၁၀ ကျပ် | ၁၁၃၅/၁၁၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၅၀/၁၀၆၅ ကျပ် | ၁၁၁၀/၁၁၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀/၁၁၁၅ ကျပ် | ၁၁၇၀/၁၁၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၉ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၇၀ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၆ ・ ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၁၅ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၆ ・ ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၆ ・ ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ ・ ၁၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၉၁၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ ・ ၉၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၀ ・ ၂၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၁၉၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# စတမ်းဖို့ဒ်ဘရစ်ချ်မှာ ရှန်းကန်ရမယ့် မန်ယူ

**2018-19 EPL Week - 9**

—— ဝေမိုးဆက် ——

နိုင်ငံတကာပြိုင်ပွဲတွေကြောင့် ရပ်နားထားခဲ့တဲ့ ပရီမီယာလိဂ်ပြိုင်ပွဲကို လာမယ့်အောက်တိုဘာ ၂၀၊ ၂၁၊ ၂၃ ရက်တွေမှာ ပြန်လည်ကျင်းပသွားမှာဖြစ်ပါတယ်။ အဆိုပါပွဲစဉ်မှာတော့ အသင်းကြီးနှစ်သင်းဖြစ်တဲ့ ချယ်လ်ဆီးနဲ့ မန်ယူတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ အထူးသဖြင့် မော်ရင်ညိုဟာ လက်ရှိအချိန်မှာ ဖိအားတွေနဲ့ ရင်ဆိုင်နေရလို့ ဒီပွဲမှာ အသင်းဟောင်း ချယ်လ်ဆီးကို ဘယ်လိုရင်ဆိုင်မလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

## ကာဆယ် နှင့် ဘရိုက်တန်

**ကစားမည့်အချိန် - ည ၈း၃၀ (၂၀-၁၀-၁၈)**

ကာဆယ်က ပြသနေတဲ့ခြေစွမ်းနဲ့ရလဒ်ပိုင်းက တခြားစီ ဖြစ်နေတယ်။ အဓိကကတော့ ခံစစ်ပိုင်းအားနည်းမှုက ကာဆယ်ကို ရလဒ်တွေ ဆိုးနေစေတယ်။ ဒါပေမယ့် ဒီပွဲမှာတော့ ကာဆယ်တို့ ဖိအားအောက်ကလွတ်အောင် အားကုန်ထုတ်မှာ အသေချာဆုံးပဲ။ လက်ရှိရာသီမှာ ဘရိုက်တန်ခြေကလည်း သာမန်ရှိတော့ ကာဆယ်အခွင့်အရေးရနိုင်တယ်။ အထူးသဖြင့် ကာဆယ်တိုက်စစ်ကဂိုးသွင်းခြေမဆိုးလို့ ကာဆယ်ကပဲ အနိုင်ရသွားနိုင်တယ်။

## ဟတ်ဒါဖီးလ် နှင့် လီဗာပူး

**ကစားမည့်အချိန် - ည ၁၁း၀၀ (၂၀-၁၀-၁၈)**

လီဗာပူးက ချန်ပီယံလိဂ်ကစားရဖို့ရှိနေပေမယ့် မန်စီးတီး၊ ချယ်လ်ဆီးတို့နဲ့ အမှတ်တူဖြစ်နေတာကြောင့် အမှားခံမှာ မဟုတ်ပါဘူး။ အခုအချိန်မှာ လီဗာပူးရဲ့ ခြေစွမ်းကလည်း ကောင်းမွန်နေဆဲဖြစ်ပြီး မန်စီးတီး၊ ချယ်လ်ဆီးတို့နဲ့ ရင်ဆိုင်ခဲ့ရတဲ့ပွဲတွေမှာတောင် အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်။ ဟတ်ဒါဖီးလ်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအားနည်းနေတာကြောင့် အိမ်ကွင်းဖြစ်ပေမယ့် လီဗာပူးကို ထိန်းချုပ်ဖို့ခက်ခဲနိုင်တယ်။ လီဗာပူးအနိုင်သေချာတယ်။



**ဂိုးအများဆုံးသွင်းထားသူများ**

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဟာဇက် | ချယ်လ်ဆီး | ၇ |
| အဂူရို | မန်စီးတီး | ၅ |
| ဟာရီကိန်း | စပါး | ၅ |
| မီထရိုဗစ် | ဖူလ်ဟမ် | ၅ |
| မာရေး | ဘရိုက်တန် | ၅ |

## ချယ်လ်ဆီး နှင့် မန်ယူ

**ကစားမည့်အချိန် - ညနေ ၆း၀၀ (၂၀-၁၀-၁၈)**

ကာဆယ်ကို အနိုင်ရခဲ့ပေမယ့် မန်ယူရဲ့ခံစစ်က ကျစ်လျစ်မှုအားနည်းနေပါတယ်။ ချယ်လ်ဆီးကတော့အိမ်ကွင်းဖြစ်သလို မန်စီးတီး၊ လီဗာပူးတို့နဲ့ အမှတ်ကွာမသွားအောင် အားစိုက်ကစားမှာ ဖြစ်တယ်။ ဟာဇက် ခြေစွမ်းပြနေတာကြောင့်လည်း ချယ်လ်ဆီး တိုက်စစ်က ထက်မြက်နေပါတယ်။ နှစ်သင်းစလုံး ဒီပွဲအပြီးမှာ ဥရောပပွဲတွေ ကစားရမှာဖြစ်ပေမယ့် မန်ယူရဲ့ ချန်ပီယံလိဂ်ပွဲက ဒီပွဲနဲ့ပိုမိုနီးကပ်တာကြောင့် မန်ယူတို့ ခြေကုန်ထုတ်နိုင်ဖို့ ခက်ပါလိမ့်မယ်။ ချယ်လ်ဆီးပဲ အနိုင်ရမယ်။

## ကာဒစ်ဖ် နှင့် ဖူလ်ဟမ်

**ကစားမည့်အချိန် - ည ၈း၃၀ (၂၀-၁၀-၁၈)**

လက်ရှိအချိန်မှာ ဖူလ်ဟမ်ခြေက အားနည်းမှုများတယ်။ ခံစစ်ပိုင်း အမှားများလွန်းနေတာကြောင့်လည်း ဖူလ်ဟမ်တို့ ရှန်းကန်နေရတာဖြစ်တယ်။ ဒါပေမယ့် ဖူလ်ဟမ်က ရလဒ်တွေ ဆက်တိုက်ဆိုးနေလို့ အားစိုက်လာမှာဖြစ်သလို ကာဒစ်ဖ်ကလည်း နိုင်ပွဲလိုနေလို့ အိမ်ကွင်းမှာအားစိုက်မှာပါ။ နှစ်သင်းစလုံး ရလဒ်ဆိုးတွေထဲကနေရုန်းဖို့ အားစိုက်မှာဖြစ်တဲ့အပြင် ခံစစ်ပိုင်းလည်းအားနည်းနေလို့ အပြန်အလှန်သွင်းဂိုးတွေကို မြင်ရနိုင်ပြီး ကာဒစ်ဖ် သရေလောက်ရမယ်။

## ဝက်စ်ဟမ်း နှင့် စပါး

**ကစားမည့်အချိန်- ည ၈း၃၀ (၂၀-၁၀-၁၈)**

ချန်ပီယံလိဂ်မှာ နှစ်ပွဲစလုံး အရေးနိမ့်ခဲ့တဲ့ စပါးအနေနဲ့ ဒီပွဲအပြီးကစားရမယ့် တတိယပွဲမှာ ပေါ့လို့မရတော့ဘူး။ ဒါကြောင့် ဒီပွဲမှာ စပါး ခြေကုန်ထုတ်နိုင်ပါ့မလား စဉ်းစားရမယ်။ ဒါ့အပြင် စပါးရဲ့ လက်ရှိခြေက အားနည်းနေပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေကျဆင်းနေတယ်။ ဝက်စ်ဟမ်းခြေကလည်း အခုနောက်ပိုင်းပြန်လည်ကောင်းမွန်လာသလို အိမ်ကွင်းမှာ နိုင်ပွဲပြန်ရှာမှာလည်းဖြစ်တယ်။ လန်ဒန်ဒါဘီပွဲမှာ ဝက်စ်ဟမ်းတို့ သရေလောက် ရယူသွားနိုင်တယ်။

## အဲဗာတန် နှင့် ပဲလေ့စ်

**ကစားမည့်အချိန်- ည ၉း၃၀ (၂၁-၁၀-၁၈)**

ပဲလေ့စ်ခြေ ကျဆင်းနေတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေမတည်ငြိမ်ပါဘူး။ နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် အဝေးကွင်းဖြစ်နေတယ်။ အဲဗာတန်ကတော့ လက်ရှိ ခြေစွမ်းကောင်းနေကာ လက်စတာကိုတောင် အဝေးကွင်းမှာ အနိုင်ရတယ်။ အထူးသဖြင့် လက်ရှိအချိန်မှာ အဲဗာတန်ရဲ့ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေတည်ငြိမ်နေတယ်။ ဒါကြောင့်လည်း ခြေစွမ်းကျဆင်းနေတဲ့ ပဲလေ့စ်ကို ဖိအားပေးနိုင်ဖို့ရှိနေသလို နိုင်ပွဲလည်း ကပ်ရမယ်။

## ဘုန်းမောက်နှင့်ဆောက်သမ်တန်

**ကစားမည့်အချိန် - ည ၈း၃၀ (၂၀-၁၀-၁၈)**

ဘုန်းမောက်ရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်တိုက် အနိုင်ရယူနိုင်ခဲ့တယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်း ခြေထက်မြက်နေသလို အိမ်ကွင်းလည်းဖြစ်တယ်။ ဆောက်သမ်တန်ကတော့ ခြေစွမ်းပိုင်းအကျဘက်ကို ရောက်ရှိနေပါတယ်။ အမှတ်ပြန်ရဖို့အတွက် ဆောက်သမ်တန်တို့ အားစိုက်မှာဖြစ်ပေမယ့် ဘုန်းမောက်ကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ဂိုးသွင်းခြေတည်ငြိမ်နေတဲ့ ဘုန်းမောက်ပဲ အနိုင်ရမယ်။

## မန်စီးတီး နှင့် ဘန်လေ

**ကစားမည့်အချိန် - ည ၈း၃၀ (၂၀-၁၀-၁၈)**

ဘန်လေရဲ့ ခြေစွမ်းဟာ အခုနောက်ပိုင်း တိုးတက်လာပေမယ့် မန်စီးတီးကလည်း အမှားခံမှာ မဟုတ်ဘူး။ အထူးသဖြင့် လက်ရှိအချိန်မှာ မန်စီးတီးဟာ ချယ်လ်ဆီး၊ လီဗာပူးတို့နဲ့ အမှတ်တူအခြေအနေဖြစ်လို့ နိုင်ပွဲရအောင် အားစိုက်ကစားလာမှာ သေချာတယ်။ ဒါပေမယ့် မန်စီးတီးအနေနဲ့ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်အဝေးကွင်းပွဲ ကစားရဖို့ရှိနေတာကိုတော့ သတိပြုရမယ်။ မန်စီးတီး အနိုင်ရဖို့သေချာပေမယ့် ဂိုးများဖို့တော့ မလွယ်ကူတဲ့ပွဲပါ။

## ဝုဖ် နှင့် ဝက်ဖို့ဒ်

**ကစားမည့်အချိန်- ည ၈း၃၀ (၂၀-၁၀-၁၈)**

ဝက်ဖို့ဒ်က အခုနောက်ပိုင်းမှာ ခြေကျလာတယ်။ တိုက်စစ်က ဂိုးသွင်းခြေကျဆင်းလာသလို ခံစစ်ကလည်း ပွဲတိုင်းဂိုးတွေပေးနေရတယ်။ ဝုဖ်က အိမ်ကွင်းခြေကောင်းမွန်တတ်တဲ့ အသင်းဖြစ်ပြီး ခံစစ်ပိုင်းကျစ်လျစ်နေတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ရှုံးပွဲလုံးဝမရှိခဲ့ဘဲ လေးပွဲအနိုင် ရယူနိုင်ခဲ့ပြီး တစ်ပွဲသရေခဲ့တယ်။ ဒီပွဲမှာလည်း ဝုဖ်တို့ အိမ်ကွင်းနိုင်ပွဲရယူနိုင်ရေး အားစိုက်လာရင် ဝက်ဖို့ဒ်ကို ဖိအားပေးနိုင်မှာပါ။ ဝုဖ်ပဲ အနိုင်ရယူသွားဖို့ရှိတယ်။

## အာဆင်နယ် နှင့် လက်စတာ

**ကစားမည့်အချိန်- ည ၁း၃၀ (၂၃-၁၀-၁၈)**

အာဆင်နယ်ခြေက အခုနောက်ပိုင်း ကောင်းမွန်လာတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းမှာ လာကာဇက် ခြေစွမ်းပြလာလို့ ဂိုးသွင်းခြေ ပိုမိုထက်မြက်လာတယ်။ ယူရိုပါလိဂ်ကစားရဖို့ ရှိပေမယ့် အိမ်ကွင်းဖြစ်နေလို့ ဂရုတစိုက်ကစားမှာ သေချာတယ်။ လက်စတာက လက်ရှိခြေမငြိမ်ပါဘူး။ တိုက်စစ်က ဂိုးသွင်းခြေ ကျဆင်းလာတာကို တွေ့ရပါတယ်။ အိမ်ကွင်းမှာတောင် အဲဗာတန်ကို အရေးနိမ့်ခဲ့ရတယ်။ အာဆင်နယ်တို့ နိုင်ပွဲဆက်နိုင်တယ်။

### ပရီမီယာလိဂ်ပွဲစဉ် (၉)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၂၀-၁၀-၁၈** |
| ချယ်လ်ဆီး | - | မန်ယူ | ည ၆း၀၀ |
| ဘုန်းမောက် | - | ဆောက်သမ်တန် | ည ၈း၃၀ |
| ကာဒစ်ဖ် | - | ဖူလ်ဟမ် | ည ၈း၃၀ |
| မန်စီးတီး | - | ဘန်လေ | ည ၈း၃၀ |
| နယူးကာဆယ် | - | ဘရိုက်တန် | ည ၈း၃၀ |
| ဝက်စ်ဟမ်း | - | စပါး | ည ၈း၃၀ |
| ဝုဖ် | - | ဝက်ဖို့ဒ် | ည ၈း၃၀ |
| ဟတ်ဒါဖီးလ် | - | လီဗာပူး | ည ၁၁း၀၀ |
| **တနင်္လာနေ့** | | | **၂၁-၁၀-၁၈** |
| အဲဗာတန် | - | ပဲလေ့စ် | ည ၉း၃၀ |
| **တနင်္လာနေ့** | | | **၂၂-၁၀-၁၈** |
| အာဆင်နယ် | - | လက်စတာ | နံနက် ၁း၃၀ (အင်္ဂါနံနက်) |

### လာလီဂါပွဲစဉ် (၉)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁၉-၁၀-၁၈** |
| ဆယ်လ်တာဗီဂို | - | အလာဗက်စ် | နံနက် ၁း၃၀ (စနေနံနက်) |
| **စနေနေ့** | | | **၂၀-၁၀-၁၈** |
| ရီးရဲမက်ဒရစ် | - | လီဗန်တေး | ညနေ ၅း၃၀ |
| ဗလင်စီယာ | - | လီဂါနက်စ် | ည ၈း၄၅ |
| ဗီလာရီးရဲ | - | အက်သလက် | ည ၁၁း၀၀ |
| ဘာစီလိုနာ | - | ဆီဗီးလာ | နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) |
| **တနင်္ဂနွေနေ့** | | | **၂၁-၁၀-၁၈** |
| ဗယ်လက်ကာနို | - | ဂီတာဖေး | ညနေ ၄း၃၀ |
| အီဘား | - | ဘီဘာလ်အို | ည ၈း၄၅ |
| ဝက်စ်ကာ | - | အက်စ်ပန်ညို | ည ၁၁း၀၀ |
| ဘက်တစ် | - | ဗယ်လာဒိုးလစ် | နံနက် ၁း၁၅ (တနင်္လာနံနက်) |
| **တနင်္လာနေ့** | | | **၂၂-၁၀-၁၈** |
| ဆိုစီဒက်စ် | - | ဂျီရိုနာ | နံနက် ၁း၃၀ (အင်္ဂါနံနက်) |

### စီးရီးအေပွဲစဉ်(၉)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၂၀-၁၀-၁၈** |
| ရိုးမား | - | SPAL | ည ၇း၃၀ |
| ဂျူဗင်တပ်စ် | - | ဂျီနိုအာ | ည ၁၀း၃၀ |
| အူဒီးနီးစ် | - | နာပိုလီ | နံနက် ၁း၀၀ (တနင်္ဂနွေနံနက်) |
| **တနင်္ဂနွေနေ့** | | | **၂၁-၁၀-၁၈** |
| ဖရိုစီနိုနီ | - | အမ်ပိုလီ | ညနေ ၅း၀၀ |
| ဘလော့ညာ | - | တိုရီနို | ည ၇း၃၀ |
| ချီယေဗို | - | အတ္တလန်တာ | ည ၇း၃၀ |
| ပါးမား | - | လာဇီယို | ည ၇း၃၀ |
| ဖီအိုရင်တီးနား | - | ကက်ဂလီယာရီ | ည ၁၀း၃၀ |
| အင်တာ | - | အေစီမီလန် | နံနက် ၁း၀၀ (တနင်္လာနံနက်) |
| **တနင်္လာနေ့** | | | **၂၂-၁၀-၁၈** |
| ဆမ်ဒိုးရီးယား | - | ဆာစူအိုလို | နံနက် ၁း၀၀ (အင်္ဂါနံနက်) |

### ပြင်သစ်ပထမတန်းပွဲစဉ် (၁၀)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁၉-၁၀-၁၈** |
| လိုင်ယွန် | - | နီမက်စ် | နံနက် ၁း၁၅ (စနေနံနက်) |
| **စနေနေ့** | | | **၂၀-၁၀-၁၈** |
| ပီအက်စ်ဂျီ | - | အာမီယံ | ည ၉း၄၅ |
| ကိန်း | - | ဂူအင်ဂမ့် | နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) |
| ဒီဂျွန် | - | လိုင်လီ | နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) |
| နန့်စ် | - | တူးလောက်စ် | နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) |
| ရိမ်းစ် | - | အန်ဂျာစ် | နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) |
| စထရက်ဘော့ချ် | - | မိုနာကို | နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) |
| **တနင်္ဂနွေနေ့** | | | **၂၁-၁၀-၁၈** |
| မောင့်ပယ်လီယာ | - | ဘော်ဒိုး | ည ၇း၃၀ |
| စိန့်အေတီယန် | - | ရိန်းစ် | ည ၉း၃၀ |
| နိုက်စ် | - | မာဆေး | နံနက် ၁း၃၀ (တနင်္လာနံနက်) |

### ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃)

| | | | |
|---|---|---|---|
| **အင်္ဂါနေ့** | | | **၂၃-၁၀-၁၈** |
| အေအီးကေ | - | ဘိုင်ယန် | ည ၁၁း၂၅ |
| ယန်းဘွိုင်းစ် | - | ဗလန်စီယာ | ည ၁၁း၂၅ |
| အိုင်းယတ်စ် | - | ဘင်ဖီကာ | နံနက် ၁း၃၀ (ဗုဒ္ဓဟူးနံနက်) |
| ဟော့ဖန်ဟိမ်း | - | လိုင်ယွန် | နံနက် ၁း၃၀ (ဗုဒ္ဓဟူးနံနက်) |
| ရှက်တာဒိုးနက် | - | မန်စီးတီး | နံနက် ၁း၃၀ (ဗုဒ္ဓဟူးနံနက်) |
| ရိုးမား | - | စီအက်စ်ကေအေ | နံနက် ၁း၃၀ (ဗုဒ္ဓဟူးနံနက်) |
| ရီးရဲ | - | ပဲလ်ဇန် | နံနက် ၁း၃၀ (ဗုဒ္ဓဟူးနံနက်) |
| မန်ယူ | - | ဂျူဗင်တပ်စ် | နံနက် ၁း၃၀ (ဗုဒ္ဓဟူးနံနက်) |
| **ဗုဒ္ဓဟူးနေ့** | | | **၂၄-၁၀-၁၈** |
| ဘရူဂျက် | - | မိုနာကို | ည ၁၁း၂၅ |
| အိုင့်ဟိုဗင် | - | စပါး | ည ၁၁း၂၅ |
| ဒေါ့မွန် | - | အက်သလက် | နံနက် ၁း၃၀ (ကြာသပတေးနံနက်) |
| ဘာစီလိုနာ | - | အင်တာ | နံနက် ၁း၃၀ (ကြာသပတေးနံနက်) |
| ပီအက်စ်ဂျီ | - | နာပိုလီ | နံနက် ၁း၃၀ (ကြာသပတေးနံနက်) |
| လီဗာပူး | - | ကာဗီနာ | နံနက် ၁း၃၀ (ကြာသပတေးနံနက်) |
| လိုကိုမိုးတစ် | - | ပေါ်တို | နံနက် ၁း၃၀ (ကြာသပတေးနံနက်) |
| ဂါလာတာစာရေး | - | ရှော်လ်ကာ | နံနက် ၁း၃၀ (ကြာသပတေးနံနက်) |

# မသေချာသေးတဲ့ မော်ရင်ညိုရဲ့အနာဂတ်

**အောင်က**

**နေ့စဉ်နဲ့အမျှ မန်ယူအသင်းမန်နေဂျာ မော်ရင်ညိုနဲ့ ပတ်သက်တဲ့ သတင်းတွေက မရိုးနိုင်အောင်ကြားရမှာပါ။ the Mirror ရဲ့သတင်းတစ်ပုဒ်မှာဆိုရင်လည်း မော်ရင်ညိုအနေနဲ့ ပြီးခဲ့တဲ့ နယူးကာဆယ်နဲ့ပွဲကို အနိုင်ကစားပေးခဲ့တာကြောင့် အသင်းကနေ ထွက်ခွာနိုင်ဖို့မရှိတော့ဘူးလို့လည်း ဆိုနေကြတယ်။ ဒါပေမယ့် မော်ရင်ညိုအတွက် မန်ယူထိုင်ခုံဟာ ဘယ်လောက်ကြာရှည်နိုင်မလဲ။**



နယူးကာဆယ်အသင်းနဲ့ပွဲမှာ မန်ယူအသင်းဟာ ပထမပိုင်းမှာ နှစ်ဂိုးပေးပြီးမှ အရှုံးအနေအထားကနေ နောက်ကျဂိုးသုံးဂိုး သွင်းယူပေးပြီး နိုင်ခဲ့တာကြောင့် ပရိသတ်တွေရဲ့စိတ်ထဲမှာ မန်ယူအသင်းဟာ ဘယ်လိုအခြေအနေမျိုးမဆို အကောင်းဆုံးလုပ်ဆောင်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်မျိုး ဝင်သွားခဲ့တယ်။ ဒါပေမယ့် ဒါဟာအမှန်တရားတော့ မဟုတ်ဘူး။ ဒါဟာ မော်ရင်ညိုရဲ့ အနာဂတ်အတွက်တော့ ခဏတာ အနားပေးထားတဲ့အချိန်လို့ ပြောရမယ်။ လက်ရှိအခြေအနေတွေကို ကြည့်မယ်ဆိုရင်လည်း မော်ရင်ညိုရဲ့ အနာဂတ်အတွက် စိုးရိမ်စရာကောင်းတဲ့ အခြေအနေတွေက ရှိနေသေးတယ်။

**ကစားသမားများ**

ပြီးခဲ့တဲ့ နယူးကာဆယ်အသင်းနဲ့ပွဲမှာ ဒုတိယပိုင်းမှာ ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုကို လူတိုင်းက တွေ့မြင်ခဲ့ရတယ်။ ဒါပေမယ့် မော်ရင်ညိုအနေနဲ့ ကစားသမားတွေကို ဘယ်လောက်အထိ တောင်းဆိုနိုင်မှာလဲ။ ကစားသမားတွေကရော အခုလိုအခြေအနေမျိုးတွေတိုင်းမှာ ဒီလိုကစားပေးနိုင်ဖို့ရှိမလား။

အကယ်၍ ဒီလိုသာကစားပေးနိုင်တယ်ဆိုရင် ဝက်စ်ဟမ်း၊ ဗလင်စီယာနဲ့ ဒါဘီအသင်းတို့ကို ရှုံးတဲ့ပွဲမှာ ဘာကြောင့် မကစားပေးကြတာလဲ။ ဒီအချက်တွေကို ကြည့်မယ်ဆိုရင်တော့ မန်ယူအသင်းရဲ့ ကစားသမားတွေဟာ ယုံကြည်ကိုးစားဖို့ဆိုတာက အလုံးစုံမဖြစ်နိုင်ဘူးလို့ ဆိုရမယ်။

အထူးသဖြင့် ကစားသမားတွေဟာ မော်ရင်ညိုအတွက် အင်တိုက်အားတိုက် မကစားဘူးလို့တောင် ပြောရမလိုပဲ။ ဒါကြောင့်လည်း မန်ယူအသင်း ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ပေါလ်စခိုးလ်က ဆန်းချက်ဇ်၊ လူကာကူ၊ ပေါ့ဂ်ဘာတို့ဟာ အသင်းအတွက်ပေးရတဲ့ လုပ်ခနဲ့တန်အောင် ပြန်ရခြင်းမရှိတဲ့ ကစားသမားတွေလို့တောင် ပြောခဲ့ပါတယ်။

ဒါကြောင့်လည်း မန်ယူအသင်း မန်နေဂျာမော်ရင်ညိုအနေနဲ့ သူ့အတွက် ကောင်းကောင်း မကစားပေးတဲ့ ကစားသမားတွေရဲ့ လက်ထဲမှာ သူ့ရဲ့ကံကြမ္မာက ရှိနေတာကြောင့် သူ့ရဲ့အနာဂတ်ကတော့ ပြောရခက်သေးတယ်လို့သာ ဆိုရမှာပါ။

**ပေါ့ဂ်ဘာနဲ့ဆက်ဆံရေး**

မော်ရင်ညိုနဲ့ ပေါ့ဂ်ဘာရဲ့ ဆက်ဆံရေးမကောင်းမှုဟာ အသင်းအတွက်တော့ ကြီးမားတဲ့ ဆိုးကျိုးတစ်ခုလို့ ပြောရမှာပါ။ ပြီးခဲ့တဲ့နှစ်တွေက ပေါ့ဂ်ဘာဟာ မော်ရင်ညိုရဲ့လက်အောက်မှာ ကောင်းကောင်းကစားနေခဲ့ပေမယ့် ဒီနှစ်ရာသီ ဝုဖ်အသင်းနဲ့ ပွဲကစပြီး ဆက်ဆံရေးတွေက အက်ကြောင်းတွေ ထလာခဲ့တာလည်း ဖြစ်ပါတယ်။ အထူးသဖြင့် ပေါ့ဂ်ဘာက မော်ရင်ညိုရဲ့ နည်းဗျူဟာပိုင်းကို ဝေဖန်ခဲ့သလို မော်ရင်ညိုက ပေါ့ဂ်ဘာကို ဒုတိယအသင်းခေါင်းဆောင်ရာထူးကနေ ဖယ်ရှားလိုက်ပြီးတဲ့နောက် သူတို့ကြားက ဆက်ဆံရေးကတော့ ပိုမိုပြင်းထန်ခဲ့တာ ဖြစ်ပါတယ်။

မန်နေဂျာနဲ့ ထိပ်တန်းကစားသမားရဲ့ကြား ဆက်ဆံရေး မပြေလည်မှုဟာ အသင်းရဲ့ ဟန်ချက်တွေကိုပါ ထိခိုက်နိုင်တာကြောင့် အခုလိုအခြေအနေတွေကလည်း မော်ရင်ညိုအတွက်တော့ အဆိုးဘက်ကို ပိုရောက်စေတာ ဖြစ်ပါတယ်။

**ဘုတ်အဖွဲ့များနှင့်ဆက်ဆံရေး**

မော်ရင်ညိုဟာ အမြဲတမ်းပွဲဆူအောင် လုပ်တတ်တဲ့ မန်နေဂျာမျိုးဖြစ်ပါတယ်။ ဒါကြောင့်လည်း မော်ရင်ညိုဟာ ဘုတ်အဖွဲ့က သူ့ကိုအားပေးမှုတွေ သိပ်မရှိတာနဲ့ ပတ်သက်ပြီး မကြာခဏဆိုသလို ဝေဖန်ပြောဆိုမှုတွေ လုပ်ခဲ့ပါတယ်။ တစ်ခါတုန်းကဆိုရင် မော်ရင်ညိုက ဘောလုံးအကြောင်း နားမလည်တဲ့သူက အသင်းရဲ့အထက်မှာ ရှိနေတယ်လို့တောင် ပြောဆိုခဲ့ပါသေးတယ်။ အဲဒါကတော့ မန်ယူအသင်းရဲ့ အလုပ်အမှုဆောင် အက်ဒ်ဝုဒ်ဝက်ဟာ စီးပွားရေးသမားသာ ဖြစ်တာကြောင့် ဘောလုံးရေးရာနဲ့ ပတ်သက်ပြီး မကျွမ်းကျင်တာကြောင့် အသင်းအတွက် လုပ်ဆောင်တဲ့နေရာမှာ အခက်အခဲတွေ ရှိနေတယ်လို့ ဆိုလိုလိုက်တာလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နွေရာသီကဆိုရင် မော်ရင်ညိုဟာ အသင်းရဲ့ ခံစစ်ပိုင်းအတွက် မာဂူရီ၊ အယ်ဒါဝီရက်တို့ကို အရခေါ်ယူဖို့ တောင်းဆိုခဲ့ပေမယ့် အက်ဒ်ဝုဒ်ဝက်က အရမခေါ်ယူပေးခဲ့ပါဘူး။ ဒါကြောင့်လည်း မော်ရင်ညိုက ဘုတ်အဖွဲ့အပေါ် သိပ်မကြည်ခဲ့တာလည်း ဖြစ်ပါတယ်။ အခုလိုအခြေအနေဟာ ချယ်လ်ဆီးအသင်းကနေ မော်ရင်ညို အထုတ်ခံရတဲ့ ရာသီမှာ ကြုံတွေ့နေခဲ့ရတဲ့ ပုံစံမျိုးဖြစ်တာကြောင့် မော်ရင်ညိုရဲ့ အနာဂတ်ကတော့ သံသယဖြစ်စရာရှိနေတာလည်း ဖြစ်ပါတယ်။

**အသင်းရဲ့အခြေအနေ**

မော်ရင်ညိုရဲ့ နည်းပြဘဝ စတင်ချိန်မှာ သူဟာကစားသမားတွေကို တိုးတက်မှုရရှိအောင် လုပ်နိုင်စွမ်းရှိတဲ့ နေရာမှာတော့ ဆရာတစ်ဆူလို့ ပြောရမှာပါ။ သူဟာ ပေါ်တို၊ ချယ်လ်ဆီး၊ အင်တာမီလန်အသင်းတို့မှာ ကစားသမားတွေကို တိုးတက်မှုရှိအောင် လုပ်ဆောင်ပေးနိုင်ခဲ့တာကလည်း ထင်သာမြင်သာ ရှိပါတယ်။ ဒါပေမယ့် အဲဒီနောက်ပိုင်းတော့ အဲဒီလိုလုပ်ပေးနိုင်တာကို မတွေ့ရတော့ပါဘူး။ အခုဆိုရင်လည်း မော်ရင်ညိုဟာ မန်ယူအသင်းကို တိုးတက်မှုထက် ဆုတ်ယုတ်မှုကိုသာ လုပ်ဆောင်ပေးတယ်လို့ ပြောရမှာပါ။

အခုလက်ရှိမန်ယူရဲ့ အရည်အသွေးပိုင်းကို ကြည့်မယ်ဆိုရင်လည်း မန်စီးတီး၊ ချယ်လ်ဆီး၊ လီဗာပူးအသင်းတို့ထက် နေရာတိုင်းဟာ အားနည်းနေတယ်လို့တောင် ပြောရမှာပါ။ ခံစစ်ပိုင်း၊ ကွင်းလယ်၊ တိုက်စစ်၊ ဘယ်နေရာဖြစ်ဖြစ် အစစအရာရာ အားနည်းနေပါတယ်။

ဒါကြောင့်လည်း အထက်ပါဖော်ပြတဲ့ အချက်တွေအရ ကြည့်မယ်ဆိုရင် မော်ရင်ညိုအတွက် မန်ယူအသင်း အနာဂတ်ဟာ သေချာမှုမရှိသေးဘဲ ဆက်လက်စောင့်ကြည့်ရဦးမယ့် အခြေအနေမှာသာ ရှိနေသေးတယ်လို့ ဆိုလိုက်ချင်ပါတယ်။

## ၂၀၁၈ ခုနှစ်သည် ဂျာမနီအတွက် ဆိုးရွားသည့် နှစ်တစ်နှစ်ဖြစ်ခဲ့

၂၀၁၈ ခုနှစ်သည် ဂျာမနီ လက်ရွေးစင်အသင်းအတွက် မှတ်တမ်းဆိုးများ ရရှိလာသည့် နှစ်တစ်နှစ်ဖြစ်လာခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျာမနီအသင်းသည် ပြီးခဲ့သည့် အောက်တိုဘာ ၁၇ ရက် တွင် UEFA Nations League ပြိုင်ပွဲအဖြစ် ပြင်သစ်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ရာ အဆိုပါပွဲသည် ၂၀၁၈ ခုနှစ်အတွင်း ဂျာမနီအသင်း ယှဉ်ပြိုင်ကစားခဲ့သော ပွဲများတွင် ၆ ပွဲမြောက် ရှုံးနိမ့်ခဲ့သည့်ပွဲ ဖြစ်ပြီး ၂၀၁၈ ခုနှစ်သည် ဂျာမနီလက်ရွေးစင်အသင်း၏ သမိုင်းကြောင်း တစ်လျှောက် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ရှုံးပွဲအများဆုံးနှစ်ဖြစ်လာခဲ့သည်။

ဂျာမနီအသင်းသည် ၂၀၁၈ ခုနှစ်အတွင်း ယှဉ်ပြိုင်ကစားခဲ့သောပွဲများတွင် ဘရာဇီး၊ ဩစတြီးယား၊ မက္ကဆီကို၊ တောင်ကိုရီးယား၊ ဟော်လန်နှင့် ပြင်သစ်အသင်းများကို အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဂျာမနီအသင်းသည် နောက်ဆုံးယှဉ်ပြိုင် ကစားခဲ့သည့် တရားဝင်ပြိုင်ပွဲ လေးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့ပြီး ၂၀၀၀ ပြည့်နှစ် ဇွန်လနောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် တရားဝင်ပြိုင်ပွဲ လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဂျာမနီအသင်းသည် နောက်ဆုံး ယှဉ်ပြိုင် ကစားခဲ့သော တရားဝင်ပြိုင်ပွဲ နှစ်ပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ရာ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် တရားဝင် ပြိုင်ပွဲများတွင် နှစ်ပွဲဆက် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။



၂၀၁၈ ခုနှစ်အတွင်းတွင် ဂျာမနီအသင်းသည် စုစုပေါင်း ၁၁ ပွဲ ယှဉ်ပြိုင် ကစားခဲ့ရာ နိုင်ပွဲလေးပွဲသာ ရရှိခဲ့ပြီး ပေးဂိုးမရှိသည့်ပွဲမှာ တစ်ပွဲသာ ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်အတွင်း ကစားခဲ့သည့်ပွဲများတွင် ဂျာမနီအသင်း ဂိုးပေးရမှုမရှိသည့်ပွဲကို ရာခိုင်နှုန်းဖြင့် သတ်မှတ်မည်ဆိုပါက ၉ ရာခိုင်နှုန်းသာရှိပြီး အဆိုပါ ရာခိုင်နှုန်းသည် ၁၉၆၄ ခုနှစ် နောက်ပိုင်းတွင် ဂိုးမပေးရသည့် အနည်းဆုံးရာခိုင်နှုန်းဖြစ်သည်ဟု ဆိုသည်။

ဂျာမနီအသင်းသည် လာမည့်နိုဝင်ဘာ ၁၆ ရက်တွင် ရုရှားအသင်းနှင့် ခြေစမ်းပွဲ၊ နိုဝင်ဘာ ၂၀ ရက်တွင် ဟော်လန်အသင်းနှင့် UEFA Nations League ပွဲများ ကစားရမည်ဖြစ်သည်။

**ထက်အောင်**

## ဘာစီလိုနာသို့ပြန်လည်ပြောင်းရွှေ့ရန် တိုက်စစ်မှူး နေမာ ဆန္ဒရှိနေ



ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး နေမာသည် ယခုနှစ် ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် သူ၏ အသင်းဟောင်းဖြစ်သည့် ဘာစီလိုနာအသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒရှိနေကြောင်း သတင်းများ ထွက်ပေါ်လာသည်။

ဘရာဇီးကစားသမား နေမာ (၂၆ နှစ်)သည် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ဘာစီလိုနာအသင်းတွင် ပါဝင်ကစားခဲ့ပြီးနောက် ၂၀၁၇ ခုနှစ် နွေရာသီဈေးကွက် ကာလအတွင်းတွင် ပီအက်စ်ဂျီအသင်းသို့ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး နေမာနှင့် ပီအက်စ်ဂျီအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၂၂ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။

တိုက်စစ်မှူး နေမာအနေဖြင့် ပီအက်စ်ဂျီအသင်းမှ ဘာစီလိုနာသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒရှိနေခြင်းမှာ ပီအက်စ်ဂျီအသင်းတွင် ပြင်သစ်ကစားသမားတစ်ဦးဖြစ်သည့် အမ်ဘာပေ၏ လောင်းရိပ်လွှမ်းမိုးလာမည်ကို စိုးရိမ်နေသောကြောင့်ဖြစ်ကြောင်း နေမာနှင့် နီးစပ်သူများထံမှ သိရှိရသည်ဟု ဆိုသည်။ ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြင်သစ်အသင်းနှင့်အတူ ချန်ပီယံဆုဖလားရယူနိုင်ခဲ့သူ အမ်ဘာပေသည် ချန်ပီယံလိဂ်နှင့် ပြည်တွင်းပြိုင်ပွဲများတွင် ပီအက်စ်ဂျီအသင်းအတွက် ဂိုးများ သွင်းယူပေးနေသူတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် သီတင်းပတ်အတွင်းတွင် Time မဂ္ဂဇင်း၏ မျက်နှာဖုံးတွင် အမ်ဘာပေ၏ ရုပ်ပုံဖော်ပြခြင်းခံခဲ့ရပြီး တိုက်စစ်မှူး နေမာမှာမူ ထိုကဲ့သို့ ဂုဏ်ပြုဖော်ပြခံရဖူးခြင်း မရှိပေ။

ပြီးခဲ့သည့်လအတွင်းတွင် တိုက်စစ်မှူး နေမာသည် ဘာစီလိုနာအသင်းသို့ ပြန်လည်ပြောင်းရွှေ့နိုင်ရေးအတွက် အကူအညီပေးရန် ဘာစီလိုနာအသင်းအား အကူအညီတောင်းခံခဲ့သော်လည်း ဘာစီလိုနာအသင်းထံမှ ကျေနပ်ဖွယ်မရှိသည့် တုံ့ပြန်မှုသာ ရရှိခဲ့သည်ဟု ဆိုသည်။

ဘာစီလိုနာအသင်း တာဝန်ရှိသူများသည် လာမည့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် အသက် ၃၂ နှစ်ပြည့်မြောက်မည့် ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်၏ ကြံ့ခိုင်မှုအနေအထားအပေါ် စိုးရိမ်မှုများရှိနေကာ ဆွာရက်ဇ်၏ နေရာတွင် အစားထိုးရမည့် ကစားသမားအား ရှာဖွေရေးကို ဦးစားပေး ရည်ရွယ်ထားသည်ဟုဆိုသည်။ ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သူ ကော်တင်ညိုက ဆွာရက်ဇ်၏ နေရာတွင် အစားထိုးရန်အတွက် လီဗာပူးအသင်းဖော်ဟောင်းဖြစ်သူ တိုက်စစ်မှူး ဖာမီနိုကို ခေါ်ယူရန် ဘာစီလိုနာအသင်းကို တိုက်တွန်း ပြောဆိုထားသည်။

**ထက်အောင်**

## ဇီဒန်းနှင့် ရော်နယ်ဒို ရီးရဲမှ ထွက်ခွာမည်ကို ယူဆထားခြင်းမရှိခဲ့ဟု မိုဒရစ် ဖွင့်ဟ

ရီးရဲမက်ဒရစ်အသင်းအား နည်းပြဇီဒန်းနှင့် တိုက်စစ်ကစားသမား ခရစ္စတီယာနို ရော်နယ်ဒိုတို့ စွန့်ခွာသွားလိမ့်မည်ဟု မိမိအပါအဝင် ရီးရဲမက်ဒရစ်အသင်း ကစားသမားများ ယူဆထားခြင်းမရှိခဲ့ကြောင်း ရီးရဲအသင်း ကွင်းလယ်ကစားသမား လူကာမိုဒရစ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

ရီးရဲအသင်း၏ နာမည်ကျော် ကစားသမားဟောင်းတစ်ဦးဖြစ်သူ ပြင်သစ်လူမျိုး နည်းပြ ဇီဒန်းသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ရီးရဲအသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရကာ ၂၀၁၈ ခုနှစ် မေလကုန်တွင် ရီးရဲအသင်း နည်းပြရာထူးမှ နုတ်ထွက်ခဲ့သူဖြစ်သည်။ ပေါ်တူဂီတိုက်စစ်ကစားသမား ရော်နယ်ဒိုသည် ရီးရဲအသင်းတွင် ကိုးရာသီကြာ ပါဝင်ကစားခဲ့ပြီးနောက် ပြီးခဲ့သည့် နွေရာသီဈေးကွက်ကာလတွင် ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။

ခရိုအေးရှားကစားသမား မိုဒရစ်က "ဇီဒန်းနဲ့ ရော်နယ်ဒိုတို့ဟာ ရီးရဲအသင်းကနေ ထွက်ခွာသွားကြလိမ့်မယ်လို့ ကျွန်တော် မမျှော်လင့်ထားခဲ့မိပါဘူး။ ရီးရဲအသင်းမှာ ရော်နယ်ဒို ရှိနေစဉ်အတွင်းက သူရဲ့အနာဂတ်နဲ့ ပတ်သက်ပြီး သတင်းတွေ ထွက်ပေါ်လာချိန်မှာ ကျွန်တော်တို့ ရီးရဲကစားသမားအချင်းချင်းကြားမှာ အလောင်းအစားလုပ်မှုတွေတောင် ရှိခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရော်နယ်ဒိုဟာ ရီးရဲမှာပဲ ဆက်ရှိလိမ့်မယ်လို့ အခိုင်အမာ ယုံကြည်ထားခဲ့တာပါ။ ဒါပေမယ့် လူတိုင်းမှာ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချခွင့် ရှိပါတယ်"ဟု France Football မဂ္ဂဇင်း နှင့် ပြုလုပ်ခဲ့သည့် အင်တာဗျူးအစီအစဉ်တွင် ပြောဆိုခဲ့သည်။

ကွင်းလယ်ကစားသမား မိုဒရစ်ကို ကစားသမားဟောင်းများအနက်မှ မည်သူနှင့် တွဲဖက်ကစားရန် ဆန္ဒရှိပါသလဲဟု မေးမြန်းမှုကို "ကျွန်တော့်ရဲ့ပထမရွေးချယ်မှုက ခရိုအေးရှားကွင်း လယ်တိုက်စစ်ကစားသမားဟောင်း ဇိုဗိုနီမီဘိုဘန်ပါ။ သူက ကျွန်တော့်ရဲ့ သူရဲကောင်းဖြစ်ပါတယ်။ ဒုတိယတစ်ဦးကတော့ ဇီဒန်းပါ။ ဇီဒန်းကို ကျွန်တော့်ရဲ့ နည်းပြတစ်ဦးအဖြစ်နဲ့ လက်တွဲခွင့်ရခဲ့တာက ကံကောင်းမှုတစ်ခုပါပဲ။ ရီးရဲအသင်းမှာ ကျွန်တော်တို့ အောင်မြင်မှုတွေ အတူတကွ ရယူနိုင်ခဲ့ကြပါတယ်" ဟု ဖြေဆိုခဲ့သည်။

အသက် ၃၃ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား မိုဒရစ်သည် ယခုနှစ်ဘောလုံးရာသီတွင် ရီးရဲအသင်းအတွက် စုစုပေါင်း ၁၁ ပွဲ ပါဝင်ကစားထားကာ ဂိုးသွင်းယူနိုင်ခြင်း မရှိသေးပေ။

**ထက်အောင်**



## ဒေဝယက္ခမန်းဆေး ယာယီဈေးနှုန်းပြောင်းလဲခြင်း

ယခုအခါ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းသည့်ဖြစ်ရပ်သည် ပြင်ပနိုင်ငံကြီးများသက်ရောက်မှုက စတင်ခဲ့သော်လည်း စီးပွားရေး အခြေအနေမညီမျှမှုနှင့်ပတ်သက်သည့် လုပ်ငန်းငယ်များအတွက် ဘေးဖြစ်နေသည်။ အခြေခံအားနည်းမှုကို ငွေဖြင့်တိုင်းပြရာတွင် လုပ်ငန်းရှင်တစ်ဦးအနေဖြင့် နိုင်ငံခြားငွေမတည်ငြိမ်သော သဘာဝဘေးအန္တရာယ်တို့ကြောင့် အချိန်အခါအလိုက် ငွေကြေးပြောင်းလဲမှုကို တွေ့ကြုံရမည်ဖြစ်သည်။ ယင်းအဖြစ်ကို သက်ဆိုင်သောမိတ်ဆွေဖြန့်ချိသူများနှင့် တွေ့ဆုံ ဆောင်ရွက်တိုင်ပင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ လိုအပ်သောပစ္စည်းဖိုးနှင့်ကုန်များဖြည့်ဆည်းရာတွင် အစားထိုး၍မရဖြစ်စေသော အခြားစက်ရုံထုတ် စက္ကူခဲအိတ်ငယ်လေးများကို နိုင်ငံခြားငွေ(ဒေါ်လာ)ဖြင့် ဝယ်ယူထုတ်လုပ်နေရခြင်းတစ်မျိုးပါဝင်ပါသည်။ ယင်းငွေကို လုပ်ငန်းတွင် အပြည့်အဝ ခံစားမှုရစေရန် (၂၀%)ခန့်တိုးတက်၍ သုံးစွဲနေရပါသည်။

ကျေးဇူးရှင်မိတ်ဆွေများ မိတ်မပျက်ပုံမှန်ရောင်းဝယ်ဖြန့်ချိနိုင်ရန်အတွက် အောက်ပါအတိုင်းဈေးနှုန်းပြောင်းလဲရပါတော့သည်။

၁။ အထုပ်သေးတစ်ထုပ် - ၃၀၀ိ/-
၂။ ၁၀ ထုပ်တွဲတစ်အိတ် - ၂၅၀၀ိ/-
၃။ ၁၀ ထုပ်တွဲ ၅တွဲတစ်ထုပ် - ၁၃၀၀၀ိ/-
၄။ ၅၀ ထုပ်ပါ ဘူး ၅၀ တစ်ပုံး - ၆၀၀၀၀၀ိ/- နှုန်းဖြင့် ပြောင်းလဲလိုက်ပါသည်။

**ဒေဝယက္ခမိသားစု၊ ဖုန်း-၀၉၅၃၀၀၁၄၁**

မြန်မာ-ထိုင်း သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့်အထိမ်းအမှတ်
the first ever solo show in Thailand
myantrade
**1st MYANMAR EXPO @ Bangkok**
14-16 DEC 2018 | 10am-6pm | The Mall Bangkapi 4th floor | Bangkok
Myanmar's Product & Service Trade Exhibition



မြန်မာ့ ခရီးသွားဝန်ဆောင်မှုနှင့် ထုတ်ကုန်ပြပွဲကြီး 2018 @ BKK
✓ Experience Travel Services with Myanmar touch
✓ Explore All Made in Myanmar Top Products
မြန်မာ့ ဟိုတယ်/ခရီးသွားလုပ်ငန်း၊ လေကြောင်းလိုင်း၊ ဘဏ်လုပ်ငန်း၊ စားသောက်ကုန်၊အလှကုန်၊ ချိတ်/ပိုး/ယက်ကန်းထည်၊ လက်မှုအနုလက်ရာ၊ ကျောက်စိမ်းနှင့်လက်ဝတ်ရတနာ၊ လက်ဆောင်ပစ္စည်း၊ ယွန်းထည်၊ အိမ်တွင်းအလှဆင် ကြိမ်/ဝါး/သစ်အချောထည်လုပ်ငန်းများမှ ပါဝင်ပြသကြဖို့ဖိတ်ခေါ်အပ်ပါသည်။
Organizers – Yangon(TTF) +951.8392579/80 +959.260155584 Bangkok(Expovision) +662.5143152~54
ပြခန်းပေါင်း၁၄၄ခန်းဖြင့်ခင်းကျင်းပြသမည့် မြန်မာ့သီးသန့်ကုန်စည်နှင့်ဝန်ဆောင်မှုပြပွဲကြီးတွင် မြန်မာ့ဂုဏ်ဆောင်နိုင်ဖို့ Myanmar Expo at Bangkok တွင်ပါဝင်ပြသရင်း ပြည်ပပို့ကုန်ကဏ္ဍမြှင့်တင်ကြပါစို့။

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်ငွေလုံးငွေရင်းလုပ်ငန်းများအတွက် အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါစနစ်ဖြင့် ဝယ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | အမှိုက်သိမ်းယာဉ်(Dump Truck) | ၅ | စီး |
| (ခ) | ရေသယ်ယာဉ် | ၁ | စီး |
| (ဂ) | ရေပုပ်စုပ်ယာဉ် | ၂၀ | စီး |
| (ဃ) | ကွန်တိန်နာအမှိုက်သိမ်းယာဉ်(3000 kg) | ၄ | စီး |
| (င) | အမှိုက်သိမ်းယာဉ်($6m^3$) | ၁ | စီး |
| (စ) | ကတ္တရာ(၈၀/၁၀၀) | ၁၅၀၀ | တန် |
| (ဆ) | ဘိလပ်မြေ | ၁၀၀၀၀၀ | အိတ် |
| (ဇ) | အုတ် | ၈၀၀၀၀ | ချပ် |
| (ဈ) | အမှိုက်ပုံး(၆၆၀ လီတာ) | ၂၀၀ | ပုံး |

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
(က) **တင်ဒါလျှောက်လွှာရယူရန်နှင့် တင်သွင်းရန်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၊ မုံရွာမြို့
(ခ) **တင်ဒါလျှောက်လွှာရယူရန်** - ၁၉-၁၀-၂၀၁၈ရက်မှ ၂၀-၁၁-၂၀၁၈ ရက်အထိ
(ဂ) **တင်ဒါတင်သွင်းရန်** - ၂၀-၁၁-၂၀၁၈ ရက် ညနေ ၄း၀၀ နာရီနောက်ဆုံး

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး၊ ဖုန်း-၀၇၁- ၂၃၁၅၂၊ ၀၇၁-၂၂၂၄၈၊ ၀၇၁-၂၂၈၈၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထကခမုံ တက္ကသိုလ်ဝင်တန်း (A)မှ မရွှေရည်မိုးမြင့်၏ ဖခင်အမည်မှန်မှာ ဦးလှမျိုးထွန်း ၇/လပတ(နိုင်)၀၉၄၂၀၇ဖြစ်ပါကြောင်း။ **ဦးလှမျိုးထွန်း**

**မွေးသက္ကရာဇ်အမှန်**
ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အထက(၁) သာယာဝတီ အဋ္ဌမတန်း(B)မှ မဝင်းနန္ဒာဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁၀-၂၀၀၅ ဖြစ်ပါကြောင်း။

**မွေးသက္ကရာဇ်အမှန်**
ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အထက(၁) သာယာဝတီ အဋ္ဌမတန်း(B)မှ မနှင်းပွင့်လှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၄-၂၀၀၅ ဖြစ်ပါကြောင်း။

## စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်စည်ပင်သာယာရေးကော်မတီများတွင် ပစ္စည်းတင်ဒါများလျှောက်ထားနိုင်ကြောင်း အသိပေးကြော်ငြာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် ငွေလုံးငွေရင်းလုပ်ငန်းများအတွက် လိုအပ်သည့်လုပ်ငန်းသုံးပစ္စည်းများကို တင်ဒါစနစ်ဖြင့် ဝယ်ယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီရုံးများတွင် ဆက်သွယ်စုံစမ်း၍ ၂၀-၁၁-၂၀၁၈ရက်နောက်ဆုံးထားပြီး တင်ဒါလျှောက်လွှာများ တင်သွင်းနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | ရုံးခွဲအဆောက်အအုံ (၄၀'×၂၅'×၁၂') (RC)(၁)ထပ် | (၁၀) | လုံး | မော်လူး၊ ဆွမ္မရာ၊ နန်စီပွန်၊ မိုးတားလေး၊ကျားတက်၊ အလယ်တော၊ နမ့်တော၊ နမ့်ခမ်း၊ရွှေပန်းကုန်း၊ဇီးကုန်းကလေး၊ ဒီပဲယင်း၊ ကန့်ဘလူ |
| (ခ) | ပျံကျဈေးရုံ Steel Structure၊ သွပ်မိုး | (၄) | ရုံ | (ထန်းကုန်း၊ ကာဘိုး) |
| (ဂ) | မြို့တော်ခန်းမ | (၂) | လုံး | ပုလဲ၊ မြောင် |
| (ဃ) | ဝန်ထမ်းအိမ်ရာ | (၅) | လုံး | ကသာ၊ စစ်ကိုင်း၊ ရွှေဘို၊ ရေဦး၊ ကန့်ဘလူ |
| (င) | တံတား | (၁) | စင်း | ဖောင်းပြင် |

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၁၉-၁၀-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရောင်းချသွားမည်ဖြစ်ပြီး ၂၀-၁၁-၂၀၁၈ရက် ညနေ ၄း၀၀နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ တင်ဒါအချက်အလက်နှင့်ပတ်သက်၍ အသေးစိတ်မေးမြန်းစုံစမ်းလိုပါက အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**
**ဖုန်း-၀၇၁-၂၃၁၅၂၊ ၀၇၁-၂၂၂၄၈၊ ၀၇၁-၂၂၈၈၆**

## ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-
(က) **Teleprompter** **2 Sets**
(ခ) **Mobile News Gathering System (AVI West)** **2 Nos**

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၁၀-၂၀၁၈ရက်မှ ၁၆-၁၁-၂၀၁၈ရက်အထိ နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း) တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၉-၁၁-၂၀၁၈ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် စက်ပစ္စည်းစာရင်း အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန၊**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် ၁၂၉၄၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဗိုလ်မှူးကျော်ထွေးအမည်ပေါက် ပါမစ်မြေကွက်အား ဦးမင်းဇော်(ဘ)ဦးကျား ၉/မထလ(နိုင်)၁၆၉၁၄၂မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီးမြေငှားစာချုပ် သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## INVITATION TO OPEN PREQUALIFICATION OF BIDDING

The DOA (Seed Division), Ministry of Agriculture, Livestock and lrrigation, announces the PREQUALIFICATION of Internatonal Competitive Bidding for "Procurement of Equipment for Seed Center" under the Agriculture Income Improvement Project in Shwebo Area, Sagaing Region based on the loan Agreement (Loan No.:MY-P25) signed on 29th March, 2018 between the Japan International Cooperation Agency (JICA) and the Ministry.

The procurement works shall consist of equipment supply, site assembling, test-run, training and commissioning for the equipment and machines.Please note that Joint Ventures are acceptable.

| Sr.No. | Bidding No. | Description | Qty; | Remarks |
|---|---|---|---|---|
| 1 | AllP-Package 20 | Procurement of Equipment for Seed Center | 1 Package | |

A complete set of prequalification documents is available in Myanmar Kyat (50,000/-) from 10:00 to 12:00 and 14:00 to 16:00 in the working days from 19th October 2018 to 30th October 2018 at Supply and Logistic Director Office of Department of Agriculture, Building No. (43), Nay Pyi Taw and closing date will be 20th November 2018 during 14:00 PM. Submission of the Documents later than closing date will not be considered.

**Contact: Director Office, Supply and Logistic Branch, DOA,**
**Telephone: +95-673-410143**

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်
Kubota -M- 7040(လယ်ထွန်စက်) ဂေါ်၊ ထယ်နှင့် ကြံစိုက်စက်ပါ၊ ပစ္စည်းများရောင်းမည်။
**Ph-09423661709, 09788774797**

SH **MYINT THU HTET** YU
IGCSE **B.Ed** UFL
IELTS ဒီပလိုမာ(၂)နှစ်သင်တန်း ဝင်ခွင့်ရသင်တန်းများ
ကွန်ပျူတာအမြန်သင်တန်း (၁၀)တန်း (၄)လပြတ် (ဗိုင်း)

**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၂)ရပ်ကွက်၊ စွယ်တော်လမ်းနေ မတင်တင်မွန် ၁၀/မဒန(နိုင်) ၁၃၄၀၀၂၏ ဖခင်အမည်မှန်မှာ ဦးကျော်ရှိန်ဖြစ်ပါကြောင်း။
**ဦးကျော်ရှိန်**

**အမည်ပြောင်း**
မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၂)ရပ်ကွက်၊ ခေမာ(၃)လမ်းနေ ဦးမင်းအောင် ၁၀/ပမန (နိုင်) ၁၀၄၄၇၇၏ သား မောင်ရှိန်းနောင် ၄-၁၂-၂၀၁၃ အား မောင်စိုးဝင်းအောင်ဟု ခေါ်ဆိုပါရန်။ **မောင်စိုးဝင်းအောင်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
### လက်ပံတန်းမြို့နယ်တရားရုံးတော်၌
### ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၁၇၈

ဦးစိန်ဝင်း နှင့် ၁။ ဦးသန်းထိုက်စိုး
၂။ ဒေါ်အေးအေးအောင်
တရားလို တရားပြိုင်များ

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မအူကုန်းရပ်ကွက်၊ မင်္ဂလာလမ်းနေ ဦးသန်းထိုက်စိုးနှင့် ဒေါ်အေးအေးအောင် (ယခုနေရပ်လိပ်စာမသိများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ချေးငွေကျပ်၄၂၆၀၀၀ိ/ (ကျပ်လေးဆယ့်နှစ်သိန်းခြောက်သောင်းတိတိ)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၉ ရက် (၁၃၈၀ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**လက်ပံတန်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၇၊မြေကွက်အမှတ်၄၊ မြေကွက်တည်နေရာအမှတ်၄၊ မဟာဗန္ဓုလလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးတင်မိုး C/RGN -၀၀၇၂၃၈) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်မိုးထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၂၁၆/၆-၈-၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မိုးယဉ်စိမ်း ၁၂/ကတတ(နိုင်) ၀၀၀၈၀၁မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ပါဝါကျမ်းကျိန်၊ နှစ် ၆၀ ဂရန်မူရင်းမှာ မိမိသိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားပါကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးကျမ်းကျိန်ဆိုသူအရာရှိရှေ့တွင် ပြုလုပ်ထားသည့် ၂၉-၈-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ် (၈/၂၁၉၀)၊ နိုင်ကတ်၊ ဂရန်မိတ္တူတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးခဲ့ရာ နှစ်ထပ်တိုက်ရှိပြီး၊ ကိုယ်တိုင်မနေကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးထားပြီး တပည့်ဖြစ်သူ ဦးလှသန်းမိသားစုနေထိုင်ခြင်းနှင့်ပတ်သက်၍ တာဝန်ယူကြောင်းနှင့် မြေပြင်တွင် (၄၂'× ၆၀')ရှိသော်လည်း မြေစာရင်း ဧရိယာတွင် (၄၁'×၆၀') အတိုင်း လက်ခံရယူမည်ဖြစ်ကြောင်း (၃-၁၀-၂၀၁၈)ရက်စွဲပါစာဖြင့် GP ဒေါ်မိုးယဉ်စိမ်းမှ ဝန်ခံကတိပြုတင်ပြလာပါသဖြင့် GP ဒေါ်မိုးယဉ်စိမ်း၏ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် ကျေးလက် ကုန်ထုတ်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်း၊ ရုံးအဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၇-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)
(ခ) **တင်ဒါလျှောက်လွှာရောင်းချမှုပိတ်သိမ်းမည့်ရက်** - ၃၁-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)
(ဂ) **တင်ဒါလျှောက်လွှာ (နောက်ဆုံး)တင်သွင်းရမည့် ရက်/အချိန်** - ၃၁-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီ
(ဃ) **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** - ၅-၁၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီ

၂။ အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၁-၉၀၁၀၆၅၀၊ ၀၁-၂၀၃၄၁၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်

**၁၃၈၀ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၀ရက်**
**၂၀၁၈ခုနှစ် အောက်တိုဘာ ၁၉ရက်**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၈ခုနှစ် နိုဝင်ဘာ ၁၂ရက်မှ ၁၇ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ခင်းကျင်းနေရာချထားခြင်းများကို **၂၀၁၈ခုနှစ် အောက်တိုဘာ ၁၀ရက်မှ ၃၁ရက်အထိ** သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာရောင်းချပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ ကျောက်မျက်ရတနာကုမ္ပဏီမှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဝင် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။ ကျောက်မျက်ရတနာရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။

၅။ ရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသားရတနာကုန်သည်များကို ၂၀၁၈ခုနှစ် နိုဝင်ဘာ ၅ရက်မှစ၍ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမရှိ ရတနာကုန်သည် မှတ်ပုံတင်အဆောက်အအုံတွင် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ဝန်ကြီးဌာန Website www.mining.gov.mm နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www.mge.gov.mm တွင် နိုင်ငံသားရတနာကုန်သည်များ မှတ်ပုံတင်ရာ၌ ဖြည့်သွင်းရမည့်ပုံစံများကို Download ရယူနိုင်ပါသည်။ On-line မှတစ်ဆင့် လျှောက်ထားလိုပါက Website www.mge.gov.mm, On-line Pre Registration System တွင် မှတ်ပုံတင်၍ ရောင်းချပွဲတက်ရောက်ခွင့် ကိစ္စရပ်များ ဆောင်ရွက်နိုင်ပါသည်။

၆။ ရောင်းချပွဲကျင်းပသည့်ရက်များတွင် သတင်းမီဒီယာများကို မဏိရတနာကျောက်စိမ်းခန်းမအတွင်း နေ့စဉ် ဝင်ရောက်သတင်းရယူနိုင်ရေး ဆောင်ရွက်ထားရှိပါသည်။ ရောင်းချပွဲဆိုင်ရာ သတင်းရယူလိုသည့် သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ကတ်ပြုလုပ်နိုင်ရေးအတွက် နိုဝင်ဘာ ၇ရက် နောက်ဆုံးထား၍ ယခင်ပြပွဲများနည်းတူ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ ပေးပို့ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

၇။ ၂၀၁၈ခုနှစ် နိုဝင်ဘာလ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်) ဖုန်း-၀၆၇- ၄၁၄၄၉၇၊ ၄၁၄၄၉၈ တို့သို့ ဆက်သွယ်စုံစမ်းခြင်းဖြင့်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ Website www.mge.gov.mm တွင်ရောင်းချပွဲဆိုင်ရာ သတင်းအချက်အလက်များကို ဝင်ရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/ရွှေချီရပ်၊ ဦးပိုင်အမှတ်(၁၄၄)၊ ဧရိယာ ၀ဒသမ ၀၃၆ဧကရှိ ဦးခိုက်တီ(ခ)ဦးခင်မောင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ယဉ်ယဉ်ဝင်း ၉/ပမန(နိုင်)၀၀၀၂၅၈၊ ဦးချစ်ခိုင် ၉/ပမန(နိုင်)၀၄၁၆၉၂ တို့နှစ်ဦးနှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် ဒေါ်ဟုတ်ကြူ(ခ)ဒေါ်ရွှေဟုန်ကြုန်(ခ)ဒေါ်တင်နု (ဘ)ဦးလုံးကွမ်း ၉/ပမန(ဧည့်) ၀၀၀၀၄၇မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၄၂/၂၀၁၈)၊ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၅၁/၂၀၁၈)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြ၍ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရွာတော်ကျေးရွာအုပ်စု၊ ချောင်းစောက်ကျေးရွာနေ ဦးဝင်းဦး-ဒေါ်မာတင်တို့၏သမီး ကိုကျော်လင်းအောင်၏ (ညီမ)ဖြစ်သူ မသိန်းသိန်းအေး ၉/ပမန(နိုင်)၂၀၂၁၄၉သည် မိဘများစိတ်ဆင်းရဲရအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအရပ်ရပ်အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးဝင်းဦး-ဒေါ်မာတင်**

တောင်ကြီးတက္ကသိုလ်
(၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အတွက်
ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးခွင့်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တောင်ကြီးတက္ကသိုလ် (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအား ၇-၁၁-၂၀၁၈ရက်မှ ၁၁-၁၁-၂၀၁၈ရက်အထိ (အစမ်းလေ့ကျင့်မှုအပါအဝင်) ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ထိုဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းရိုက်ကူးခြင်းကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

**တင်ဒါတင်သွင်းရမည့်နေရာ** - တောင်ကြီးတက္ကသိုလ်
**တင်ဒါစတင်တင်သွင်းရမည့်ရက်** - ၁၉-၁၀-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂-၁၁-၂၀၁၈ ရက် (မွန်းတည့် ၁၂ နာရီ)

အသေးစိတ်သိရှိလိုပါက ဥက္ကဋ္ဌ(သို့)အတွင်းရေးမှူး ဘွဲ့နှင်းသဘင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးခွင့် တင်ဒါခေါ်ယူရေးဆပ်ကော်မတီ ဖုန်း-၀၉-၄၄၂၆၆၈၇၆၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)မှ ဘားအံမြို့နယ် တောမီရဟန်းလမ်း၊ စံပန်းကျေးရွာတွင် (၉၈'×၆၀'×အမြင့် ၁၇') ရေ၊ မီး၊ ဆေးအပါအဝင် မော်တော်ယဉ်များစစ်ဆေးသည့် Steel Structure သံကွန်ကရစ် အဆောက်အအုံတည်ဆောက်ခြင်း ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနမှ သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူ၊ ကုမ္ပဏီ Profile တင်ပြရမည်ဖြစ်ပါသည်။ တင်ဒါလုပ်ငန်းတင်သွင်းရာတွင် သတ်မှတ်တင်ဒါအာမခံပေးသွင်းပြီးမှ တင်ဒါပုံစံတင်သွင်းရမည်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၃၀-၁၀-၂၀၁၈ ရက်မှ ၁၂-၁၁-၂၀၁၈ ရက်အထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၉-၁၁-၂၀၁၈ ရက် (ညနေ ၄း၃၀ နာရီ)
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၅-၁၂-၂၀၁၈ရက် (နံနက် ၁၀နာရီ) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)

၃။ အသေးစိတ်အချက်အလက်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)၊ ဘားအံမြို့ ဖုန်း-၀၅၈-၂၁၁၆၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကရင်ပြည်နယ် တင်ဒါကြီးကြပ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/အောင်ဇေယျ)၊ ဦးပိုင်အမှတ်(၃၉)၊ ဧရိယာ ၀ဒသမ ၁၆၈ဧကအနက် ဧရိယာ ၀ဒသမ ၁၃၆ဧကအား ဒေါ်ခင်ကြူကြူဝင်း (ဘ)ဦးတင်အေး ၉/တကန(နိုင်)၁၃၄၂၂၇ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်(၄၀၉/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/အောင်ဇေယျ)၊ ဦးပိုင်အမှတ်(၈၅/၈၆)၊ ဧရိယာ(၀ဒသမ ၁၈၄)ဧကအား ဦးစိုးဝင်းနိုင် (ဘ)ဦးတင်အောင် ၉/တကန(နိုင်)၁၀၀၉၈၅မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်(၃၂၀/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင် (၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ဗန္ဓုလ)၊ ဦးပိုင်အမှတ်(၃၅၊ ၃၆)၊ ဧရိယာ(၀ဒသမ ၃၈၉)ဧကအား ဦးရတ်ချိုကူးမား (ဘ)ဦးသန်းမြင့် ၉/တကန(နိုင်)၀၀၅၃၅၅ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်(၄၃၄/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင် (၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက် မှ (၂၅) ရက် နေ့ထိ (၃)ရက်တိတိ " သီတင်းကျွတ်ရုံးပိတ်ရက်များ" သည် အများပြည်သူအလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းရက်များတွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေကူမြို့၊ (၄)ရပ်ကွက်နေ ဦးတင်မောင်၏သမီး ဒေါ်မြင့်ဝင်း ၁/ရကန(နိုင်)၀၂၁၅၆၅ (ခ)ဒေါ်စန်းစန်းမြင့် အမည်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မြင့်ဝင်း(ခ)ဒေါ်စန်းစန်းမြင့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေကူမြို့၊ (၃)ရပ်ကွက်နေ ဦးဘမောင်၏သမီး ဒေါ်အေးသိန်း ၁/ရကန(နိုင်)၀၀၃၅၅၂(ခ)ဒေါ်သန်းမေ အမည်မှန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်အေးသိန်း(ခ)ဒေါ်သန်းမေ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ဒက္ခိဏခရိုင်တရားမရုံးတော်၌**
**၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၀**

ဦးသန်း ဥက္ကဋ္ဌ၊ သီရိပသီရာကာလီယမ္မာလ်ဘုရားကျောင်း **နှင့်** ဒေါ်အေးအေးမာ
**တရားလို** **တရားပြိုင်**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်၊ ဘုရားလမ်း၊ (၉/၁)နေ တရားပြိုင်ဖြစ်သော ဒေါ်အေးအေးမာ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပျဉ်းမနားမြို့၊ ကွင်းအမှတ်(၂၃)၊ ဦးပိုင် ၆၇ မြေကွက်သည် သီရိပသီရာကာလီယမ္မာလ်ဘုရားကျောင်း ပိုင်ဆိုင်သော မြေဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုကို စွဲဆိုထားပြီးဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ်၊ နိုဝင်ဘာ ၆ရက် (၁၃၈၀ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးကြလိမ့်မည်။ ၎င်းအပြင် တရားပြိုင်က ကြည့်ရှုလိုသည့် စာရွက်စာတမ်းနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ်၊ အောက်တိုဘာ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ဒက္ခိဏခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ်မှ မြေဧရိယာ ၀ဒသမ၀ ၈၂ဧကရှိ မြေကွက်အမှတ်(ပ-၁၄၈)၊ ဦးဝင်းရှိန် ၉/ပမန(နိုင်)၂၂၇၂၂၁ (ဘ) ဦးကျော်ညွှန့် အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်ခင်စန်းတင့် ၃/ဘအန(နိုင်)၀၁၆၉၄၆ (ဘ) ဦးဘမောင်မှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ် မိတ္တူ၊ မြေကွက်ရောင်းချသူ၏ ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ ဝယ်ယူထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ (လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက(ခွဲ) ကံစွယ် ဆဋ္ဌမတန်းမှ မောင်ရဲရင့်မောင်နှင့် တတိယတန်းမှ မခင်သဒ္ဒါမောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ချင်း ၉/ဝတန(နိုင်)၁၂၆၉၃၀ ဖြစ်ပါသည်။

**ဦးမောင်ချင်း**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့နယ်၊ အလက (ကုက္ကိုကုန်း) နဝမတန်းမှ မဖူးပြည့်စုံ၊ ပဉ္စမတန်းမှ မဖူးပွင့်စုံနှင့် တတိယတန်းမှ မောင်မင်းခန့်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးဆန်းထူး ၁၄/ဒဒရ(နိုင်)၂၈၆၁၃ဖြစ်ပါကြောင်း။ **ဦးဆန်းထူး**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၄)၊ ညောင်နီကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၆၆)၊ ဦးပိုင်အမှတ်(၄/၂)၊ အကွက်အမှတ်(က/ခ)၊ မြေဧရိယာ(၀ဒသမ ၂၂)ဧကရှိ ယာမြေအား ဒေါ်ခင်ကြည်ပြာ ၁၂/လမန(နိုင်)၀၈၆၀၀၇မှ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် (၃၀/ခ)လျှောက်ထားခြင်း၊ မြေစာရင်းပုံစံ(၁၀၅/၁၀၆) ရေးကူးခြင်းများ ပြုလုပ်ရန်အတွက် ပြင်ဦးလွင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ (၃၀)အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါ လယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**
**ပြင်ဦးလွင်မြို့**

## မိဘအမည်မှန်

ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ) အင်္ဂတို သတ္တမတန်းမှ စောစည်သူအောင်၏ မိဘအမည်မှန်မှာ ဦးစောသန်းလွင်ဦး ၁၀/ကထန(နိုင်)၁၀၆၅၅၆နှင့် ဒေါ်နော်မိစန်းထူး ၁၀/ကထန(နိုင်)၁၂၉၅၁၅ ဖြစ်ပါကြောင်း။ **ဦးစောသန်းလွင်ဦး-ဒေါ်နော်မိစန်းထူး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ) အင်္ဂတို အဋ္ဌမတန်းမှ နော်သီသီစိုးနှင့် ဆဋ္ဌမတန်းမှ နော်မိုးပြည့်ပြည့်စိုးတို့၏ ဖခင် ဦးစိုးမိုး(ခ)ဦးအောင်စိုးမိုး ၁၀/ကထန(နိုင်)၁၂၂၈၇၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစိုးမိုး(ခ)ဦးအောင်စိုးမိုး**

## အမည်ပြောင်း

တောင်ကုတ်မြို့၊ ကိုင်းရှည်ရပ်ကွက်နေ ဦးခင်မောင်ဝင်း-ဒေါ်ငွေရီတို့၏သမီး မခင်သူဇာထွန်းအား မဟေသာစိုးဟုလည်းကောင်း၊ မောင်ဟိန်းထက်စိုးအား မောင်သိန်းငွေးစိုးဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက(၁) နဝမတန်း(B)မှ မအေးအေးနိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွန်းလှ ၁၁/မဥန(နိုင်)၀၇၂၈၄၈ ဖြစ်ပါကြောင်း။

**ဦးကျော်ထွန်းလှ**

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက(၁) အဋ္ဌမတန်း(E)မှ မောင်ဦးကျော်လင်း၏ ဖခင်အမည်မှန်မှာ ဦးရွှေမောင်သိန်း ၁၁/မဥန(နိုင်)၀၈၆၃၀၇ ဖြစ်ပါကြောင်း။ **ဦးရွှေမောင်သိန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တော်မြို့နယ်၊ အုန်းပတီးကျေးရွာနေ ဦးကျော်လှ၏သား မောင်စိုးဖေ ၁၁/ကတန(နိုင်)၁၀၄၂၆၄ နှင့် အောင်စိုးဖေ (တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မောင်စိုးဖေ(ခ)အောင်စိုးဖေ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်တွေမြို့၊ မကျည်းမြိုင်ရပ်ကွက်၊ အကွက်(၂)နေ မောင်မျိုးမင်းထွန်း၏ ဖခင် ဦးမောင်ထီးအောင် ၁၁/စတန(နိုင်)၀၁၆၀၅၄ နှင့် ဦးမောင်မောင်တင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ထီးအောင်(ခ)မောင်မောင်တင်**

## ပျောက်ဆုံးကြောင်းကြေညာချက်

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ Bill of Lading, Ocean Vessel No. LE LI, B/L No. LL 143P04, Code Name CSS01 သည် lost and invalid ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## Declared Missing

It is notified for the information that the Bill of lading, Ocean Vessel No. LE LI, B/L No. LL 143P04, Code Name CSS01 has been lost and invalid.

**Ph No. 01-654366**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၄)(မော်လမြိုင်)
# Open Tender ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်ရန်ပုံငွေတို့ဖြင့် တံတားအထူးအဖွဲ့(၁၄)၊ မော်လမြိုင်မြို့မှ ဆောင်ရွက်မည့် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကျိုက်မရော-စံပယ်ဂူ-ကော့ပနော့လမ်းပေါ်ရှိ အတ္တရံမြစ်ကူး(စံပယ်ဂူ)တံတား တည်ဆောက်ခြင်းလုပ်ငန်းနှင့် တံတားအထူးအဖွဲ့(၁၀)၊ လှည်းကူးမြို့မှ ဆောင်ရွက်မည့် ကျိုက်ထိုမြို့ရှောင်လမ်းပေါ်ရှိ ကဒက်ချောင်းတံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ Bored Pile တူးစက်၊ Broed Pile တူခြင်းလုပ်ငန်းများအား လုပ်ငန်းခွင်အရောက်ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

**ဝယ်ယူမည့်ပစ္စည်းများ**

Cement,Sand, Chipping, J-Wood,M.S Rod,2.3mm thick Thin Sheet,4mm thick M.S Plate,10mm thick M.S Plate, Bentonite,Admixture,Binding Wire,Wire Nail,Welding Rod,5 Plywood,3 Plywood,14/10 Mixer,Anti Corrosive Paint for Reinforcing Steel Bar, 2"x2"x1/4" Angle Iron,C.G.I Sheet, မြေကြီး(ကျိုက်မရောဘက်ခြမ်း)

**ငှားရမ်းမည့်ရေယာဉ်**

Z-Craft

**ဆောင်ရွက်မည့်လုပ်ငန်း**

-Mini Bored Pile စက်ငှားရမ်းတူးခြင်းလုပ်ငန်း

-Bored Pile တူးစက်ငှားရမ်း၍ Bored Pile တူးခြင်းလုပ်ငန်းဆောင်ရွက်ခြင်း

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၂၂-၁၀-၂၀၁၈ရက်မှ ၁၉-၁၁-၂၀၁၈ရက်အထိ ရုံးချိန်အတွင်း တံတားအထူးအဖွဲ့(၁၄)ရုံး၊ မော်လမြိုင်မြို့နှင့်တံတားအထူးအဖွဲ့ (၁၀)ရုံး၊ လှည်းကူးမြို့တို့တွင် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

| | |
|---|---|
| တံတားအထူးအဖွဲ့(၁၄) | ဖုန်း-၀၉-၇၉၂၃၉၈၇၀၀၊ ၀၉-၄၄၉၀၀၀၈၀၆ |
| တံတားအထူးအဖွဲ့(၁၀) | ဖုန်း-၀၁-၈၆၂၉၀၃၅၊ ၀၉-၄၅၀၀၀၅၅၆၆ |
| **တင်ဒါပိတ်မည့်ရက်/အချိန်** | -၁၉-၁၁-၂၀၁၈ ညနေ ၃း၀၀နာရီ |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | -၂၀-၁၁-၂၀၁၈ နံနက် ၁၀း၀၀နာရီ |
| **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | -ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။ |

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွား သတင်းစာတိုက်များတွင် အသုံးပြုရန် ၃၀" နိုင်ငံခြားသတင်းစာစက္ကူလိပ်များနှင့် ပတ်လည်ပုံနှိပ်စက်ကြီးများမှထွက်ရှိသည့် လုံးကျန်၊ လိပ်ခွာများမှ (၂၃$\frac{၁}{၄}$×၃၀")အရွယ် သတင်းစာစက္ကူများဖြတ်တောက်ခြင်း လုပ်ငန်းကို ဆောင်ရွက်ရန် စိတ်ပါဝင်စားသူလုပ်ငန်းရှင်များမှ တင်ဒါစနစ်ဖြင့် ဈေးနှုန်းလွှာများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် ၁၇-၁၀-၂၀၁၈ရက်မှ ၂၉-၁၀-၂၀၁၈ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပြီး ၂၉-၁၀-၂၀၁၈ရက် ညနေ ၄း၃၀နာရီအတွင်း တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူး(စီမံ) ဖုန်း-၀၆၇-၃၄၁၂၁၂၈၊ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဖုန်း-၀၆၇-၃၄၁၂၀၂၈၊ ရန်ကုန်(ထုတ်လုပ်ဌာန) ဖုန်း-၀၁-၂၀၀၈၁၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ရုံးအမှတ်(၇) နေပြည်တော်၊**
**ဖုန်း-၀၆၇-၃၄၁၂၁၂၈၊ ၀၆၇-၃၄၁၂၀၂၈**

## မြစ်ကြီးနားအသင်း(ရန်ကုန်)၏
## (၃၄)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ဖိတ်ကြားလွှာ

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ (၃၄)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် လှူဒါန်းပွဲကို ၂၇-၁၀-၂၀၁၈ရက် (စနေနေ့) နံနက် ၉း၀၀နာရီတွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ ကျောက်စိမ်းတွင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူအသင်းသားများနှင့် ရန်ကုန်ရောက် ကချင်ပြည်နယ်သူ/သားများ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ပင့်သံဃာတော် ၁၅ ပါးတို့အား ကထိန်သင်္ကန်းနှင့်အလှူငွေများလှူဒါန်းလိုပါက အောက်ဖော်ပြပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်၍လည်းကောင်း မိမိတို့အစီအစဉ်ဖြင့်လည်းကောင်း လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| (၁) | ဦးတင်မောင်ဝင်း | ဖုန်း-၃၈၃၀၃၁ |
| (၂) | ဒေါ်တင်တင်ညွန့် | ဖုန်း-၀၉-၄၅၀၀၂၂၀၈၀ |
| (၃) | ဒေါ်ခင်မကြီး | ဖုန်း-၃၇၁၁၉၇ |
| (၄) | ဒေါ်ညိုမာသွယ် | ဖုန်း-၀၉-၅၀၂၁၈၁၅ |
| (၅) | ဒေါ်ကြည်ကြည်နိုင် | ဖုန်း-၀၉-၄၄၀၄၆၈၄၂၇ |
| (၆) | ဒေါ်စန်းစန်းမြင့် | ဖုန်း-၀၉-၄၂၁၁၈၀၀၂၂ |
| (၇) | ဒေါ်ဥမ္မာအောင် | ဖုန်း-၀၉-၄၃၁၉၀၄၅၆ |
| (၈) | ဒေါ်မိမိမူ | ဖုန်း-၀၉-၅၁၅၁၆၇၉ |

**အမှုဆောင်အဖွဲ့**

## ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)
## ဝါးခယ်မမြို့သို့ သွားရောက် မျက်စိခွဲစိတ်ကုသမှုအစီအစဉ် ပါဝင်ကုသိုလ်ယူ လှူဒါန်းနိုင်ပါရန်
## နှိုးဆော်ခြင်း

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)နှင့် မျက်စိခွဲစိတ်ကုသမှု အထူးကုအဖွဲ့သည် ၂-၁၁-၂၀၁၈ရက်မှ ၄-၁၁-၂၀၁၈ ရက်အထိ ဝါးခယ်မမြို့သို့ သွားရောက်ပြီး နယ်သူ/နယ်သား မျက်စိဝေဒနာရှင်များကို စက္ခုပါလဆေးခန်း၌ (၁၄)ကြိမ်မြောက် အခမဲ့မျက်စိကုသပေးခြင်းနှင့် ဒီဂရီမျက်မှန် တပ်ဆင်ပေးမည်ဖြစ်ပါသည်။

သို့ပါ၍ ဝါးခယ်မနွယ်ဖွားများအနေဖြင့် မျက်စိခွဲစိတ်ကုသမှုအတွက် ကုန်ကျငွေ လူနာတစ်ဦးလျှင် ၄၅၀၀၀ိ/ကျပ်နှုန်းဖြင့် အောက်ပါနေရာများ၌ လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အသိပေးအပ်ပါသည်။

- ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၊ အမှတ် ၁၂ ပထမထပ်၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၂၆၅၉၀
- ဦးသန်းဌေး ဖုန်း-၀၉-၅၁၃၇၁၉၂
- ဒေါက်တာခင်မောင်ကြိုင် ဖုန်း-၀၉-၅၀၄၉၀၂၂
- ဒေါက်တာအေးအေးမြင့် ဖုန်း-၀၉-၅၀၀၆၈၅၂

**အမှုဆောင်အဖွဲ့**

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်
## စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)နှင့် နိုင်ငံခြားသုံးငွေ (USD)တို့ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| (က) | 150 W FM Transmitter (ရွှေကူစက်ရုံ) | 1 Set (ကျပ်) |
| (ခ) | 150W TVTX Transmitter (Duai Cast) (မော်ချီးစက်ရုံ) | 1 Set (ကျပ်) |
| (ဂ) | Presentation I ရှိ Playout System အား အဆင့်မြှင့်တင်ရန် လိုအပ်သည့်စက်ပစ္စည်းများ | 1 Lot (USD) |
| (ဃ) | ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ | 73 Items(ကျပ်) |
| (င) | ရုံးလုပ်ငန်းသုံး ပစ္စည်းများ | 15 Items(ကျပ်) |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၁၀-၂၀၁၈ရက်မှ ၁၆-၁၁-၂၀၁၈ရက်ထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၉-၁၁-၂၀၁၈ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ပေးပို့လာသောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် စက်ပစ္စည်းစာရင်း အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**

## မြန်မာ့သစ်လုပ်ငန်း ၈၄ သူငယ်ချင်းများသို့
## ဖိတ်ကြားခြင်း

၁၉၈၄ခုနှစ် (သစ်လုပ်ငန်းကော်ပိုရေးရှင်း) မြန်မာ့သစ်လုပ်ငန်း၊ လက်ထောက်မန်နေဂျာ (ရောင်း/စက်)များ၏ (၃၄)နှစ်မြောက်တွေ့ဆုံပွဲနှင့် အသက်ဝါစဉ်ကြီးသည့်ဆရာများ၊ အစ်ကိုကြီးများ အမှတ်တရ ရှေးဟောင်းနှောင်းဖြစ်ပြောဆိုကြရန်တွေ့ဆုံပေးပြီး ဧည့်ခံကျွေးမွေးလိုပါသည်။ ၈၄သူငယ်ချင်းများအားလည်း မိသားစုနှင့်အတူတကွ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ (ဖိတ်စာများအား လက်ဝယ်အရောက် အတတ်နိုင်ဆုံးဖိတ်ကြားပါမည်။ အကြောင်းကြောင့် ဖိတ်စာများ မရောက်ရှိခဲ့ပါကလည်း အောက်ဖော်ပြပါပုဂ္ဂိုလ်များထံသို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

| | | |
|---|---|---|
| **ကျင်းပမည့်ရက်** | - | ၂၇-၁၀-၂၀၁၈ရက် (စနေနေ့) |
| **ကျင်းပမည့်အချိန်** | - | နံနက် ၈း၀၀ နာရီ |
| **ကျင်းပမည့်နေရာ** | - | အမှတ် (၁/၂/၃)ပရိဘောဂစက်ရုံ၊ ရှင်းလင်းဆောင် အလုံမြို့နယ် |

| | |
|---|---|
| ဦးဘိုနီ 09-254314844 | ဦးဆွေငြိမ်း 09-5194294 |
| ဦးအုန်းစိန် 09-254277501 | ဦးအောင်သိန်း 09-5018954 |
| ဦးမြင့်အောင် 09-420714471 | ဦးလှအေးဘ 09-5156608 |

**ဖြစ်မြောက်ရေးအဖွဲ့**
**၁၉၈၄ အလုပ်ဝင်အရာထမ်းများ (မြန်မာ့သစ်လုပ်ငန်း)**

## ဖခင်အမည်မှန်

ကျောက်ဖြူမြို့၊ အထက (ဂုံးချိန်)၊ တက္ကသိုလ်ဝင်တန်း (ဃ)မှ မောင်အောင်လွင်စိုး၏ဖခင်အမည်မှန်မှာ ဦးအောင်ရီဝင်း ၁၁/ကဖန(နိုင်)၀၇၀၉၅၉ ဖြစ်ပါကြောင်း။ **ဦးအောင်ရီဝင်း**

## မိခင်အမည်မှန်

ကျောက်တော်မြို့နယ်၊ ကန်စောက် အထက၊ အဌမတန်းမှ မောင်ကျော်နိုင်လင်းနှင့် မောင်ကျော်မျိုးထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်မလှ ၁၁/ကတန(နိုင်)၁၂၅၀၇၆ ဖြစ်ပါကြောင်း။ **ဒေါ်မလှ**

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက (၁)၊ နဝမတန်းမှ မရွှေဇင်မ၏ ဖခင်အမည်မှန်မှာ ဦးကျော်စိန် ၁၁/မဥန(နိုင်) ၀၉၀၃၄၈ဖြစ်ပါကြောင်း။ **ဦးကျော်စိန်**

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက၊ နဝမတန်းမှ နီနီဝင်း၏ ဖခင်အမည်မှန်မှာ သိန်းဘရွှေ ၁၁/မဥန(နိုင်)၀၁၆၁၁၈ ဖြစ်ပါကြောင်း။ **သိန်းဘရွှေ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး (စကု)မြို့နယ်၊ အထက (စကု)နဝမတန်းမှ မဝေနှင်းမှုံ၏ ဖခင်အမည်မှန်မှာ ဦးသိန်းလှိုင် ၈/မဘန(နိုင်) ၀၁၆၄၆၅ ဖြစ်ပါကြောင်း။ **ဦးသိန်းလှိုင်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး (စကု)မြို့နယ်၊ အထက(စကု) နဝမတန်းမှမဖြူဖြူဖွေး၏ ဖခင်အမည်မှန်မှာ ဦးဟန်ဇော်ထွန်း ၈/မဘန(နိုင်) ၁၃၆၆၆၅ ဖြစ်ပါကြောင်း။ **ဦးဟန်ဇော်ထွန်း**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၈ဃ/၂၂၂၂၁ Kenbo -110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်အုန်း ၈/မဘန(နိုင်)၀၀၆၀၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး(မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန
## ပို့ကုန်သွင်းကုန်ရုံး (မြစ်ကြီးနား)RCနှစ်ထပ် အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ပို့ကုန်သွင်းကုန်ရုံး(မြစ်ကြီးနား) RCနှစ်ထပ် အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသူများ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပို့ကုန်သွင်းကုန်ရုံး (မြစ်ကြီးနား) (၅၆'×၅၄'×၂၂') RC နှစ်ထပ် အဆောက်အအုံ တည်ဆောက်ခြင်း

(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်နှင့်အချိန်** - ၁၉-၁၀-၂၀၁၈ ရက်မှ ၁၉-၁၁-၂၀၁၈ ရက် ၁၆း၃၀ နာရီထိ

(ဂ) **တင်ဒါဖွင့်မည့်အချိန်နှင့်နေရာ** - ၂၀-၁၁-၂၀၁၈ ရက် ၁၄း၀၀နာရီ ပို့ကုန်သွင်းကုန်ရုံး (မြစ်ကြီးနား)

(ဃ) **တင်ဒါရောင်းချမည့်နေရာ** - ပို့ကုန်သွင်းကုန်ရုံး (မြစ်ကြီးနား) ကချင်ပြည်နယ်

၂။ တင်ဒါစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ပို့ကုန်သွင်းကုန်ရုံး၊ မြစ်ကြီးနား (၀၇၄-၂၅၂၄၀၂၀)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**မြစ်ကြီးနားမြို့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အတွင်းဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်းလုပ်ငန်းများနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ၁၉-၁၀-၂၀၁၈ ရက်မှ ၉-၁၁-၂၀၁၈ ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ၁၆-၁၁-၂၀၁၈ ရက် ၁၆း၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒက္ခိဏသီရိမြို့နယ်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များအား ၁၅-၁၀-၂၀၁၈ ရက်မှစ၍ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးဖုန်း-၀၆၇-၈၁၀၆၁၈၆၊ ၀၆၇-၈၁၀၆၁၈၇သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ အကွက်အမှတ်(၅/ပဒေသာ)၊ ဦးပိုင်အမှတ် (၁၄၄)၊ မြေယာအမှတ် (144)၊ မြေဧရိယာ ၀ဒသမ၂၂၀ဧကရှိ မြေကွက်အား မြေငှားဂရန်အမှတ်အမှတ် (၁၁၁၂/၁၉၉၃-၉၄)အရ ဦးအိုက်ဆန်း အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါအမည်ပေါက်ဂရန်မှာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ (၁-က) စာရင်းရေးသွင်းထားခြင်း မရှိပါသဖြင့် ဦးအိုက်ဆန်း အမည်ဖြင့် စာရင်းရေးသွင်းနိုင်ရေးအတွက် ဒေါ်ဖြူဖြူသန်း ၉/မနတ(နိုင်)၀၁၅၀၉၇မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ
လူတိုင်း၏ ကံကြမ္မာသည် ပြောင်းလဲနေပါသည်။
မိမိ၏ ကံကြမ္မာပြောင်းလဲမှုကို ကြိုတင်သိရှိနိုင်ဖို့အတွက် -
၂၀၁၉-ခုနှစ်
ဝံ-ဂဏ-ဘို
၁၂ - ရာသီဟောကိန်း
မိမိတို့၏ ရာသီခွင်အလိုက် တစ်အုပ်ချင်းထုတ်ဝေထားပါသည်။
အဆောင်လက်ဖွဲ့ပစ္စည်းများကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။
ထွက်ပြီ
ပင်ရင်းဖြန့်ချိရေး
အမှတ်-၂၈၆(မြေညီထပ်)၊ လမ်း-၄၀(အထက်)၊ ရန်ကုန်မြို့။ ဖုန်း -၀၁ ၇၀၉၀၃၂၊ ၃၉၁၁၆၉၊ ၀၉-၄၂၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၉
မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက် အမှတ်-၂၂၁၊ ၈၄-လမ်းနှင့် ၃၃-လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း -၀၂ ၃၉၇၁၇၊ ၆၀၁၃၆

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ် ၃၆/ပြည်တော်သာရပ်၊ ဦးပိုင်အမှတ် ၂၆၀၊ မြေယာအမှတ် 232၊ မြေဧရိယာ ၀ဒသမ၀၅၈ဧကရှိမြေကွက်အား မြေငှားဂရန်သစ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးလတ်မျိုးဌေး ၉/မမန(နိုင်)၀၀၀၃၉၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၂၊ အကွက်အမှတ် ၂၉/စာရေးကုန်း၊ ဦးပိုင်အမှတ် ၁၃၊ မြေယာအမှတ် 14၊ မြေဧရိယာ ၀ဒသမ ၁၇၁ဧကရှိ မြေကွက်အား မြေငှားဂရန်သစ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးထင်အောင်၊ ဒေါ်ခင်ပြုံးရည်၊ ဦးမြင့်ဇော်နိုင်တို့သုံးဦးမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မြစ်ကြီးနားခရိုင်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၅ နှင့်ဆက်နွှယ်သည့်**
**၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၃၄**

| | | |
|---|---|---|
| ဦးသန်းလှိုင် | နှင့် | ဒေါ်ဂျာပရီ |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ဒေါ်ဂျာပရီ၊ အမှတ် (၈၅)၊ ဆွတ်ဒိုင်တောင်-၂၊ စီတာပူ၊ မြစ်ကြီးနားမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၅တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးသန်းလှိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ခုနှစ် နိုဝင်ဘာ ၂ ရက် (၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှိုင်မျိုးအောင်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**မြစ်ကြီးနားခရိုင်တရားရုံး**

မြေကွက်များဈေးကောင်းပေးဝယ်လိုသည်
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင်
မြေကွက်များဝယ်လိုသည်။
အိမ်အရောက် ငွေချေစနစ်၊ ပွဲခပေးရန်မလို
မည္ကွန့် 01-2339310,01-2339355,
Ph:01-578044 ,01-570721




## ဦးလျော်မြင့်ချင်(ခ)ဦးအောင်သိန်း၊ ဦးစိုင်းကျော်၊ ဦးအိုက်စွန်း၊ ဦးကျော်အေးတို့နှင့် အများသိစေရန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၈၁၊ ၈၁လမ်း၊ လမ်း ၃၀×၃၁လမ်းကြား၊ အမှတ် ၃၉၆တွင် တည်ရှိသော **ထရီပယ်လ်"အေ" စီးမန့်တ်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်**၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်မျိုးရွှေက ဦးလျော်မြင့်ချင်(ခ)ဦးအောင်သိန်း၊ ဦးစိုင်းကျော်၊ ဦးအိုက်စွန်း၊ ဦးကျော်အေးတို့နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလျော်မြင့်ချင်(ခ)ဦးအောင်သိန်း၊ ဦးစိုင်းကျော်၊ ဦးအိုက်စွန်းတို့သည် ယခင်က **ထရီပယ်လ်"အေ"အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်နှင့် ထရီပယ်လ်"အေ" စီးမန့်တ်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်**တို့၏ ဒါရိုက်တာများဖြစ်ပါသည်။ ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ကုမ္ပဏီမှတ်ပုံတင်အသစ်ဆောင်ရွက်ရာတွင် ဦးလျော်မြင့်ချင်(ခ)ဦးအောင်သိန်း၊ ဦးစိုင်းကျော်၊ ဦးအိုက်စွန်းတို့ကို ကုမ္ပဏီဒါရိုက်တာအဖြစ်မှ ပယ်ထုတ်ပြီးဖြစ်သောကြောင့် ဦးလျော်မြင့်ချင်(ခ)ဦးအောင်သိန်း၊ ဦးစိုင်းကျော်၊ ဦးအိုက်စွန်း၊ ဦးကျော်အေးတို့သည် ၁၇-၁၀-၂၀၁၈ရက်တွင် အမှန်တကယ်ဝယ်ယူထားခြင်းမရှိသည့် အစုရှယ်ယာများ(အမည်ခံတန်ဖိုး)ရောင်းချခြင်းကို အတည်ပြုဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။ သို့ပါ၍ ကုမ္ပဏီဥပဒေအရ ကုမ္ပဏီသည် အများနှင့်မသက်ဆိုင်သောကုမ္ပဏီဖြစ်သည့်အတွက် ဦးလျော်မြင့်ချင်(ခ)ဦးအောင်သိန်း၊ ဦးစိုင်းကျော်၊ ဦးအိုက်စွန်း၊ ဦးကျော်အေးတို့၏ အစုရှယ်ယာများကို လွှဲပြောင်းရောင်းချခွင့်မရှိကြောင်း၊ လွှဲပြောင်းရောင်းချခြင်းကြောင့် ပေါ်ပေါက်လာသော ကိစ္စအဝဝတို့သည် ရောင်းချသူနှင့်ဝယ်ယူသူတို့၏ တာဝန်သာဖြစ်ကြောင်း၊ ယင်းသို့အစုရှယ်ယာရောင်းချခြင်းကို ကုမ္ပဏီရုံးချုပ်မှ အသိအမှတ်ပြုမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးရွှေ**
**အုပ်ချုပ်မှုဒါရိုက်တာ**
**ထရီပယ်လ်"အေ"စီးမန့်တ်**
**အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်**
**ဖုန်း-၀၉-၂၅၆၀၇၈၅၈၅**

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၄ ခုနှစ် ဇာရီမှုအမှတ်-၉၆**

| | | |
|---|---|---|
| ၁။ ဒေါ်မြင့်မြင့် | နှင့် | ၁။ ဒေါ်တင်ပု |
| ၂။ ဒေါ်တင့်တင့် | | ၂။ ဒေါ်ခင်မူ(ကွယ်လွန်သူ ဦးထိန်ဝင်း၏တရားဝင် ကိုယ်စားလှယ်) |
| ၃။ ဒေါ်မာမာသန်း | | ၃။ ဦးကြာမောင် |
| ၄။ ဒေါ်ဝင်းဝင်းမေ | | ၄။ ဦးအောင်စိုး |
| ၅။ ဒေါ်ဇင်ဇင် | | ၅။ ဒေါ်တင်တင်စိန် |
| ၆။ ဦးသိန်းထိုက် (ကွယ်လွန်သူဒေါ်အောင်ခင်၏ တရားဝင်ကိုယ်စားလှယ်များ) | | ၆။ ဒေါ်စုစု |
| | | ၇။ ဒေါ်နုနု |
| | | ၈။ ဒေါ်သန်းသန်းဌေး |
| **ဒီကရီအနိုင်ရသူများ** | | **တရားရှုံးများ** |

မန္တလေးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၅၂၄/၂၀၁၁အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၃ ရက်၊ နံနက် ၁၀ နာရီတွင် ၄င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၄၉၊ ဦးပိုင်အမှတ် (၁၆)၊ ဧရိယာ ၀ဒသမ ၀၅၂၈ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်မြေပေါ်ရှိ အဆောက်အအုံ။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၇၀၀**
**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါရက်တွင် ပေးသွင်းရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(သိန်းသိန်းဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ (၁၆၄) လမ်း၊ အမှတ် (၅၉) မြေကွက်ပေါ်ရှိ ရှစ်ထပ်တိုက်အဆောက်အအုံ၏ (ရှစ်လွှာ/ဘီ) တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး ဥပဒေအရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြင့်မြင့်ချို ၁၂/ဥကတ(နိုင်)၁၂၈၅၃၁ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းခိုင် (LL.B, D.M.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၆၇)**
**ဦးဇော်မျိုးထက် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၁၇၉)**
**အမှတ် (၁၀၂)၊ ဗဟိုလမ်း၊ စမ်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ဖုန်း-၀၉-၅၁၈၇၃၇၂၊ ၀၉-၄၂၀၀၄၀၁၄၉**

## အများသိစေရန်ကြေညာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက် (၆)၊ နယ်မြေ၊ အကွက်အမှတ် (၅/ဝိန်းလောင်းတိုးချဲ့)၊ ဦးပိုင် အမှတ် (၆၅)၊ ဧရိယာ ၀ဒသမ၀၇၈ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၁-၅/၂၀၀၈-၂၀၀၉ ဦးအိုက်ဆမ်(ခ)ဦးသန်းဝင်း အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ကို ၂၃-၆-၂၀၁၈ရက်တွင် စာချုပ်အမှတ် ၀၇၃/၂၀၁၆ဖြင့် ဒေါ်ရန်ကျင်ဖန်းမှ မြေနေရာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုပြီး အမည်ပြောင်း ထပ်မံအသစ်လျှောက်လာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀အတွင်း အထောက်အထားခိုင်လုံစွာဖြင့် တန့်ယန်းမြို့နယ် ထွေအုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တန့်ယန်းမြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက် ၇၊ နယ်မြေ(-)၊ အကွက်အမှတ် (ကွင်းပြင်ပ)၊ ဦးပိုင်အမှတ် ၃၊ ဧရိယာ ၀ဒသမ၆၀၂ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် -၅/၂၀၀၉-၂၀၁၀ ဦးသန်းဝင်း အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်ကို ၂၃-၆-၂၀၁၆တွင် စာချုပ်အမှတ် ၀၇၄/၂၀၁၆ ဖြင့် ဒေါ်ရန်ကျင်ဖန်းမှ မြေနေရာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုပြီး အမည်ပြောင်းထပ်မံအသစ် လျှောက်လာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀အတွင်း အထောက်အထားခိုင်လုံစွာဖြင့် တန့်ယန်းမြို့နယ် ထွေအုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တန့်ယန်းမြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ကြီးခရိုင်တရားရုံး**
**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၅၁**

| | | |
|---|---|---|
| ဦးမောင်မြင့်ကျော် | နှင့် | ဒေါ်နန်းအေးရှမ်း |
| **တရားလို** | | **တရားပြိုင်** |

ဒေါ်နန်းအေးရှမ်း အိမ်အမှတ်-၉၆၊ စံပယ်ဖြူလမ်း၊ ဟော်ကုန်းရပ်ကွက်၊ တောင်ကြီးမြို့ (ယခုနေရပ်လိပ်စာမသိ)နေသူအား သိစေရမည်။

သင့်အပေါ်၌ တရားလိုက လိမ်လည်ရယူထားသော ဒီကရီအားပယ်ဖျက်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၉ ရက် (၁၃၈၀ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်တင်မော်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**တောင်ကြီးခရိုင်တရားရုံး**

စိန်ငါးလုံး ဆံပင်ပေါက်ဆေး
အမှတ်တံဆိပ် TMR 007994 (1017)
ဆံပင်၊ မုတ်ဆိတ်၊ ပါးသိုင်းမွေး၊ မျက်ခုံးမွေးများ ကျွတ်ခြင်း၊ ပါးခြင်း၊ မသန်ခြင်း၊ မပေါက်ခြင်း၊ ဦးခေါင်းမူခြင်း၊ ခေါင်းချေးထွက်ခြင်း၊ နှာစေးနှာပိတ်ခြင်း၊ ဖောက် သန်းယားခြင်း တို့ ဖြစ်လျှင်
"စိန်ငါးလုံး" ဆံပင်ပေါက်ဆေးကို လိမ်းပါ။
ပင်ရင်း-ဆ/၁၀၁၊ ခေမာသီ(၄)လမ်း၊ ရတနာသီရိဈေးပတ်လမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။ ☎-၀၉၄၂၁၀၄၀၀၈၅
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

## ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/1608 ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/2001 ၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၈၈၈၄၈ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထင်ကျော် ၉/မရမ(နိုင်)၀၄၆၇၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ အကွက်အမှတ် (၅/ပဒေသာ)၊ ဦးပိုင်အမှတ် ၃၇၀၊ မြေယာအမှတ် 370၊ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိမြေကွက်အား မြေငှားဂရန်အမှုတွဲအမှတ် (၃၂၄/၁၉၉၀-၉၁)အရ ဦးသူရ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါအမည်ပေါက်ဂရန်မှာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ (၁-က) စာရင်းရေးသွင်းထားခြင်းမရှိပါသဖြင့် ဦးသူရအမည်ဖြင့် စာရင်းရေးသွင်းနိုင်ရေးနှင့် လွဲမှားနေသော အကွက်အမှတ်အား အမှန်ပြင်ဆင်နိုင်ရေးအတွက် ဒေါ်သီတာ ၉/မမန(နိုင်)၀၂၉၃၅၂ မှ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း မမြသူခိုင်နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ကိုသိန်းကျော်ဦး ၁၂/ဥကတ(နိုင်)၁၆၁၈၇၅၊ အမှတ် (၂၇/ခ)၊ သုတ(၁)လမ်း၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ကိုသိန်းကျော်ဦးနှင့် မမြသူခိုင် ၁၁/မဉန(နိုင်)၀၇၀၅၂၀ တို့သည် ၇-၄-၂၀၁၅ရက်တွင် ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာဖြင့် အကြင်လင်မယားအဖြစ်ပေါင်းသင်းရန် လက်မှတ်ရေးထိုးလက်ထပ်ခဲ့ကြပါသည်။ လက်ထပ်ပြီးနောက် ဗဟန်းမြို့နယ် ဆရာစံတောင်ရပ်ကွက်၊ ငွေလရောင်လမ်းတွင် လေးလခန့်အတူတကွပေါင်းသင်းနေထိုင်ပြီးနောက် ကျွန်ုပ်တို့၏မိတ်ဆွေ ကိုသိန်းကျော်ဦးအား အသိပေးအကြောင်းကြားခွင့်ပြုချက် တစ်စုံတစ်ရာ တောင်းခံခြင်းမရှိပါဘဲ အတူတကွပေါင်းသင်းသည့်နေအိမ်မှနေ၍ မမြသူခိုင်တစ်ကြိမ်ဆင်းသွားပြီး ၁၀လပိုင်းတွင် နေအိမ်သို့မိမိသဘောဖြင့် ပြန်လည်ရောက်ရှိလာကာ (၂၀၁၅)ခုနှစ် (၁၂)လပိုင်းတွင် ဒုတိယအကြိမ်ဆင်းသွားပြီး ယနေ့ထက်တိုင်အောင် ပြန်လာခြင်းမရှိတော့ပါ။

ကျွန်ုပ်တို့၏မိတ်ဆွေကိုသိန်းကျော်ဦးအနေနှင့် လင်ယောကျ်ားနှင့်အတူ ပေါင်းသင်းနေထိုင်ခြင်းမရှိသည့်အတွက် ကွာရှင်းပေးရန် ပြောကြားချက်ကို သဘောတူကြောင်း အကြောင်းပြန်ခဲ့ပြီးဖြစ်ပါသည်။ မမြသူခိုင်အား ကြေညာသည့်ရက်မှစ၍ တရားဝင်ဇနီးမယားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်း ကြေညာပါသည်။ ကိုသိန်းကျော်ဦး၏ လူမှုရေး၊ အိမ်ထောင်ရေးများကို လွတ်လပ်သူအမျိုးသားတစ်ဦးအဖြစ် ဆက်လက်လျှောက်လှမ်းမည်ဖြစ်ပါသည်။ စွန့်လွှတ်ပြီးသောသူတစ်ဦးအနေနှင့် မမြသူခိုင်ဘက်မှ တစ်စုံတစ်ရာ ကန့်ကွက်ဟန့်တားခြင်းပြုပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်ထွေး** | **ဦးဝင်းဌေး** |
| **စဉ်-၂၈၁၅** | **စဉ်-၁၉၆၈၂** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၃၇၇၄၀၆**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးသာစိန် (တွံတေး)

**အသက်(၉၈)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မစိုးရိမ်ကျောင်းလမ်း၊ လမ်းသွယ်(၃)၊ အမှတ်(၂-က)နေ (ဦးသောင်းရ-ဒေါ်ငွေရင်)တို့၏သား၊ (ဒေါ်မြရီ-တွံတေး၊ရှမ်းစုကြီး)၏ခင်ပွန်း၊ (ဦးတင်ထွန်း-ဒေါ်စုစုသာ)၊ ဦးစိုးသာ-ဒေါ်ကြူကြူဝင်း၊ ဒေါက်တာချိုစစ်-ဒေါက်တာနုနုသာ၊ ဦးအောင်မင်း- ဒေါက်တာဝေဝေသာ၊ ဦးစံသာ-ဒေါ်မေဦးခင်၊ ဦးအောင်သာ-ဒေါ်ဝေဝေမြင့်တို့၏ဖခင် ဦးသာစိန်သည် ၁၇-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၃ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ဦးသာဦးနှင့်ဝန်ထမ်းများ**
**ပြည်ထောင်စုဝန်ကြီးရုံး၊**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်တင်ကြည်

**အသက်(၈၆)နှစ်**

ပဲခူးမြို့၊ အမှတ် ၄၉၊ သွန်းဘုရားရပ်ကွက်၊ ဇောတိကလမ်းနေ (ဦးမောင်မောင်)၏ဇနီး၊ ပဲခူးမြို့နေ (ဦးသိန်းနိုင်)-ဒေါ်ခင်လှရီ၊ တောင်သာမြို့နေ (ဦးကျော်ဌေး)-ဒေါ်ခင်စောလွင်၊ ပဲခူးမြို့နေ ဒေါ်ခင်အေးလွင်၊ ဒေါ်ခင်ဌေးလွင် (အထက-၂)၊ ဦးဝင်းအောင်-ဒေါ်ခင်စန်းဝေ၊ ဦးဌေးအောင်-ဒေါ်ဝင်းဝင်းဌေး၊ ဦးအောင်သန်းထိုက်-ဒေါ်ခင်ဌေးကြည်၊ ဦးမျိုးအောင်-ဒေါ်သန္တာမိုး၊ ဦးညီညီထွေး(မန်နေဂျာ၊ သစ်ထုတ်ရေး၊ သံတွဲမြို့-၁)၊ ဒေါ်ခင်ထွေးတို့၏မိခင်သည် ၁၇-၁၀-၂၀၁၈ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၈ရက် (သောကြာနေ့)တွင် ဆင်ဖြူကွင်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၈ရက်(အင်္ဂါနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဦးလှအောင် (စစ်တွေမြို့)

**(မြန်မာ့အလင်းသတင်းစာတိုက်) (အငြိမ်းစား)**

**အသက်(၇၈)နှစ်**

စစ်တွေမြို့နေ (ဦးအောင်ကျော်-ဒေါ်မိုးသာ)တို့၏သား၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် ၂၇၆၊ အခန်း(၅)နေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဒေါ်စံဝင်းဦး၊ ဒေါ်အေးခင်၊ ဒေါ်နီနီ၊ ဦးစံအောင်-ဒေါ်မချစ်တို့၏(ညီ/မောင်)၊ ဦးအေးအောင်-ဒေါ်မမြနု၊ ဦးစိုးအောင်-ဒေါ်အေးမေတို့၏အစ်ကို၊ (ဦးစောလွင်မွန်သိန်း)-ဒေါ်ကေသီအောင်(လဝက၊ ဝန်ကြီးရုံး)၊ ဒေါ်နီလာအောင်(စီမံလန်းစိုပြည်ပ)၊ဒေါ်မြသီတာ(စက်မှုနည်းပညာ လေ့ကျင့်ရေးသင်ကြားရေးသင်တန်းကျောင်း)၊ ဦးရဲကျော်လင်းတို့၏ချစ်လှစွာသောဖခင်၊ မဆုရည်မွန်သိန်း(နောက်ဆုံးနှစ်၊ စီးပွားရေးတက္ကသိုလ်)၏အဘိုးသည် ၁၈-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၈ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်ကားများနံနက် ၁၀း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်နန်းခင်မြိုင်

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင် ၉လမ်း၊ အမှတ် ၁၄၅ (က)နေ (ဦးဘအုန်း-ဒေါ်အောင်)တို့၏သမီး၊ (ဦးဘထွန်း-ဒေါ်လှမော်)တို့၏သမီးချွေးမ၊ (ဒုဗိုလ်မှူးကြီးဟန်ရင်၊ ငြိမ်း)၊ ဗဟိုအမြောက်တပ်၊BPI စက်ရုံမှူး-(ငြိမ်း)၏ ဇနီး၊ ဦးအောင်ရင်-ဒေါ်မိုးသဉ္ဇာမြင့်၊ ဦးကြွယ်ရင်-ဒေါ်ဇာဇာလင်း၊ ဦးထွေးရင်-ဒေါ်အေးဝင်းတို့၏မိခင်၊ မြေး ရှစ်ယောက်တို့၏ အဘွားသည် ၁၈-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၈ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နန်းခင်မြိုင်

**အသက်(၇၄)နှစ်**

သူငယ်ချင်း ဦးကြွယ်ရင်(GM, Win Brothers Group of Co.,Ltd)နှင့် ဒေါ်ဇာဇာလင်းတို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်နန်းခင်မြိုင်သည် ၁၈-၁၀-၂၀၁၈ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

### မုဟမ္မဒ်ရဖီးက်(ခ)ဦးခင်အောင်ဝင်း(ဗ·မ·က·သ)

**နာရီဆရာ**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၁၅လမ်း၊ အမှတ် ၂/၄(ခ) ပထမထပ်နေ အမီရ်ဂျန်ဘီ(ခ)ဒေါ်ကျင်စိန်၏ခင်ပွန်း၊ ရှိုက်ခ်ဒါဂူး-အမ်ဘီယာဘေဂမ်၊ ဟာဖိဇ်အဗ်ဒွလ်ဂျဗ္ဗားရ်-ရဟီမဟ်ဘီ၊ အဗ်ဒွလ်ဂဖ္ဖားရ်၊ အဗ်ဒွစ္စသားရ်တို့၏ဖခင်၊ မုဟမ္မဒ်သံကီး၊ နအီမဟ်ဘွရ်ရဟ်၊ မုဟမ္မဒ်ဟိုင်ဒရ်တို့၏အဘိုးသည် ၁၇-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂း၃၀နာရီတွင် နေအိမ်မှရေဝေးကဗရ်စတန်သို့ပို့ဆောင်၍ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

### ဦးကျော်ထွန်း(မြိတ်) အသက်(၆၈)နှစ်

**အသင်းဝင်အမှတ်(၆၉၃၈)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ဝါးတန်းလမ်း၊ အမှတ် ၇၆ (ဒုတိယထပ်)နေ ဒေါ်လေးလေးခိုင်(အသင်းဝင်အမှတ်-၆၉၃၉)၏ခင်ပွန်းသည် ၁၆-၁၀-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**

### ဒေါ်တင်လှ(ခ)ဒေါ်တင်တင်လှ (မရမ်းကွေ့၊ မအူပင်)

**(ရွှေကျင်နိကာယအဖွဲ့၊ တိပိဋကဓမ္မရက္ခိတအဖွဲ့၊ ဂုဏ်ထူးဆောင်နာယကကြီး)**

**အသက်(၈၆)နှစ်**

(ဦးဘတွေ-ဒေါ်သောင်း)တို့၏သမီး၊(ဦးဘိုးလှ-ဒေါ်စိန်ဥ)တို့၏သမီးချွေးမ၊ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ထွန်းလင်းလမ်း၊ အမှတ် ၂၆နေ (ဦးတင့်ဆွေ)၏ဇနီး၊ ဒေါ်ကြည်ကြည်ဆွေ-ဦးလှသန်း၊ ဒေါ်ဘေဘီ၊ ဦးထွန်းမင်း(ကောင်းညွှန့်အထည်ဆိုင်၊ ၂၀၇-ဘီရုံ၊ သိမ်ကြီးဈေး)၊ ဦးကြည်စိန်-ဒေါ်သီတာ(သျှင်းသန့်အထည်ဆိုင်၊ ၇၆-ဘီရုံ၊သိမ်ကြီးဈေး)၊ဒေါ်အေးအေးဆွေ၊ ဒေါ်မြမြဆွေ(ကထိက၊ဂျပန်ဘာသာ၊နိုင်ငံခြားဘာသာဌာန၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်)၊ ဦးထွန်းအေး-ဒေါ်နုနုထွေး(ဦးကောင်းအထည်ဆိုင်၊ ၂၁၅-ဘီရုံ၊ သိမ်ကြီးဈေး)၊ ဒေါ်နီနီဆွေ-Capt ဦးမောင်မောင်ထွေး(Golden Myanmar Airline)တို့၏ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၄ယောက်၊ မြစ် ၁၂ယောက်တို့၏အဘွားသည် ၁၇-၁၀-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၄၀နာရီတွင် SSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ဆေးတက္ကသိုလ်(၂)ရန်ကုန်သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**

### ဒေါ်တင်လှ(ခ)ဒေါ်တင်တင်လှ (မရမ်းကွေ့၊ မအူပင်)

**(ရွှေကျင်နိကာယအဖွဲ့၊ တိပိဋကဓမ္မရက္ခိတအဖွဲ့၊ ဂုဏ်ထူးဆောင်နာယကကြီး)**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ထွန်းလင်းလမ်း၊ အမှတ် ၂၆နေ (ဦးဘတွေ-ဒေါ်သောင်း)တို့၏သမီး၊ ဒေါ်သဇင်သန်း-ဦးဘုန်း၊ ဒေါ်နှင်းနှင်းသန်း၊ ဒေါ်ခင်သီတာသန်း-ဦးဇော်လတ်၊ ဒေါ်နီလာသန်း-ဦးအုန်းနိုင်၊ ဦးသန်းကိုကို-ဒေါ်ရွှေစင်အောင်၊ ဦးရဲလင်းသန်း-ဒေါ်ချိုသက်ဆွေ၊ မအေးမြသီတာသန်း၊ ဒေါ်ဇွန်ကြည်သာဦး-ဦးသန့်ဇင်ဦး၊ ဒေါက်တာဆုမြတ်သွေး(DR REJUVE Clinic)၊ မမြတ်မှူးခင်၊ ဒေါက်တာဆုမြတ်ပိုင်(အလုပ်သင်ဆရာဝန်၊ သွားဘက်ဆိုင်ရာတက္ကသိုလ်၊ ရန်ကုန်)၊ မောင်ဝေယံဘုန်းမြင့်၊ မောင်ဝေယံလင်း၊ မောင်သက်ထူးအောင်တို့၏အဘွား၊မြစ် ၁၂ယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၄၀နာရီတွင် SSC အထူးကုဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ဆေးတက္ကသိုလ်(၂) ရန်ကုန်သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဒေါ်အမာလွင် (Peggy Kyaw Aung)

**(အလယ်တန်းပြဆရာမ၊ အထက-၃၊ မရမ်းကုန်း၊ ငြိမ်း)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့နေ (ရုပ်ရှင်မိတ်ကပ်ဒါရိုက်တာ ဦးကျော်အောင်-ဒေါ်ရီရီခင်)တို့၏သမီး၊ စစ်တွေမြို့နေ (ဦးအပါလွင်)(ဓာတ်ပုံ-အပါလွင်၊ စစ်တွေ)၏ညီမ၊ ရန်ကုန်မြို့နေ (ဒေါ်အတာလွင်)၏အစ်မ၊ ရန်ကုန်မြို့နေ ဦးသူရကိုကို-ဒေါ်စုစုထွေး၊ ဦးတင်မောင်ထွေး-ဒေါ်အိစပါယ်လွင်၊ ဒေါ်မိုးစပါယ်လွင်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဩဘာလမ်း၊ အမှတ် ၁၈ (ခုနစ်လွှာ)နေ (ဒေါက်တာဦးကိုကို)(ဂုဏ်ထူးဆောင်ကထိက၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၏ချစ်လှစွာသောဇနီးသည် ၁၈-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၈ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့်၁၂နာရီအထိ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၄လမ်း(အထက်)၊ အမှတ် ၁၁၄(ငါးလွှာ)နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဦးသန်းကြွယ်

**အသက်(၆၁)နှစ်**

ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၁၀)၊ သီဂီလမ်းသွယ်(၄)၊ အမှတ် ၁၂၀နေ (ဦးအေးမောင်)-ဒေါ်ခင်ရီတို့၏သား၊ ဦးစန်းနွယ်[ဒုညွှန်မှူး-ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဗိုလ်မှူး(ငြိမ်း)]၊ ဦးအောင်လွင်(သင်္ချာနည်းပြ)၊ ဦးအောင်ပွင့်-ဒေါ်မြမြသက်၊ ဦးဟန်မင်းဦး-ဒေါ်နွယ်နီအေးတို့၏အစ်ကိုသည် ၁၈-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁း၀၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၁၀-၂၀၁၈ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ဧမိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### နော်ဆီးဒီ(ခ)နော်လုရှာထူး

**အသက်(၆၀)**

ကယားပြည်နယ်၊ မော်ချီးသတ္တုတွင်းနေ (ဦးစောကွဲစံ-နော်မာဆယ်)တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်နေ (ဦးသိန်း)-ဒေါ်ကျင်ညိုတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာသုခလမ်း၊အမှတ် ၆၀၀/ကနေ ဦးအုန်းလွင်(ညွှန်ကြားရေးမှူး၊ သတ္တုတွင်းဦးစီးဌာန)၏ချစ်လှစွာသောဇနီး၊ မသဉ္ဇာမော်ဦး၊ မချမ်းမြေ့သဉ္ဇာ၊ မကြည်သာချမ်းမြေ့တို့၏ချစ်လှစွာသောမိခင်သည် ၁၇-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၁၀-၂၀၁၈ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဒုတိယအရာခံဗိုလ်စိုးကျော်ကျော်

**အမှတ်စဉ်(၂/၈၇)**

**လေ/၂၀၅၈၉**

**အသက်(၅၄)နှစ်**

မွန်ပြည်နယ်၊ မုပွလင်နေ (ဦးကျော်မြင့်-ဒေါ်စမ်းငွေ)တို့၏သား၊ (ဦးခင်သောင်း-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ (ဦးမိုးလတ်ကျော်)၊ ဦးမျိုးမြင့်ကျော်၊ တကကစန်းအောင်(ဒလခ)-ဒေါ်နှင်းလဲ့လဲ့ကျော်တို့၏အစ်ကို၊ ဦးအောင်မြင့်မြတ်-ဒေါ်နော်စေးဂေးဖော၊ (ဦးဇာနည်မင်း)-ဒေါ်စုမြင့်မြတ်၊ တကကထိန်လင်းအောင်-ဒေါ်ဟန်နီထက်တို့၏ဖခင်၊ စလခနေ ဒေါ်စိန်မြိုင်၏ခင်ပွန်း၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၁၈-၁၀-၂၀၁၈ရက် နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် နမ့်စန်မြို့မသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ရဲအုပ်သန်းထွန်း(ငြိမ်း)

**အသက်(၇၆)နှစ်**

နတ်တလင်းမြို့နေ (ဦးဘိုးရီ-ဒေါ်မယ်ဥ)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၁၉၊ မြို့ပတ်လမ်း၊ ကျောက်မြောင်း၊ ပုသိမ်ညွန့်ရပ်ကွက်နေ ဒေါ်ယဉ်မေနု၏ခင်ပွန်း၊ရဲမှူးကျော်ကျော်ထွန်း၊ဗိုလ်ကြီးဦးဇော်ဇော်ထွန်း(ငြိမ်း)၊ ဒေါ်နုနုထွန်း (Zenith Power Co., Ltd.)၊ ဒေါ်အိအိထွန်း (Zenith Power Co., Ltd.)၊ မသီရိထွန်း(ခ)April Tun၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၇-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၈ရက်(သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)**

### ဒေါ်ဖြူဖြူ

**(ဂျွန်မင်းသစ်ခွဲစက်နှင့် သစ်ရောင်းဝယ်ရေး)**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မင်းနန္ဒာလမ်းမ၊ အမှတ် (၂၆/ခ/၂၇)နေ (ဦးထွန်းရင်-ဒေါ်မိမိကြီး)တို့၏သမီး၊(ဦးသန်းတင်-ဒေါ်တင်လှ)တို့၏သမီးချွေးမ၊ ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)နာယက ဦးအောင်ဆန်း၏ ချစ်လှစွာသောဇနီးသည် ၁၇-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄း၃၀နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**

### ဒေါ်ခင်သန်းနှင်း

**တိုင်းကျော် သံဆိုင်၊ မုံရွာ**

**အသက်(၆၂)နှစ်**

မုံရွာမြို့၊ရုံးကြီးရပ်ကွက်၊ ဈေးလမ်းနေ ဦးတင်လှိုင် (အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)-ဒေါ်ညွန့်ရီတို့၏သမီး၊ဦးတင်လှိုင်-ဒေါ်သန်းသန်း (တိုင်းရင်း သံပန်းသံတံခါး)တို့၏သမီးချွေးမ၊ဒေါ်ခင်သန်းဝင်း၊ ဦးတင်မောင်သန်း-ဒေါ်ခင်သန်းအေး၊ ဒေါ်ခင်သန်းငြိမ်းတို့၏ညီမ၊ ဦးသန်းမင်းလှိုင်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးအောင်ချမ်းသာ - ဒေါ်ခင်သန်းကြွယ်တို့၏အစ်မ၊ မောင်ဝေဖြိုးသန်း-မအိဘွန်း၊ မောင်ပြည့်ဖြိုးသန်း၊ မနှင်းပွင့်ဖြူ မအိဖြူဇင်တို့၏အဒေါ်၊ ဦးသီလ(တိုင်းကျော် သံဆိုင်)၏ ချစ်လှစွာသောဇနီး၊ မောင်လှိုင်ဖြိုးသာ၊ မမေမြတ်သာတို့၏ ချစ်လှစွာသောမိခင်သည် ၁၇-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၁၀-၂၀၁၈ ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### ကိုတင့်လွင်ထွန်း(ခ) ထွန်းထွန်း(ခ)ဥက္ကာ(ပုသိမ်)

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ အမှတ် ၂နေ ဦးတင်ရိန်-(ဒေါ်ရင်အေး)တို့၏သား၊ ဦးမော်သန်းထိန် (မြန်မာ့စီးပွားရေးဘဏ်) - ဒေါ်သင်းသင်းခိုင်၊ ဒေါ်တင်မိုးခိုင်တို့၏အစ်ကိုသည် ၁၈-၁၀-၂၀၁၈ရက်နံနက် ၈း၂၀ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၈ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီ တွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဦးဆောင်းလတ်

**အသက်(၄၄)နှစ်**

(ဦးကျော်ဝင်း-ဒေါ်တင်တင်လှိုင်)တို့၏သားသည် ၁၇-၁၀-၂၀၁၈ရက် ညနေ ၅း၄၅နာရီတွင် ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်းဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၉-၁၀-၂၀၁၈ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၃)ရပ်ကွက်၊စေတနာ ၄လမ်း၊ အမှတ် ၄၉၅ နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

### ဦးသန်းလှိုင် (ဓနုဖြူမြို့)

**ဦးစီးအရာရှိ(ငြိမ်း)၊ လူမှုဝန်ထမ်းဦးစီးဌာန**

**အသက်(၈၉)နှစ်**

ဓနုဖြူမြို့နေ (ဦးခင်မောင်-ဒေါ်ကြင်မေ)တို့၏သား၊ (ဦးသန်းဆိုင်)-ဒေါ်စန်းရီ၊ ဦးဝင်းမြင့်-ဒေါ်ခင်စောဦးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ ၁၁လမ်း၊ အမှတ် ၂၀၃/၂နေ ဒေါ်ခင်ကြည်၏ခင်ပွန်း၊ ဦးဌေးလှိုင်(ဒု-ညွှန်ကြားရေးမှူး၊ ငပုတောမြို့နယ်၊ စည်ပင်)-ဒေါ်သီတာဝင်း၊ ဦးကျော်လှိုင်-ဒေါ်လှလှသန်း၊ ဦးသောင်းထွန်း-ဒေါ်သဇင်ဦး(ခေတ္တ-အမေရိကန်နိုင်ငံ)၊ ဦးဇော်မင်းလှိုင်(Asst.Mang;Gunkul Co.,Ltd)-ဒေါ်ယင်းမာဖြိုးတို့၏ဖခင်၊ မောင်သူရဌေးအောင်(Lizstar Shipping Co.,Ltd)၊ မဆုလာဘ်ရတနာ(အထက-၂၊ ရန်ကင်း)တို့၏အဘိုးသည် ၁၈-၁၀-၂၀၁၈ရက် နံနက် ၀၀း၁၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၀-၁၀-၂၀၁၈ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးလှကြိုင် (မော်လမြိုင်ကျွန်း)

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာ၊ အောင်ချမ်းသာ(၁)လမ်း၊ အမှတ်(၂ ခ)နေ ဒေါ်ကြည်ကြည်မြ(ခ)ဒေါ်ပိုးကြူး၏ခင်ပွန်း၊ (ဦးသက်လွင်)-ဒေါ်တင်တင်ညွန့်၊ ဦးတင်ထွန်း-ဒေါ်ရင်လှ၊ ဦးတင်ရွှေ-ဒေါ်လှလှ၊ (ဦးမြင့်အောင်)-ဒေါ်အေးအေးမူ၊ ဒေါ်လင်းလင်း၊ ဦးမောင်ချစ်-ဒေါ်နွဲ့နွဲ့ဝင်းတို့၏အစ်ကို၊ ကိုအောင်မျိုးဦး-ဒေါက်တာမြစံပယ်၊ ဒေါက်တာမင်းစိုးဝင်း-ဒေါက်တာသင်းသင်းမြတ်၊ ကိုမျိုးခိုင်-မဖွေးဖွေး၊ ကိုရဲခိုင်-မလှမျိုးသွယ်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၇-၁၀-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၄၅နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးတင်ဝင်းသျှင်(ရွှေမြန်မာစာ) (ချောက်မြို့)

**(မဟာထွန်းရပ်ရှင်)**

**အသက်(၇၇)နှစ်**

ချောက်မြို့၊ ရွှေတွင်းကုန်းရပ်နေ(ဦးဘရှင်-ဒေါ်မြတင်)တို့၏သား၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၅လမ်း(အလယ်)၊ အမှတ် ၁၇၃နေ ဇာတ်ညွှန်း-ဒေါ်ခင်လေးသိမ့် (မဟာထွန်းရပ်ရှင်)၏ခင်ပွန်း၊ ဒါရိုက်တာကြည်ဖြူသျှင်၊ မနုရွှေရည်၊ နန္ဒရဲရင့်ဝင်း-မအိသီရိဇော်တို့၏ဖခင်၊ ချောက်မြို့နေ ဦးရဲမြင့်သျှင်-ဒေါ်အေးအေးတို့၏ညီ၊ ဦးမျိုးမြင့်-ဒေါ်အေးသိန်း၊ (ဦးစိန်လှိုင်)-ဒေါ်ရင်သန့်တို့၏အစ်ကိုသည် ၁၈-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၆း၂၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၈ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### Rev. Dr. Moses Zung Hmung @ ကျော်ဝင်း

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၇၉)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ် ၁၄၄၅နေ (Pa Cong Ci-Nu Don Vang) တို့၏သား၊ (Pa Ral Bik), Rev.No Hmung, Nu Khuang Sung, (Nu Phun Zing), (Pa Khuang Sum), (Pa Khua Za Thang)တို့၏အစ်ကို၊ Nu Ngun Cing (မူ/အုပ်-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ Pa Zung Biak Mawi-Nu Htoo Do,Van Muang, Nu Nei Rem-Pa Aung Nei, Paul Cung Nung, Thian Nei Sang, Bawi Vum Thang, Ngun Bawi Thang, LaL Rem Mawi တို့၏ချစ်လှစွာသောဖခင်၊ Esther Van Sui Mawi ၏အဘိုးသည် ၁၆-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) ည ၇နာရီတွင် အရှေ့အနောက်ပါရမီဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၁၀-၂၀၁၈ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [နေအိမ်၊ ယုဇနဥယျာဉ်မြို့တော် (ပိတောက်လမ်းထိပ်)၊ မြောက်ဒဂုံကျောင်းလမ်းမှတ်တိုင်မှ ကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

---

### ဗိုလ်ကြီးကိုကိုထွေး(ငြိမ်း)

**တဇ(၁၃)၊ ကြည်း-၂၀၁၅၂**

**ဒုတိယအထွေထွေမန်နေဂျာ**

**MOGE၊ ချောက်/လမ်းရှာ ရေနံမြေ**

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခမြိုင်လမ်း၊ အမှတ် ၄၅နေ (ဆရာ ဦးတင်အောင်)-ဒေါ်နှင်းရွှေ(ဒု-ညွှန်မှူး၊ ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)တို့၏သားငယ်၊ ဒေါ်တတာလှဖေ (မော်လမြိုင်တက္ကသိုလ်၊ ပါမောက္ခချုပ်၊ ငြိမ်း)-ဆရာမ ဒေါ်မြင့်မြင့်တို့၏သားသမက်၊ ဒေါ်ခိုင်ခိုင်အောင်-ဦးစိန်ဌေး၊ ဦးကိုကိုလတ် (ညွှန်ကြားရေးမှူး DICA၊ ပဲခူးတိုင်းဒေသကြီး)-ဒေါ်ဇင်မာလှိုင်တို့၏မောင်/ညီ၊ ဒေါ်အေးအေးမော်(ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး)-ဦးတင်မောင်သန့်(ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်)၏အစ်ကို၊ ဒေါ်မြသီတာ၏ခင်ပွန်း၊ မောင် အောင်မော်ဟိန်း၏ဖခင်၊ မဇင်ဝေဝေခိုင်၊ မောင်ညီလွင်မင်း၊ မောင်ဝင်းလွင်အောင်၊ မတင်လဲ့ရည်ဝင့်တို့၏ဦးထွေးသည် ၁၈-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁း၅၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၈ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### မောင်လှမင်းသန့်

**3rd Years Mechatronics, TU (သန်လျင်)**

**အသက်(၂၂)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ် (ဦးသိန်းဒန်)-ဒေါ်စန်းရီသိန်း၊ (ဦးအောင်)-ဒေါ်စိန်ကြည်တို့၏မြေး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၁၇)လမ်းအရှေ့၊ အမှတ် (၁၅၆၄/ခ)နေ ဦးအောင်ကျော်ဇေယျ(MD Brighten Earth Co, Ltd)-ဒေါ်သန်းသန်းအောင်တို့၏ချစ်လှစွာသောသားကြီး၊ မချောသဇင်အောင်(STI Myanmar University)၊ မအိသဇင်သန့်(အမ-၁၉၊ သာကေတ)တို့၏အစ်ကိုသည် ၁၈-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၀၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၈ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# (၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကြီး ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုဖြင့် အားကစားအဖွဲ့ချုပ်က ဦးဆောင်ကျင်းပမည့် (၁၆) ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ (၁၆) ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကြီးကို အိမ်ရှင်မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ လာအို၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့်တီမောနိုင်ငံတို့မှ အားကစားမောင်မယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ ပြိုင်ပွဲကြီးကိုရန်ကုန်မြို့မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre (MCC) ခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ကစားနည်း ပြိုင်ပွဲအမျိုးအစား ၁၈ မျိုးပါဝင်ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီက “ ယခုလို နိုင်ငံတကာပြိုင်ပွဲတွေ ကျင်းပသလို၊ ပြည်တွင်းပြိုင်ပွဲတွေကိုလည်း အခါမလပ် ကျင်းပပေးပါတယ်။ နိုင်ငံတကာပြိုင်ပွဲကတော့ အရှေ့တောင်အာရှပွဲ၊ အာရှပွဲ၊ ကမ္ဘာ့အဆင့်ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ပြိုင်ပွဲတိုင်းမှာ ဆုတံဆိပ်တွေရခဲ့ပါတယ်။ အာရှအဖွဲ့ချုပ်နဲ့

*စာမျက်နှာ ၁၁ ကော်လံ ၁* ❍

# မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း အာရှ ယူ-၁၉ ခြေစစ်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်လူရွေးချယ်

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ အာရှ ယူ- ၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (စ) ပွဲစဉ်များ ယှဉ်ပြိုင်ရန် မြန်မာ ယူ- ၁၉ အမျိုးသမီးအသင်းသည် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**-ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်**- ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြ** - ဒေါ်စန်းစန်းမော်၊ ဒေါ်စန်းယုနိုင်၊ **ဂိုးနည်းပြ**- ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် **ဂိုး** - ဖူးလဲ့နဒီ၊ သရဖီအောင်၊ ထက်အိန္ဒြာလင်း၊ **နောက်တန်း** - နန်းဇူးဇူးထက်၊ မိုးမိုးသန်း၊ ကြည်ပြာလင်း၊ သီတာဝင်း၊ အိအိကျော်၊ ဇွန်ယုယဦး၊ နော်ထက်ထက်ဝေ၊

*စာမျက်နှာ ၁၂ ကော်လံ ၃* ❁



အာရှခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ- ၁၉ အမျိုးသမီးအသင်း။ ဓာတ်ပုံ-စိုးညွန့်

## ရွေးကောက်ပွဲရလဒ် ထုတ်ပြန်ကြေညာခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာခြင်း

၁။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲရလဒ် ကြေညာခြင်းများကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများတွင် ထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရွေးကောက်ပွဲရလဒ်နှင့်စပ်လျဉ်း၍ သတင်းရယူလိုသော နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပြည်တွင်းပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ မီဒီယာများနှင့် အခြားအဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံတွင် အောက်ဖော်ပြပါ ဖုန်းနံပါတ်များကိုဆက်သွယ်၍ သတင်းရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ရုံးဖုန်း | လက်ကိုင်ဖုန်း |
|---|---|---|---|
| (က) | ကချင်ပြည်နယ် | ၀၇၄-၂၁၆၇၈၊ | ၀၉-၆၉၉၆၃၇၉၉၅ |
| (ခ) | ချင်းပြည်နယ် | ၀၇၀-၂၁၅၉၉၊ | ၀၉-၈၉၄၄၆၅၂၂၀ |
| (ဂ) | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၂၇၇၄၊ | ၀၉-၄၂၀၆၈၇၈၆၈ |
| (ဃ) | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၂၀၂၄၊ | ၀၉-၂၅၅၀၆၆၀၆၁ |
| (င) | မကွေးတိုင်းဒေသကြီး | ၀၆၅-၂၁၅၆၂၊ | ၀၉-၆၉၅၄၂၉၄၆၈ |
| (စ) | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၆၉၀၄၂၊ | ၀၉-၈၉၄၆၆၆၇၄၀ |
| (ဆ) | ရခိုင်ပြည်နယ် | ၀၄၃-၂၂၈၈၇၊ | ၀၉-၈၉၉၁၀၉၂၂၉ |
| (ဇ) | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၂၃၀၆၂၉၃၊ | ၀၉-၈၉၉၀၃၈၀၀၀ |
| (ဈ) | ရှမ်းပြည်နယ် | ၀၈၁-၂၁၂၅၅၆၇၊ | ၀၉-၈၉၉၃၃၃၀၅၅ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယင်းကြေညာချက်များကို နေ့စဉ်စုစည်း၍ နိုင်ငံပိုင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညပိုင်းသတင်းအစီအစဉ်များတွင် ထပ်ဆင့်သတင်း ထုတ်ပြန်ကြေညာမည် ဖြစ်ပါသည်။ ထို့ပြင် နောက်တစ်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင်လည်း ထည့်သွင်း ဖော်ပြကြေညာမည် ဖြစ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၁၉) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီး အမျိုးသားဘောလုံးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားဘောလုံးအသင်းတို့သည် အောက်တိုဘာ ၁၉ ရက် ညနေ ၃နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်း၌ ယှဉ်ပြိုင်ကစားသွားကြမည် ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MRTV Digital Sport Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ ယင်းနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ စတင်၍ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝါရင့်နောက်ခံလူ ဇော်မင်းထွန်းကို မြန်မာ့လက်ရွေးစင်အသင်း အားဖြည့်ရွေးချယ်

**ရန်ကုန် အောက်တိုဘာ ၁၈**

၂၀၁၈ အာဆီယံ ဆုဇူကီးဖလားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ခံစစ်ပိုင်းအားဖြည့်ရန် ဝါရင့်နောက်ခံလူ ဇော်မင်းထွန်းကို အားဖြည့်ရွေးချယ် လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆုဇူကီးဖလား ပြိုင်ပွဲအတွက် စက်တင်ဘာ ၂၈ ရက်မှစ၍ လေ့ကျင့် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး အောက်တိုဘာ ၁၀ ရက်မှ ၁၆ ရက်အထိ နိုင်ငံတကာခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ ခံစစ်ပိုင်းလိုအပ်ချက်များ ရှိခဲ့သောကြောင့် ဝါရင့်နောက်ခံလူ ဇော်မင်းထွန်းကို ပြန်လည်ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပြီးခဲ့သည့် တစ်ပတ်အတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် အင်ဒိုနီးရှား၊ ဘိုလစ်ဗီးယား၊ ဘာရိန်းလက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းပွဲများတွင် ခံစစ်အမှားများခဲ့ပြီး သုံးပွဲတွင် ၁၀ ဂိုးအထိ ပေးခဲ့ရသောကြောင့် လူငယ်ကစားသမားများဖြင့် ဖွဲ့စည်းထားသည့်ခံစစ်ကို အားဖြည့်ရန် ဇော်မင်းထွန်းကို အားဖြည့်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် မြန်မာ့လက်ရွေးစင်အသင်းနှင့် လူငယ်လက်ရွေးစင်အသင်းများတွင် အုပ်ချုပ်သူအဖြစ် ကာလရှည်ဆောင်ရွက်ခဲ့သည့် မြန်မာ့လက်ရွေးစင်

*စာမျက်နှာ ၁၂ ကော်လံ ၄* ◆



မြန်မာ့လက်ရွေးစင်အသင်း၌ ထပ်မံရွေးချယ်ခံရသည့် ဝါရင့်နောက်ခံလူ ဇော်မင်းထွန်း။ ဓာတ်ပုံ-စိုးညွန့်

မြဝတီ- ကော့ကရိတ် အာရှလမ်းတွင် တွဲယာဉ်နှစ်စီး တိုက်မိပြီး မီးလောင်သဖြင့် သုံးဦးသေဆုံး စာ » ၁၃

ဂျာနယ်လစ်အသတ်ခံရမှုနှင့်ပတ်သက်၍ ဆော်ဒီအပေါ် အကာအကွယ်ပေးနေသည်ဟူသော စွပ်စွဲချက်ကို ထရမ့်ငြင်းဆို စာ » ၁၄

